


Scanned by CamScanner

# ဓိကိုရှူးဇင်

## ရှင်တစ်ယောက်တည်းပါပဲ


စာမူခွင့်ပြုချက်အမှတ် - ၁၂၉၅/၂၀၀၄ (၁၁)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၂၅၉/၂၀၀၄ (၁၁)

၂၀၀၅ ခုနှစ်၊ မတ်လ၊

ပထမအကြိမ်

တန်ဖိုး - ၃၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(၀၁၈၁၉) ချစ်မင်းလျှံစာပေ

အမှတ်-၄၃/က၊မလိခလမ်း၊၇-ရပ်ကွက်၊

မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၃၃) စေတနာOFFSET

အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊


Book Sharing


စေတနာ

စာပေ


# ဓိကိုရှူးဇင်



# ရှင်တစ်ယောက်တည်းပါပဲ

Scanned by CamScanner

ရှောင်နှဦး-၈၁၆၀

## အခန်း [ ၁ ]

ခင်တစ်ယောက်တည်း ထမင်းစားပွဲမှာ ငိုင်တွေစွာ ထိုင်နေတာကို ခင်စံမှို အံ့သြစွာဖြင့်ကြည့်လိုက်သည်။

ဒီမိန်းမ ...

အမြဲတမ်းပျော်ရွှင်စွာနေတတ်တဲ့မိန်းမတစ်ယောက် ပါ။

"ရှင် ... "

"ဟင် ... "

"ရှင်ဘာဖြစ်နေတာလဲ ... "

"စိတ်ညစ်လို့ ... "

"ဘာ ... "

"ခင် အရမ်းစိတ်ညစ်လို့ပါ ... "

Scanned by CamScanner

"ဘုရားရေ ... "

ရှင်ကအမြဲတမ်း ပြည့်စုံပြည့်ဝမှုတွေကိုပဲ ပိုင်ဆိုင်ထားတဲ့ မိန်းမပဲ။

ငွေကြေးချမ်းသား၍ မဟုတ်။

စိတ်ချမ်းသာအောင်နေတတ်တာတဲ့ ခင်ခင်ပြည့်ပါ။

"ခင်ဘာဖြစ်နေတာလဲ ... မို့ ကိုပြောပါ ... "

"မို ... "

"ဟင် ... "

"မောင် သစ္စာမဲ့သွားပြီ ... "

"ဘာ ... "

"နောက်တစ်ယောက်နဲ့ တွဲနေတယ်လေ... "

"ဟယ် ... "

မို အံ့သြစွာဖြင့် ကြည့်မိသည်။

ခင် ချစ်သူကိုကျော်ကျော်မောင်က ခင့်ကို အရမ်းချစ်သည်ဟု မို့တို့တွေအားလုံး လက်ခံသတ်မှတ်ထားခဲ့ကြ၏။

"ရှင့်ချစ်သူ ကိုကျော်ကျော်မောင်လေ ... "

"အင် ... "

"ဟုတ်ရဲ့လား ခင်ရယ် ... "

"ခင် သတင်းကြားတာပဲ ... "

"မိုတော့ ယုံတောင်မယုံဘူး ... "

မို ...



တကယ်ပဲ မယုံနိုင်အောင်ဖြစ်နေသည်။

ကိုကျော်ကျော်မောင်က ခင်နှင့်ငယ်ချစ်ဦးတွေဖြစ်ကြ၏။

တစ်ရပ်ကွက်ထဲနေကြတာပါ။

ကျောင်းနေဘက်တွေ။

"ကိုကျော်ကျော်မောင်က မို့အပေါ်အရမ်းချစ်တာပဲဟာ"

"သူ့အလုပ်က မိန်းကလေးတစ်ယောက်နဲ့ စားအတူ သွားအတူနေကြတာတဲ့ ... "

"ဟုတ်ရဲ့လားကွယ် ... "

"သတင်းတ အတိအကျရထားတာပါ ... "

"တို့ရပ်ကွက်ထဲက လူတစ်ယောက်အတိအကျ ပြောပြတာဟ ... "

"ဟင် ... "

"မောင် ... ငါ့အပေါ် ဒီလောက်အထိသစ္စာမဲ့လမ့်မယ်လို့ ငါ မထင်ဘူးမို ... "

ယောကျ်ားတွေ။

ဘာကြောင့်သစ္စာမဲ့ရတာလဲ။

မို ...

မကျေအနပ်ဖြစ်နေမိသည်။

ကိုကျော်ကျော်မောင်ကို ရိုးသားတဲ့လူတစ်ယောက်ဟုထင်မိ၏။

Scanned by CamScanner

ခင့်ကို အရမ်းယုယတာပဲ။

ချစ်ပြတတ်သည်။

"မို … "

"ပြော … "

"မောင့် ရုံးကိုခင်လိုက်သွားချင်တယ် … "

"သွားလေ … "

မို နှင့် ခင်က ရုံးရောက်မှ တွေ့ကြပေမဲ့ ငယ်သူငယ်ချင်းတွေလို ခင်မင်ခဲ့ကြသည်။

ခင် …

မိန်းမချောလေးပဲ။

ရိုးသားအေးချမ်းသူ။

ခင်သည် သူမ့ချစ်သူက အလှအပ ပြင်ဆင်တာ မကြိုက်ဘူးဆို၍ အလှအပတောင်မပြင်ပဲ နေတတ်သည်။

"မောင်က အလှအပပြင်တာ မကြိုက်ဘူးလေ … ခင် မပြင်တော့ပါဘူး … "

ခင်က ဒီလို မိန်းကလေးမျိုး။

ကိုကျော်ကျော်မောင် ကောင်မလေးတစ်ယောက်နဲ့တွဲနေတယ်ဆိုတာ အံ့ဩမိသည်။

မဖြစ်နိုင်ဘူးဟု ထင်မိ၏။

"မိုတော့ မယုံနိုင်အောင်ဖြစ်နေတယ် ရှင်နဲ့တွေ့ပြီးပြီလား"

"ဟင့် အင်း မနက်ကမှ ပြောလိုက်တာလေ မောင်နဲ့ မတွေ့



ဖြစ်ကြတာ နှစ်ရက်ရှိပြီ … "

"အရင်က ရှင်တို့နေတိုင်းတွေ့ ကြတာပဲ … မဟုတ်လား ခင် … "

"မောင်က ခင့်ကို အလုပ်တွေများနေတယ်လို့ အကြောင်းပြတယ်လေ … "

"ဟင် … "

"ခင်တို့သေချာအောင် သွားပြီးကြည့်ကြမယ် … "

"ကောင်းတယ်ခင် မိုလည်းလိုက်မယ် ရုံးကနေ ဘယ်လိုထွက်ကြမလဲ … "

"တို့ ဒီနေ့တစ်ရက် နေ့ဝက်ခွင့်ယူလိုက်မယ်လေ … "

"ကောင်းတယ် ခင် … ဒါရိုက်တာရုံးခန်းကို ရှင်သွားပြီး ခွင့်ယူလေ … "

"တို့နှစ်ယောက်သွားမယ် … လစာဖြတ်ချင်လည်း ဖြတ်ပါစေဟာ … "

ခင့်ရင်ထဲမှာ မီးတောက်နေပြီ။

မောင် …

ဘာလို့ သစ္စာမဲ့ရတာလဲ။

ခင်နဲ့မောင်က ငယ်ချစ်သူတွေ။

အထက်တန်းကျောင်းသားဘဝတည်းက ချစ်လာကြသူတွေ။

ခင့်ရင်ထဲမှာ နာကျင်မှုန်းကျပ်ပြီး ဆောက်တည်ရာ

Scanned by CamScanner

မရအောင် ဖြစ်ရသည်။

"ခင် မောင့်ကို အချစ်ကြီးချစ်ခဲ့တာပါ … မျှော်လင့်ချက်တွေ ကြီးမားခဲ့ရတာပါ … "

"ခင်ရယ် … "

မို့ပင် စိတ်မကောင်းဖြစ်ရသည်။

ခင်နှင့် ချစ်သူတွေဖြစ်ကြတာ လေးနှစ်လောက် ရှိပြီပဲ။

"လာလေခင် တို့ဒါရိုက်တာရုံးခန်းဝင်မယ် … "

"အင်း … "

နှစ်ယောက်သား ဒါရိုက်တာရုံးခန်းထဲဝင်ပြီး ခွင့်တိုင်ကြသည်။

ယောကျ်ားတွေ သိပ်မုန်းစရာ ကောင်းတာပဲ။

ဘာဖြစ်လို့များ သစ္စာမဲ့ရတာလဲ။

မို့ရင်ထဲမှာ ဒေါသဖြစ်ပြီး မျက်နှာထားက တင်းမာနေသည်။

ဒါရိုက်တာ၏ ရှေ့ရောက်တဲ့အထိ မျက်နှာကျောက မပျော့ပေ။

"ခင်စံမို … "

"ရှင်… "

"မင်းတို့ခွင့်တိုင်ပြီး ဘယ်သွားမလို့လဲ… "

မျက်နှာကြီးတွေ စူပုပ်နေ၍ ဒါရိုက်တာက စိတ်ပူ



ပြီးမေးသည်။

"ဟို … ဟို … မို့တို့ မို့တို့ … "

မို့ဘာပြောရမှန်းမသိဘဲ ခင့်ကိုလှမ်းပြီး အကူအညီတောင်းသလိုကြည့်မိသည်။

ဒုက္ခပဲ။

မို့က မလိမ်တတ် … ။

"ကျွန်မအစ်မ ဆေးရုံတင်ထားရလို့ သွားကြည့်မလို့ပါ … "

"ဟုတ်ရဲ့လား ခင်ခင်ပြည့် … မင်းတို့ကြည့်ရတာ ရန်ဖြစ်ထားသလိုပဲ … "

"မဟုတ်ပါဘူး … တကယ်ပါ … ကျွန်မတို့မှာ ရန်ဖြစ်စရာအကြောင်းမှ မရှိတာဘဲ … "

တော်တော် အစစ်အဆေး အမေးအမြန်းထူတဲ့ ဒါရိုက်တာပဲ။

ဒီ မျက်နှာကျောကို လျှော့ပစ်လိုက်မိသည်။

"မို့တို့က မိန်းကလေးတွေနော် စိတ်လိုက်မာန်ပါ ဘာမှ မလုပ်ကြနဲ့ … "

"ရှင် … "

"ကိုယ်က စေတနာနဲ့ သတိပေးတာပဲ … "

သူမတို့ထွက်လာခဲ့ကြသည်။

"ဟွန်း… ယောကျ်ားတွေ ဘယ်သူမှ မယုံရဘူး။ မိန်းကလေးတွေဆိုရင် စေတနာထားခင်ကြတယ် … "

မှိုက မဆီမဆိုင် ဒါရိုက်တာကို အမြင်ကတ် သွားမိသည်။

"ဟို မိန်းမကလည်း ကိုကျော်ကျော်မောင်မှာ ချစ်သူရှိတယ်ဆိုတာ သိသိကြီးနဲ့ဟာ ... "

"မသိလို့ ဖြစ်မှာပေါ့ မှို ... "

"ဘာလို့ မသိရမှာလဲ ... "

"မောင်က လိမ်ထားမှာပေါ့ ... အခုတလော ခင် သူ့ရုံးကို လာမယ်ဆိုရင် အလာမခံဘူး တားဆီးနေတယ်လေ ... "

"ဟုတ်လား ... "

"ဟုတ်စာယ် မှို ... မောင့်အမူအရာတွေ ပျက်နေတာကြာပြီ ... "

"ဟင် ... "

"ခင် အ,တာပါ ... မောင့်ကို အရမ်းယုံကြည်မိသွားတယ်ကွာ ... "

"ဘာဖြစ်ဖြစ်ကွာ ... ရှင့်အပေါ်တော့ ဒီလောက်အထိမရက်စက်သင့်ပါဘူး။

မှို ...

မကျေမနပ်ဖြစ်မိသည်။

ခင်က အရမ်းသစ္စာရှိတာပဲ။

ကိုကျော်ကျော်မောင်အပေါ် အချစ်ကြီးပြီး ချစ်သူ့စကားကို တစ်သဝေမတိမ်း လိုက်နာနေတတ်သူဖြစ်သည်။



ခင်အလုပ်တာဝန်မှာပဲ ငြိမ်သက်စွာ ထိုင်နေတတ်၏။

"ခင် အပြင်မှာ တစ်ခုခု သွားစားရအောင်ကွာ ... "

"မဖြစ်ဘူးမှို ... မောင်က အပြင်ထွက်တာ မကြိုက်ဘူး ... တခြားယောက်ျားလေးတွေနဲ့ စကားပြောတာလည်း မကြိုက်ဘူး ... "

ကိုကျော်ကျော်မောင် မကြိုက်တာ ခင်ဘယ်တော့မှ မလုပ်ခဲ့ပေ။

ချစ်သူအပေါ်လည်း သစ္စာရှိလိုက်တာ။

တကယ့်ကို မြေဝယ်မကျနားထောင်တာ။

ခင့်မျက်နှာပေါ်မှာ သနပ်ခါးရေကျဲက လွဲပြီးဘာမှမရှိ။

မိတ်ကပ်. နှုတ်ခမ်းနီမချယ်သ။

မောင်ကမကြိုက်လို့တဲ့။

ခင်ဘယ်လိုဖြစ်ရတာလဲ။

စိတ်မကောင်းစရာပင်။

ယောကျ်ားတွေက မိန်းကလေးအပေါ် နည်းနည်းမှ ထောက်ထားညှာတာမှု မရှိတော့ဘူးလား။

မုန်းလိုက်တာ။

"ခင် ... "

"ဟင် ... "

Book Sharing

Scanned by CamScanner

"သွားစို့ ... "

ခင်စိတ်တွေ ဘယ်လောက်အထိ ထိခိုက်ကြေကွဲနေမယ်ဆိုတာ မိုသိနေသည်။

ချစ်သူအပေါ် အရမ်းချစ်တတ်တဲ့ခင်ပဲ။

ကိုကျော်ကျော်မောင် ရုံးကို ရောက်တော့ ခင် စိတ်တွေ ချောက်ချားလာပြီး တစ်ကိုယ်လုံး တုန်တုန်ရီရီ ဖြစ်လာသည်။

"မို ခင်မတွေ့ရဲတော့ဘူး ... အရမ်းကြောက်တယ် သူ ... သူ့ကို မိန်းကလေးတစ်ယောက်နဲ့ တွဲပြီး ခင်မကြည့်ရဲဘူး"

"ခင်ကလည်း ဟယ် ... ဘာကြောက်စရာရှိလဲ ... ကိုကျော်ကျော်မောင်က ရှင့်ချစ်သူပဲဟာ ... "

ခင်တုန်ရီနေဆဲပင်။

ချစ်သူဘဝတောင် ဒီလောက်ခင်ခံစားနေရတာ အိမ်ထောင်ရှင်မိန်းမတစ်ယောက်ဘဝဆိုရင် မတွေးရဲတော့။

"ခင် မသွားတော့ဘူး ... မောင့်ကိုပဲ မေးတော့မယ် ... မို နေပစေကွာ ... "

"ဟာကွာ ... ခင်ကလည်း ရောက်လာပြီးမှ တွေ့လိုက်ပါ... ကို ကျော်ကျော်မောင့်ကို မေးနေရင် ရှင့်ကို မဟုတ်ပါဘူးလို့ လိမ်မှာပဲ ... မျက်နှာချင်းဆိုင်ရှင်းလိုက်စမ်းပါ ... "

"ခင်ကြောက်တယ်... "

"ဘာကိုလဲ ... "

"သူ့ကို ... "



"သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ကို ဘာလို့ရင်မဆိုင်ရဲရမှာလဲ ခင် ... "

ခင် ...

ထိုင်နေသည်။

အင်အားတွေချည့်နဲ့နေ၏။

ရုံးနားရောက်နေမှ ခင်က မတွေ့ရဲဘူးဖြစ်နေသည်။

"မင်းမတွေ့ရဲရင်လည်း မိုပဲသွားတွေ့မယ် ... "

"မို ... "

"ရှင်သိချင်နေတာမဟုတ်လား ခင် ... "

"အင်း ... "

"မို သွားကြည့်မယ် ... သူတို့ကတစ်ခန်းထဲဆိုတော့ ဘယ်လိုအခြေအနေမျိုးတွေ့မလဲ မသိဘူး... "

"ခင် ... မောင်နဲ့ပဲ ရှင်းတော့မယ် ... သွားမတွေ့ပါနဲ့ မိုရာ... "

ခင်မတွေ့ချင်တော့။

မောင်နောက်တစ်ယောက် တွဲနေတာကို ခင်မမြင်ချင်တော့။

"မောင် ပြောတာပဲ ခင် ယုံလိုက်တော့မယ် ... "

"ဘာ ... "

"မောင်က မဟုတ်ပါဘူး ... ခင့်အပေါ် ဘယ်တော့မှ သစ္စာမဖောက်ပါဘူးဆိုတဲ့စကားကိုပဲ ယုံလိုက်တော့မယ်မို ... "

"ခင် ... "

"ခင် မစံစားနိုင်လို့ပါ ... "

"ဒုက္ခပါပဲခင်ရာ ... "

"ပြန်စို့ ... "

"ဒီနေ့ စွင့်ယူလာတယ်လေ ... ခင်က ဘယ်ကိုပြန်မှာလဲ"

"တစ်နေရာရာပေါ့ ... တို့တွေတစ်နေရာရာ သွားလိုင်ကြမယ်လေ ... "

မှီ စိတ်ပျက်ပြီး ကိုကျော်ကျော်မောင် ပုံးဘက် လှမ်းကြည့်လိုက်မိသည်။

"ဟင် ခင် ဟို ... ဟိုမှာ... "

ကိုကျော်ကျော်မောင်နှင့် မိန်းကလေးတစ်ယောက်တွဲပြီး လျှောက်လာနေကြသည်။

ခင်ကမတွေ့ချင်ပါဘူးဆိုမှ ကိုကျော်ကျော်မောင်ကို မိန်းကလေးတစ်ယောက်နဲ့ တွဲပြီးလာတွေ့နေရ၏။

"ခင် ... "

"မှီ ... "

"ဟုတ်တယ် ... သေချာတယ် ... ရှင့်ချစ်သူက သစ္စာမဲ့သွားတာပဲ ခင် ... လာ ... သွားပြီးဖြေရှင်းကြမယ် ခင် ... "

"ဟင်အင်း ... ခင် မသွားဘူး ... မရှင်းရဲပါဘူး မှီ ... ထားလိုက်ပါတော့ကွာ ... "

"ခင် ... "



မောင်သည် မိန်းမချောလေးတစ်ယောက်နဲ့တွဲလာတာခင်တွေ့လိုက်ရသည်။

ကောင်မလေးက မောင့်လက်မောင်းတွေကို တွဲချိတ်ထားမှတော့ သေချာသလောက်ဖြစ်သွားရ၏။

အမှန်တွေပဲ။

ခင် လက်မခံချင်။

မောင့်ကို မေးလျှင် မိတ်ဆွေသူငယ်ချင်းတွေပါဟု ပြောမလား။

ခင် ယုံချင်သေးသည်။

"ပြန်မယ် ... "

"ခင် ... "

"ပြန်မယ်ဟာ ... "

ခင်က မှီလက်ကို အတင်းဆွဲပြီး ခေါ်သွားတော့သည်။

"ခင် သတ္တိရှိရှိနဲ့ ရှင်းပစ်လိုက်စမ်းပါ ... "

"ဟင် အင်း ... "

"ရှင့်လူရဲ့ လိမ်ညာစကားတွေကို ရှင် ယုံကြည်လက်ခံနေဦးမှာလားခင် ... "

ခင်ငြိမ်သက်စွာဖြင့် ခြေလှမ်းတွေကိုပဲ ခပ်သွက်သွက်လှမ်းနေမိသည်။

မှီ မကျေမနပ်ဖြစ်နေ၏။

Scanned by CamScanner

"မုန်းတယ် ... ယောက်ျားတွေ အရမ်းမုန်းစရာ ကောင်းတာပဲ ... "

မို ဒေါသဖြစ်ဖြစ်နှင့် မကျေမနပ်ပြောလိုက်မိတော့သည်။



ရောင်နီဦး-စာပေ

အခန်း [ ၂ ]

မို တစ်ညလုံး အိပ်မရ။

ခင်ဘယ်လိုနေမလဲ။

ကိုကျော်ကျော်မောင် ကောင်မလေးတစ်ယောက်နဲ့တွဲတာ ခင်ကိုယ်တိုင်မြင်တွေ့သွားပြီပဲမဟုတ်လား။

ယောက်ျားတွေ ...

ကြည့်စမ်း ...

လုံးဝ သစ္စာမရှိဘူး။

ဒါကြောင့် ...

မို ချစ်သူလုံးဝမထားတာ။

ခင့်လို ရိုးသားဖြူစင်တဲ့ မိန်းကလေးအပေါ်မှ သစ္စာမဲ့ရက်တယ်။

Scanned by CamScanner

ကိုကျော်ကျော်မောင်နှင့်တွဲတဲ့ မိန်းကလေးက ... ခေတ်ဆန်သူ။

အရုပ်ကရုပ်ရှည်။

ကိုယ်လုံးကိုယ်ပေါက်က ခင့်ထက် တောင့်ဖြောင့်သူဖြစ်သည်။

ယောကျ်ားတစ်ယောက်ကို အရမ်းကြင်နာတတ်တာပဲတဲ့ မိန်းကလေးတဲ့။

ဟွန်း ... ။

အလကားလူတော့။

မိုတော့ အထင်မကြီးပါဘူး။

တော်ပြီ။

ခင်ဘယ်တော့မှ ချစ်သူထားဖို့ စိတ်မကူးတော့ဘူး။

ညက အတော်လေးအိပ်ပျော်အောင် ကြိုးစားပြီး အိပ်ရသည်။

မနက်ကျတော့ နေမြင့်သွားလို့ မို ကပျာကယာထပြီး ပြင်ဆင်ရ၏။

"မို... "

"ရှင် မေမေ ... "

"ဘယ်လိုဖြစ်လို့ ဒီလောက်အထိ ပျာယာခတ်နေရတာလဲ"

မေမေသည် စည်းစနစ်ကြီး၍ အချိန်ကိုလေးစားသူဖြစ်သည်။



မိုနောက်ကျတာကို မေမေသိသွား၏။

"အဲဒါ မဖြစ်သင့်ဘူး မို ... မိန်းကလေးဆိုတာ စည်းစနစ်ရှိပြီး အချိန်ကို လေးစားသင့်တယ် ... အခုတော့ ပျာယာခတ်နေပြီ ... အဲဒါမကောင်းတာပဲ ... "

မေမေက တစ်ဦးတည်းသော သမီးပေမဲ့ စည်းကမ်းနှင့် အုပ်ချုပ်သည်။

အလိုမလိုက်ပေ။

"နောက်ဆို ဒါမျိုးနေမြင့်မှ နိုးတတ်တာမျိုး ... မေမေ လုံးဝ သဘောမကျဘူးနော် ... "

"ဟုတ်ကဲ့ပါ မေမေ ... "

"ညက သမီးအိပ်လို့မပျော်ဘူးလား ... "

"ဟုတ်တယ်မေမေ ... "

မေမေက လိမ်ညာပြောတာကို လုံးဝလက်မခံပေ။

"ဘာဖြစ်လို့ အိပ်မပျော်ရတာလဲ ... သမီးနေမကောင်းလို့လား ... "

"နေကောင်းပါတယ် မေမေ ... ခင်အကြောင်းတွေ တွေးမိနေလို့ပါ ... "

"ခင်ဘာဖြစ်လို့လဲ ... "

ခင့်ကိုသည်း မေမေက သမီးတစ်ယောက်လို ချစ်သည်။

မိုတို့အိမ်မှာ လာပြီး စားအိမ်သောက်အိမ်ဖြစ်နေ၏။

"ခင်တို့ဗျစ်သူနှစ်ယောက်အကြောင်းပါ မေမေ ... "

"ဟင် ... "

"ကိုကျော်ကျော်မောင်က နောက်တစ်ယောက်နဲ့ တွဲနေတယ် ... "

"ဟင် ... "

မေမေပင် အံ့အားသင့်သွားသည်။

"ယောကျ်ားတွေအကြောင်း မို စဉ်းစားနေတာပါ မေမေ... အရပ်းမှန်းစရာကောင်းတာပဲ သစ္စာမရှိကြဘူး ... "

"အဲ့ဒါတော့ ယောကျ်ားတိုင်းကို ပြောလို့မရဘူး မို မေမေ လက်မခံဘူး ... "

"ဘာလို့လဲမေမေ ... "

"သမီးဖေဖေဆိုရင် မေမေ့အပေါ် ဘယ်လောက်သစ္စာရှိလဲ နိုင်ငံခြားမှာ အလုပ်သွားလုပ်နေတာတောင် မေမေ့အပေါ် မဖောက်ပြန်ဘူး ... "

မေမေကတော့ မိသားစုအပေါ် တာဝန်ကျေတဲ့ ယောကျ်ားတစ်ယောက်ပဲ။

"လူဆိုတာ သူ့အကျင့်နဲ့သူပဲ သမီးရယ် ... "

ဖေဖေက သစ္စာရှိပေမဲ့ ကျန်းမာရေးချို့တဲ့သဖြင့် မြန်မာပြည်ကို ပြန်ရောက်လာပြီး ကွယ်လွန်သွားခဲ့သည်။

ငွေကြေးလည်း အတော်လေးကုန်ဆုံးသွားခဲ့၏။

တိုက်ခန်းတစ်ခန်းနှင့် အတွင်းပစ္စည်းတွေပဲကျန်ခဲ့သည်။

မေမေက စီးပွားမရှာတတ်။

မိုဆယ်တန်းအောင်တဲ့အထိ ရှန်းကန်ပြီး ပညာသင်ခဲ့ရသည်။

သမီးကံကြမ္မာပဲဟု မေမေက မကြာခဏ ပြောတတ်၏။

"မို ... "

"ရှင် မေမေ ... "

"အရာရာကို ဒီလောက်အထိ စိတ်ခံစားမနေနဲ့ ... သူ့အကြောင်းနဲ့သူပဲလေ ... မေမေကတော့ဘာကိုမှ မုန်းတီးနာကြည်းနေတာမျိုး မကြိုက်တာပဲ ... "

သမီးကို အိမ်ထောင်ပြုစေချင်တဲ့ ဆန္ဒရှိနေသည်။

မိမိမရှိတော့ရင် ...

သမီးတစ်ယောက်တည်းဘဝကိုရုန်းကန်နေမဲ့အရေးကို တွေးပြီးစိတ်ပူမိ၏။

ဒေါ်လေးမို စဉ်းစားနေသည်။

သမီးအား သင့်တော်တဲ့လူတစ်ယောက်နှင့် လက်ထပ်ပေးဖို့ပဲဖြစ်၏။

စိတ်မအေးရဘူး။

မိုက မိန်းမချောလေး။

လိမ္မာသည်။



Book Sharing

Scanned by CamScanner

ဒါပေမဲ့ ...

စိတ်မချဘူး။

"မို ရုံးသွားတော့မယ် မေမေ ... "

"အေး ... အေး ... "

မိုမေမေ့ကို နှုတ်ဆက်ပြီး ကပျာကယာထွက်လာခဲ့သည်။

ကားဂိတ်မှာ ခင်ရပ်နေ၏။

"ခင် ... "

"မို ... "

"ငါနောက်ကျသွားလို့ နင်သွားပြီးထင်နေတာ ... "

"ဟင် အင်း ... "

ခင် ငိုင်တွေနေဆဲပင်။

"ခင် ... "

"ဟင် ... "

"ကိုကျော်ကျော်မောင်နဲ့တွေ့ပြီးပြီးလား ... "

ခင်တို့ရပ်ကွက်နှင့် မိုတို့ရပ်ကွက်က သိပ်မဝေးပေ။

ကားမှတ်တိုင်မှာ လာဆုံတတ်ကြသည်။

"မတွေ့သေးဘူး ... "

"ရှင့်ကိုလာမတွေ့ဘူးလား ... "

"ဟင်အင်း ... "

"ရှင်ကရော ... "



"မတွေ့ဘူး ... "

"ဘာလို့လဲ ... "

"မောင့်စကားတွေကို မကြားရဲလို့ပါ ... "

"ခင်ရယ် ... "

ခင့်လက်လေးကို ကြင်နာစွာဖြင့် ဆုပ်ကိုင်ထားမိသည်။

ရှင်ဘယ်လောက်အထိခံစားနေရမလဲဆိုတာ မိုသိနေ၏။

ခင်က မချမ်းသာပေမဲ့ သိပ်အဆင်းရဲကြီးတော့မဟုတ်။

မိုတို့လိုပါပဲ။

အသင့်အတင့်နေထိုင်စားသောက်နိုင်တဲ့ သူတွေဖြစ်သည်။

"ရှင်တွေ့ပြီး အပြတ်ရှင်းလိုက်လေ ... "

"မို ... "

"ဟင် ... "

"ခင် အရမ်းခံစားနေရတယ် ... "

"သစ္စာမရှိတဲ့ ယောကျ်ားအတွက် ရှင်ဒီလောက်အထိ မခံစားသင့်ဘူးခင် ... "

"ခင်ရဲ့ ချို့ယွင်းချက်တွေကြောင့်ပါ ... "

"ဟင် ... "

ဘုရားရေ ...

ခင်ဒီလောက်ရိုးအတာပဲ။

ချစ်သူ့အပေါ်လည်း သစ္စာရှိလိုက်တာမပြောနှင့်တော့။

"ခင်အပြစ်ဟုတ်လား ... "

ခင်က ကိုကျော်ကျော်မောင်အပေါ် ခွင့်လွှတ်ချင်သေးသည်။

"ခင်က ရိုးရိုးကြီး နေတတ်တာပဲ မို မောင့်ကိုအယုအယ အကြင်နာတွေ မပေးတတ်ဘူး ... "

"ဘုရားရေ ... "

"ခေတ်လည်းမမှီဘူးလေ ... "

"ရှင်အဆက်ကပဲ အလှအပတွေ ပြင်တာ မကြိုက်ဘူးဆို"

"အင်းလေ ဒါပေမဲ့ ... ခင့်ထက်အကြင်အနာပေး တတ်ပြီး အလှအပပြင်တတ်တဲ့ မိန်းမနဲ့တွေ့တော့လည်း ဒီမိန်းမနောက် ပါသွားတာပေါ့ မို ... "

"ဒီလူ့ကို ရှင် ခုထိ မမုန်းသေးဘူးလား ခင် ... "

"ဟင့် အင်း ... "

"ဘုရားရေ ... "

မိုအံ့သြနေမိသည်။

"ခင်လည်း အလှအပတွေ ပြင်ရမယ်ခင် ... "

သစ္စာမရှိတဲ့ယောက်ျားတစ်ယောက်ကိုမှ ခင်ဘာဖြစ်လို့ ဒီလောက်အထိ ချစ်ခင်တွယ်တာနေရတာလဲ။



မို စဉ်းစားမရ၊

"မို ... "

"ဟင် ... "

"သူ့ စိတ်တွေ ပြန်လည်လာအောင် ကိုယ်ကြိုးစားကြည့်ချင်တယ် ... "

"မိုကတော့ ဒီလူ့ကို မေ့ပစ်လိုက်တာ အကောင်းဆုံးပဲ လို့ထင်တယ်ခင် ... "

"ဟင့် အင်း ... "

"မေ့လို့မရဘူးဆိုပါတော့ ... "

"အင်း ... "

"သေလိုက်တော့ ... "

မို မပြောချင်တော့။

ဖယ်ရီလာသဖြင့် ကားပေါ်တက်လိုက်ကြသည်။

ခင် မှိုင်နေ၏။

မိုကတော့ ဒီလူ့ကို မေ့မရတဲ့ ခင့်ကို စိတ်ပျက်မိသည်။

ခင် ဘာတွေလုပ်မှာလဲ။

ဒီလူ့ကို ရှင်းဆိုတော့လည်း ခင်မရှင်းရဲပေ။

ဇာတ်သိမ်းကို ခင် ရင်မဆိုင်ရဲ၍ပဲ ဖြစ်နိုင်နေသည်။

မပြောတော့။

ရုံးရောက်လာသည်။

Scanned by CamScanner

"ခင်စံမို ... "

"ရှင် ... "

"မင်းကို ဒါရိုက်တာကတွေ့ချင်လို့တဲ့ ... "

"ဟုတ် ... "

ရုံးရောက်ရောက်ချင်း ဒါရိုက်တာက ခေါ်တွေ့ချင်တယ်ဆို၍ မိုလန့်သွားရသည်။

ဘာကြောင့်လဲ။

ပြောဆို ဆုပွက်စရာရှိမှသာ ဒါရိုက်တာက ခေါ်တွေ့ခြင်းဖြစ်သည်။

ဘုရားရေ ...

ဘာတွေဖြစ်ကုန်ပြီလဲ။

"မို ဘာဖြစ်လို့ ခေါ်တာလဲ ... "

" မသိဘူး... "

"တို့ မနေ့က ခွင့်ယူပြီးလျှောက်သွားနေလို့လား မသိဘူး"

"ထင်တာပဲ ... "

ဖြစ်နိုင်တာက ခင်နဲ့မို မနေ့က စကားကွင်းတွေလျှောက်သွားပြီး အချိန်တွေ ဖြုန်းနေခဲ့ကြသည်။

အဲ့ဒါပဲနေမှာပါ။

မိုလန့်တော့လန့်နေသည်။

ဒါရိုက်တာဆုပွက်မှာတဲ့ မိုတို့ပေါ့လျှော့တာ မေမေသိသွားမှာပဲဖြစ်၏။



"သွားတော့မယ် ... "

"မို ... "

"ဟင် ... "

"ခင်ကြောင့် ... "

"ရပါတယ်ခင် မိုမကြောက်ပါဘူး ကိုယ်ဟာ ကိုယ်ခွင့်ယူပြီးသွားတာပဲ ... "

ဟုတ်တယ်လေ။

မိုတို့ မဟုတ်တာလုပ်ထားမဟုတ်ဘူး။

ခင့်ကိုလည်းအပြစ်တင်လို့မဖြစ်ပေ။

ဒီလောက်တော့ရှိမှာပဲ။

"သွားမယ် ... "

မို စိတ်တွေကို တင်းပြီးဒါရိုတ်တာ အခန်းထဲ ဝင်လိုက်မိသည်။

ဒါရိုက်တာရှေ့လျှောက်သွား၏။

"ဟင် ... "

ဒါရိုက်တာက သူမတို့ဆရာ ဦးနောင်နောင် မဟုတ်ပဲ နောက်တစ်ယောက်ဖြစ်နေတော့သည်။

အရင်က ...

ဆရာ ဦးနောင်နောင်အခန်းပါ။

"ခင်စံမိုလား ... "

"ဟုတ်ပါတယ် ... "

"ထိုင် ... "

"ဟုတ် ... "

ဒါရိုက်တာအသစ်လား။

ဘာကြောင့် ဒီစားပွဲမှာ ထိုင်နေရတာလဲ။

ဆရာနောင်ရော။

ခင်စံမိုတို့တွေ သဘောကောင်းသော ဆရာနောင့်ကို နိုင်ကြသည်။

မကြောက်ကြ။

ဒီလူ ...

"ဟို ... ဟို ... ဆရာနောင် ... "

"ဆရာနောင် ... အနားယူသွားပြီး ကိုယ်က ဒါရိုက်တာအသစ်ပဲ ခင်စံမို ... "

ဒါရိုက်တာအသစ်တဲ့။

အသက်အရွယ်က သိပ်မကြီးသေးပဲ မိုတို့ထက် နည်းနည်းပဲကြီးမည်။

"ခင်စံမို ... "

"ရှင် ... "

"မင်းကို ရာထူးတိုးပေးဖို့ ဆရာနောင်က ထောက်ခံတယ်လေ ... "

"ရှင် ... "

"မင်း ကိုယ်လက်အောက်မှာ နေရမယ် ... "



"ရှင် ... "

"ဒီ စားပွဲကိုင်ရွှေ့ခဲ့ပါ ... "

ဒါရိုက်တာနှင့် တစ်ခန်းထဲမှာနေရမယ့်ဆို၍ ခင်စံမို လန့်သွားရသည်။

ဦးနောင်ရဲ့ လက်ထောက်က အလုပ်က ထွက်သွားပြီတဲ့။

"ကိုယ်လက်ထောက်ပေါ့ ... "

"ရှင် ... "

"မင်းပဲ အစွမ်းအစရှိတယ်တဲ့ စည်းစနစ်လည်းရှိတယ်တဲ့ ရိုးသားတယ်တဲ့ ... "

ဦးနောင်က မိုရဲ့ အရည်အချင်းကို အမြဲတမ်းချီးမွမ်းတတ်သည်။

ဘာသာစကားနှစ်မျိုးလောက် ကျွမ်းကျင်ပြီး စည်းစနစ်ရှိ၏။

မေမေကြောင့်ပါ။

သမီးမှာ ကိုယ်ရည်ကိုယ်သွေးတက်နေစေရန် မေမေက အမြဲတမ်း နည်းလမ်းပြပြီး လေ့ကျင့်ပေးနေတတ်သည်။

"မင်း လုပ်မယ် မဟုတ်လား ... "

"ဟုတ် ... ဟုတ်ကဲ့ ... "

မို ဟုတ်ကဲ့ဟုပဲ ပြောလိုက်ရတော့သည်။

ရာထူးတက်တာပဲ။

Scanned by CamScanner

"ကောင်းပြီး မင်းပစ္စည်းတွေယူပြီး ဒီစားပွဲကိုရှေ့ခဲ့တော့ ပြော် ကိုယ်နဲ့ မိတ်ဆက်ပေးရဦးမယ် ... ကိုယ့်နာမည်က ခန့်သော်တဲ့ ... "

"ဟုတ်ကဲ့ ... "

"မင်းသွားလို့ရပြီ ... "

"ဟုတ် ... "

မှီ ...

ထလိုက်သည်။

ဒါရိုက်တာက ဆူမယ်ထင်တာ။

မထင်မှတ်ဘဲ ရာထူးတွေပင် တိုးသွားရသည်ဖြစ်သည်။

ခင်နဲ့တော့ကွဲသွားပြီ။

ဒါရိုက်တာအခန်းကနေထွက်လာခဲ့ပါသည်။

"မှီ ... "

ခင်က စိတ်ပူပြီးမေးနေသည်။

မှီ ရုတ်တရက် မပြောနိုင်သေးဘဲ စားပွဲမှာ ထိုင်လိုက်မိ၏။

"မှီ ... ရှင် ... ရှင် ... "

"ဟူး ... ဆူတာ မဟုတ်ဘူး ရာထူးတိုးတာ ... "

"ဟင် ... "

ခင် မျက်နှာလေးဝင်းလက်သွားပြီး ဝမ်းသာကြောင်း



ပြောသည်။

"ခင့်ကိုတော့ မေ့မသွားနဲ့နော် မှီ ... "

ခင်ချစ်သူလည်းဆုံးရ သူငယ်ခင်းနဲ့လည်း ခွဲခွာရဆိုတော့ စိတ်ထိခိုက်ကြေကွဲသွားတာကို ဟန်ဆောင်ပြုံးရယ်နေသည်။

မင်းက စိတ်သဘောထားပြူစင်ပါတယ် ခင်။

မှီ ပစ္စည်းတွေ ရွှေ့တော့ ခင်လည်းကူညီပြီး ရွှေ့ပေးနေသည်။

Book Sharing

Scanned by CamScanner

## အခန်း [ ၃ ]

မို ခပ်တည်တည်နေရမယ်။

ဒါရိုက်တာက မိုနဲ့အသက်နည်းနည်းပဲကြီးမှာပါ။

ကျူကီပိုင်ရှင်ရဲ့ တစ်ဦးတည်းသောသားတစ်ယောက်တဲ့။

ယောက်ျားတွေ။

ဘာမှ အထင်ကြီးစရာမရှိပါဘူး။

ခင့်ကိုပဲကြည့်...

ငယ်ချစ်ဦးတွေ။

ကိုကျော်ကျော်မောင့် ငွေကြေးအခက်အခဲတွေ့လျှင် ခင်က ကူညီနေကျ။

ချစ်သူအပေါ် သစ္စာရှိလွန်းတဲ့ခင်။

အပြတမ်း ...



ချစ်သူအလိုကျ ဖြည့်ဆွမ်းပေးပြီး အချိုးကျစွာ နေတတ်တဲ့ခင်။

ကိုကျော်ကျော်မောင် လုံးဝသစ္စာမရှိတဲ့ ယောက်ျားတစ်ယောက်ပဲ။

"မို ... "

"ရှင်... "

"သမီးရာထူးတက်တာ ဝမ်းသာစရာဖြစ်ပေမဲ့ တာဝန်က ပိုကြီးလာပြီနော် ... စည်းစနစ်ရှိရှိနဲ့ ကြိုးစားပါ ... "

"ဟုတ်ကဲ့ မေမေ ... "

"အဓိက ကိုယ်ကျင့်တရားတွေပဲ သမီးနာမည်ပျက်မရှိအောင်နေပါ။ ယောက်ျားတစ်ယောက်ကြောင့် ယောက်ျားတွေအားလုံးကို မကောင်းဘူးလို့ သိမ်းကျုံးပြောတာမျိုး မေမေ လုံးဝလက်မခံဘူး ... ယောက်ျားတစ်ယောက်ကို အချိန်ယူလေ့လာပြီးမှ ရွေးချယ်တတ်ဖို့ပဲလိုတာပါ ..."

"မေမေ ... "

"သမီးအိမ်ထောင်မပြုလို့ မဖြစ်ဘူး ... "

"ရှင် ... "

"သမီး အိမ်ထောင်ပြုရမယ် ... မေမေအသက်ရှင်လျက်ရှိနေတုန်းမှာ သမီးဘဝလေးကို စောင့်ရှောက်ပေးမဲ့သူ ... "

"သမီး ရှုံးသွားတော့မယ်နော် မေမေ ... "

ဟွန်း ...

Scanned by CamScanner

ယောက်ျားတွေကို မုန်းပါတယ်ဆိုမှ မေမေက တစ်မျိုး။

တော်ပါပြီ။

ခင့်ကိုကြည့်ပြီး စိတ်ကုန်တယ်။

သစ္စာမဲ့လိုက်တာ။

ခင်အရမ်းခံစားနေရသည်။

ယောက်ျားတစ်ယောက်အပေါ် ဒီလောက်သစ္စာရှိပြီး အလေးအနက်ထားတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ။

ရုံးကိုထွက်လာခဲ့သည်။

ခင့်ကိုတော့ ရုံးရောက်မှ အလှအပတွေပြင်ဆင်ပြီး လှပနေတာတွေ့လိုက်ရတော့သည်။

"ဟင် ... ခင် ... "

"မှို ... "

"ရှင် ... "

"အဟက် ... "

"ခင့် ဘာဖြစ်လာတာလည်း ... "

"မှို ... ခင်လေ မနေ့က မောင်နဲ့တွေ့တယ် ... "

"ဘာပြောလဲ ... "

"ခင်လှလာတယ်တဲ့ ... "

"ဘာ ... "

"ခင့်ကို မောင်က အရမ်းချစ်တာပါတဲ့ နောက်ပြီးလေမှို ..."



ခင်မျက်နှာက ပျော်ရွှင်ကျေနပ်စွာဖြင့် အပြုံးတွေ လွှမ်းနေသည်။

"ခင် ... "

"ဟင် ... "

"ဟိုလူက ဟို မိန်းမနဲ့ ပြတ်သွားကြပြီးလား ... "

"အဲ့ဒါတွေကို ခင် စိတ်မဝင်စားဘူး ... "

"ခင် အမိပ္ပါယ်မရှိတာပဲ ရှင် ... "

"မှို မသိပါဘူး... မောင်က ခင့်ကို အရမ်းချစ်တာပါ ဟို မိန်းမက မောင့်အနားအရမ်းကပ်လွန်းတော့ မောင့် အမှား အယွင်းတစ်ခု ကျူးလွန်သွားတာပါ ... "

တော်ပြီ။

မှိုစိတ်ပျက်ညှိတယ်။

မဖြစ်သင့်ပါဘူး။

သစ္စာမရှိတဲ့ ယောက်ျားတစ်ယောက်အပေါ် ခင် ဘာဖြစ်လို့ သံယောဇဉ်တွယ်တာ နေရတာလဲဆိုတာ စဉ်းစားမရ။

မှို တားဆီးပစ်ချင်တယ်။

ကိုကျော်ကျော်မောင်လို ယောက်ျားတစ်ယောက် ကို မတွယ်တာသင့်တော့ဘူး။

"ခင် ရုံးဆင်းရင် ရှင့်နဲ့စကားပြောချင်တယ် စောင့်နေနော်"

"အင်း ... မှို့ကိုလည်း ခင်ပြောစရာတွေရှိတယ် ... ဒါပေမဲ့ ဒီညနေတော့ မအားဘူး မှို ... "

Scanned by CamScanner

"ဘာဖြစ်လို့လဲ ... "

"မောင်နဲ့ ချိန်းထားလို့ ... "

"ဟင် ... "

မှိုထွက်လာခဲ့သည်။

ခင့်ကို မကျေနပ်မိ။

သစ္စာမရှိတဲ့ ယောက်ျားတစ်ယောက်ကို မှ ဘာဖြစ်လို့ဖက်တွယ်ထားချင်တာလဲ။

အဲ့ဒါ ...

မဖြစ်သင့်ပါဘူး။

လုံးဝမဖြစ်သင့်တာပဲ။

ရုံးခန်းထဲဝင်လာမိသည်။

ဒါရိုက်တာခန့်သော်က မျက်နှာကြီးစူးပုပ်ပြီးဝင်လာတဲ့ မှိုကို ဆတ်ခနဲ မော့ကြည့်၏။

"ခင်စံမှို ... "

"ရှင် ... "

"မင်းဘာဖြစ်လာလဲ ... "

"မဖြစ်ပါဘူး"

မှို့မျက်နှာကြီး စူပုပ်လာသဖြင့် ဒါရိုက်တာက မေးနေသည်။

ခင့် အကြောင်းတွေကို တွေးပြီး မှိုဒေါသဖြစ်နေ၏။

ခံပြင်းနေမိသည်။



"ခင်စံမှို ဒီနေ့ ကိုယ်တွေ့မယ် ညှိသည်တွေ့ရဲ့ စာရင်းကို ယူခဲ့ပါ ... "

"ဟုတ်ကဲ့ ... "

ခင်စံမှိုကို ကြည့်ရတာ တစ်ခုခုကို မကျေမနပ် ဖြစ်နေသည်ဟု ခန့်သော် ထင်နေမိသည်။

ဘာတွေဖြစ်လာတာလဲ။

ဒီမိန်းကလေးက မျက်နှာကျောတွေ တင်းနေ၏။

ဘာကို မကျေနပ်နေတာလဲ။

"ဆရာ ... "

"ပြောပါ ... "

"မင်း ကိုယ့်ကို ဒီလောက်အထိ တရိုတသေ ဆက်ဆံစရာ မလိုပါဘူး ... ကိုယ် ခင်စံမှိုနဲ့ ရင်းနှီးဖို့လိုတယ် ... "

ဟွန်း ...

ဘာဖြစ်လို့ ရင်းနှီးရမှာလဲ။

ရှင်တို့ယောက်ျားတွေက အထင်ကြီးစရာမရှိပါဘူး။

ကိုခန့်သော်က ကုမ္ပဏီပိုင်ရှင် သူဌေးသားပဲ။

ပိုပြီးတောင်မျက်နှာများနိုင်တဲ့ လူတစ်ယောက်ဖြစ်နိုင်တယ်။

မှိုမျက်နှာကျောကို မလျော့။

ယောက်ျားတွေကို မုန်းလို့ပါ။

သစ္စာမရှိဘူး။

Scanned by CamScanner

မေမေ ဘာပဲပြောပြော မိုကတော့လုံးဝအိမ်ထောင်မပြုတော့ဘူး။

တစ်ယောက်တည်းနေတာပဲကောင်းတယ်။

ယောကျ်ားတစ်ယောက်နဲ့ပတ်သက်ပြီး မခံစားနိုင်ပါဘူး။

ရှင် ...

ရှင့်အပြုံးတွေက အသက်မဲ့နေတာပဲ။

ဟန်ဆောင်နေတာပါ။

"ခင်စံမို ... "

"ရှင် ... "

"မင်း အလုပ်မှာ စိတ်မဝင်စားဘူးလား ... "

"ရှင် ... "

"ကိုယ်ပြောတာ ဒီဖိုင်တွဲမဟုတ်ဘူး ... "

သူမ ...

လန့်သွားသည်။

သေသေချာချာကြည့်လိုက်တော့ ဖိုင်ကလွဲနေ၏။

မို ရှက်လိုက်တာ။

အလုပ်ကို သေသပ်စွာလုပ်တတ်သောခင်စံမိုပါ။

"ကျွန်မ ... ကျွန်မ... "

"မင်း ဘာတွေဖြစ်နေတာလဲ ... ဆရာနောင်က မင်းအလုပ်လုပ်တဲ့နေရာမှာ အရမ်းတိကျသေသပ်တယ်တဲ့ ... "



မို့ စိတ်တွေက ယောကျ်ားတွေကို မုန်းတီးရေးပေါ်အာရုံစိုက်နေမိသည်။

အလုပ်တွေကို ပေါ့လျော့သွားရ၏။

မိုနာမည်ပျက်တာမျိုးတော့ လုံးဝလက်မခံနိုင်ပေ။

"ကျွန်မ သူငယ်အချင်းအတွက် စိတ်အနှောင့်အယှက်ဖြစ်နေလို့ပါ ... "

"အလုပ်ကို အလုပ်နဲ့တူအောင်လုပ်ပါ ခင်စံမို ... တခြားကိစ္စတွေ ဒီကို ယူမလာနဲ့လေ ... "

" ဟုတ်ကဲ့ ... "

တာဝန်ကို ပေါ့ပေါ့လျော့လျော့ ဆက်ဆံတာတွေ မေမေ့က လုံးဝလက်မခံပေ။

ဆူပူက်နေတတ်သည်။

ခင့်ကြောင့်ပါ။

မို့စိတ်ထဲမှာ ခင့်ရဲ့ ပျော့ညံ့မှုတွေအတွက် မခံမရပ်နိုင် ဖြစ်နေသည်။

"ခင်စံမို ... "

"ရှင် ... "

"ဒီညနေ ညစာစားပွဲတစ်ခုတက်ရမယ် မင်းအိမ်ကို ကြို့တင်ဖုန်းဆက်ထားပါ ... "

"ရှင် ... "

"ဘာရှင်လဲ ... မင်းကို သွက်လက်ထက်မြက်နေစေချင်

Scanned by CamScanner

တယ် ... "

သူ ...

ပြောပြီးဗိုင်တွေကို ကြည့်နေသည်။

ညစာစားပွဲတက်ရမယ်တဲ့။

ကျွန်မ မိန်းကလေးဆိုတာရော ရှင်ထည့်ပြီး စဉ်းစား မိရဲ့လား ကိုခန့်သော်။

မေမေ့ကို ဘယ်လိုပြောရမလဲ။

မို တစ်ကြိမ်တစ်ခါမှ ညစာစားပွဲကို မသွားရောက် ဖူးပေ။

ခေတ်မီတဲ့ မိန်းကလေးတစ်ယောက်ဖြစ်ပေမဲ့ ... ယောက်ျားလေးတစ်ယောက်နဲ့ ညစာစားပွဲတက်ဖို့တော့ တွန့်ဆုတ်နေမိသည်။

မေမေက ခွင့်ပြုပါ့မလား။

"ခင်စံမို ... "

"ရှင် ... "

"မင်းအမေဆီကို ဖုန်းဆက်ပြီးပြီလား ... "

"ဟင့်အင်း ... "

"ဆက်လေ ... အပြန်မိုးချုပ်မှာလို့ ရုံးကကားနဲ့ လိုက်ပို့မှာပါလို့ ပြော ... "

"ကျွန်မ ... ကျွန်မ ... "

"မင်းက အငှင်လို သာမန်စာရေးမလေးမဟုတ်တော့ဘူး ...



ဒါရိုက်တာတစ်ယောက်ရဲ့လက်ထောက် ... "

ကိုခန့်သောက် အလုပ်နှင့်ပတ်သက်ရင်တော့ ခပ်ပြတ်ပြတ်ပြောဆိုတတ်သည်။

တိကျ၏။

"ခင်စံမို ... "

"ရှင် ... "

"ကိုယ်လက်ထောက်အနေနဲ့ မင်းမလိုက်လို့မရဘူး ... "

"ဟုတ်ကဲ့ ... "

မိုလိုက်ရတော့သည်။

"ဘယ်သူတွေပါမှာလဲ ဆရာ ... "

"ကိုခန့်သော်လို့ပဲ ပြောပါ ... "

မို နှုတ်ခမ်းစူချင်လာသည်။

ပြုံးရိနေတဲ့ သူ့မျက်ဝန်းအကြည့်တွေကိုတော့ မို မကျေနပ်မိ။

မို့ကို ဘာကြောင့် တရင်းတနှီးပြောဆို ဆက်ဆံချင်ရတာလဲ။

အလုပ်သဘောပဲလား။

"မင်းအိမ်ကို ဖုန်းဆက်ပါ ... သဘောတူညီမှုရယူပါ ... ညစာ စားပွဲကို တက်ရမှာက မင်းနဲ့ကိုယ်နှစ်ယောက်ပဲ ... "

"ရှင် ... "

"ဖိတ်တဲ့လူက လက်မှတ်တစ်စောင်ပဲဖိတ်တာလေ ... တစ်

Book Sharing

Scanned by CamScanner

စောင်ကို နှစ်ယောက်သွားရမှာ လုံးဝပဲ … လုပ်ငန်းချင်ဆက်စပ်နေလို့ မသွားရင်မကောင်းဘူး … ”

“ဟုတ်ကဲ့ … ”

မှိဘာမှ စောဒက တက်မနေတော့ဘဲ မေမေ့ဆီ ဖုန်းဆက်ရသည်။

“မေမေ … ”

“ပြော … ”

“မှို့ကို ဒါရိုက်တာက ညစာစားပွဲတက်ရမယ်တဲ့ … ဟို … လုပ်ငန်းနဲ့ သက်ဆိုင်နေလို့တဲ့ မေမေ … ”

“မေမေ သဘောပေါက်ပါတယ်မှို သွားရမှာပေါ့ … သမီးအမြင်ကျယ်တာပေါ့ကွယ် … ”

မေမေ အလွယ်တကူ ခွင့်ပြုလိုက်၍ မှို အံ့သြသွားရသည်။

မှို့ကို ချုပ်ချုပ်ချယ်ချယ်တော့ မေမေ ဘယ်တော့မှ မထားခဲ့ပေ။

“မှို … ”

“ရှင် … ”

“မှို့ ကို မေမေယုံတယ် … သမီးတာဝန်အရ သွားရမှာပဲ ဆိုတာ မေမေသဘောပေါက်လို့ပါ … ”

“ကျေးဇူးပါ မေမေ … ”

“မှို စိတ်တွေ အမြဲတမ်း ပွင့်လင်းသွက်လက်ပြီး … ထက်



မြက် နေစေချင်တယ် … ”

မှိုသိတဲ့ မေမေသမီးလေးက တန်ဖိုးကြီးမားတဲ့ မိန်းကလေးဆိုတာ မေမေ ယုံကြည်ပြီးသားပါတဲ့။

မေမေက မှို့ကို ပြုစုပျိုးထောင်တဲ့နေရာတွင် လိမ်မာပါးနပ်ခဲ့သည်။

မြှောက်စားတဲ့နေရာတွင် မေမေကမြှောက်တားတတ်၏။

“မှို သွားပါ မေမေယုံတယ် … သမီးကို မှ မယုံရင် မေမေ အရမ်းညံ့တဲ့ မိန်းမတစ်ယောက်ဖြစ်သွားမှာပေါ့ … ”

မှို ဝမ်းသာအားရနှင့် ဖုန်းချပစ်လိုက်သည်။

“ကိုခန့်သော် … ”

“ဟင် … ”

“မေမေက လက်ခံပါတယ် … မှို့ကို မေမေက ယုံပါတယ်တဲ့ … ”

မှိုပြောပြီး အလုပ်စားပွဲသို့ ပြန်လျှောက်လာခဲ့သည်။

စားပွဲမှာထိုင်လိုက်၏။

ခင့်ကို သတိရမိလာသည်။

ကိုကျော်ကျော်မောင်နဲ့ ချိန်ထားသည်တဲ့။

ဒီလူ …

ခင့်ကို ဘာတွေလိမ်ညာပြီး ခုက္ခပေးဦးမလဲ မသိဘူး။

မို မျက်နှာလေးက ချက်ချင်းတင်းမာသွားရသည်။

ယောက်ျားတွေကို့ မုန်းတီးစိတ်တွေ ပြန်ဝင်လာရသည်။

မို့ကို မေမေကတော့ တစ်ယောက်အတွက် အားလုံးကို သိမ်းကျုံးပြီး မုန်းတီးတာမျိုး လက်မခံဘူးတဲ့။

ကိုခန့်သော်နဲ့တော့ မို ပတ်သက်ဆက်ဆံရတော့မှာပဲဖြစ်သည်။



## အခန်း [ ၄ ]

မို —

ကိုခန့်သော်ကားနှင့်လိုက်ရသည်။

နှစ်ယောက်တည်းရယ်ပါ။

ပတ်ဝန်းကျင်က ဘာပြောမလဲဆိုပြီး မို စိတ်ထင့်ခဲ့ရသည်။

အလုပ်သဘောပဲလေဟု စိတ်ကိုပြန်ဖြေရ၏။

ညစားစားပွဲရောက်တော့ အခြားဒါရိုက်တာတွေလည်း သူတို့လက်ထောက်တွေ အသီးသီးပါ၍ စိတ်အေးသွားရသည်။

ကိုခန့်သော်ကတော့ တည်တည်ကြည်ကြည်နှင့် လူချစ်လူခင်အတော်များတဲ့ ယောက်ျားတစ်ယောက်ပဲဖြစ်၏။

"ခန့်သော် သူက မင်းလက်ထောက်မလေးလား ... "

"အင်း ... "

သူမအား ဘယ်သူနှင့်မှ ကိုခန့်သော်က မိတ်မဆက်ပေးပေ။

တခြားသူတွေက သူတို့လက်ထောက်ကောင်မလေးများနှင့် မိတ်ဆွေတွေကို မိတ်ဆက်ပေးတတ်သည်။

"မင်းလက်ထောက်မလေးနဲ့ မိတ်ဆက်ပေးဦးလေကွာ"

"မဖြစ်ဘူးကွ... သူက မကြိုက်ဘူး... "

"ခန့်သော် မောင်ရင်က နှမြောတွန့်တိုတာလား ... "

သူ ...

ပြုံးနေပြီး မလှုပ်။

ညစာကို အမြန်ဆုံးစားပြီး နှုတ်ဆက်သည်။

"ပြန်ရို့ ခင်စံမို ... "

ညှော်ခံပွဲက အမြန်ဆုံးထပြီး ပြန်တော့သည်။

စားပင်မစားရသေး၍ ခင်စံမို အံ့ဩသွားရ၏။

"ခင်စံမို ... "

"ရှင် ... "

"ဟိုလူတွေက မင်းကိုကြည့်နေကြတာ ... ကိုယ်လုံးဝမနှစ်သက်သလိုပဲ ... "

ခန့်သော် စိတ်ထဲမှာ ထူးခြားစွာ သဝန်ကြောင်နေသည်။

ညှော်ခံပွဲကိုလာတဲ့လူတွေအားလုံး ခင်စံမိုကို စိတ်



ဝင်စားနေကြ၏။

သူဒေါသဖြစ်နေသည်။

ဘာကြောင့်မှန်းတော့မသိ။

အငမ်းမရ စိတ်ဝင်စားကြီး ကြည့်နေတာကို မခံစားချင်တော့ အမြန်တရှမ်လိုက်မိသည်။

သူ့မိတ်ဆွေတွေဘာပြောမလဲ။

"ကိုယ်က ခင်စံမိုကို အထင်မသေးစေချင်တာပါ ... ကိုယ့်လက်ထောက်က တန်ဖိုးကြီးမားတဲ့ မိန်းကလေးပဲဖြစ်ရမယ် ... "

မိုလည်း ညစာစားပွဲမှာ ထိုင်မနေချင်လောက်အောင် စိတ်ပျက်သွားမိသည်။

ကြည့်လိုက်ကြတာ။

ကြာတော့။

ရှက်လာမိသည်။

"ကိုခန့်သော် ထလိုက်တာပဲ မို ကျေးဇူးအရမ်းတင်သွားတာပဲ ... မို ရှက်နေပြီ ... "

ကိုခန့်သော်ကို မို တကယ်ပဲ ကျေးဇူးတင်သွားမိသည်။

ညစာစားပွဲခန်းမထဲက ထွက်လာရတာပင် မို စိတ်သက်သာရာရသွားခဲ့ရ၏။

"မို ... "

"ရှင် ... "

မိုတဲ့ ... ။

"ကိုယ်တို့ တစ်ခုခုစားကြရအောင်နော် ... "

"မို မစားတော့ပါဘူး ... ပြန်ကြရအောင်နော် ကိုခန့်သော်"

မိုယောကျ်ားတစ်ယောက်နှင့် နှစ်ယောက်တွဲ သွားတွဲလာတာမျိုးဘယ်တုန်းကမှ မလုပ်ခဲ့ဘူးပေ။

ရှက်နေမိသည်။

မျက်နှာတွေလည်းပူနေ၏။

"ကိုယ်တို့ ဘာမှ မစားရသေးဘူးလေ ... "

"အိမ်ကျမှပဲ စားတော့မယ် ... မို မစားတတ်လို့ပါ ..."

မိုအပြင်မှာ စားလေ့စားထမရှိပါ။

"ကိုယ်တို့အမှတ်တရတော့ တစ်ခုခုစားကြရအောင်နော် မို... "

"ကျွန်မကို ခွင့်လွှတ်ပါ ကိုခန့်သော် ... ညစာစားပွဲကိုတောင် ကျွန်မ အလုပ်သဘောအရလိုက်လာရတာပါ... ယောကျ်ားလေးတစ်ယောက်နဲ့ အပြင်မှာ ထမင်းအတူစားဖို့ လုံးဝ လက်မခံနိုင်ပါဘူး ... "

ယောကျ်ားလေးတွေကို လုံးဝပြတ်ပြတ်သားသား ဆက်ဆံမှုဖြစ်မည်။

မယုံရဘူး။

ကိုခန့်သော်က သူ့ပကိုဘာကြောင့် တရင်းတနှီး



ဆက်ဆံနေရတာလဲ။

အလုပ်သဘောလား။

လုပ်ငန်းတွေ အဆင်ပြေအောင် ရင်းနှီးမှုရယူနေတာလား။

"မို ပြန်တော့မယ် ... "

အလုပ်တာဝန်မရှိတော့လျှင် မိုပြန်တာအကောင်းဆုံးပဲ။

မိန်းကလေးတစ်ယောက်က ကိုယ့်တန်ဖိုးကို ကိုယ်မြှင့်ထားတတ်မှ။

"မိုမနေတတ်လို့ပါ ... အလုပ်တာဝန်မရှိတော့ရင် မို ပြန်ပါရစေနော် ... "

"ကောင်းပြီလေ မို ... ကိုယ်ပြန်ပို့ပေးပါမယ် ... ကိုယ်ကတော့ မိုနဲ့ စိမ်းမနေချင်ဘူး ... ကိုယ့်လက်ထောက် တစ်ယောက်က ကိုယ့်ကိုယုံကြည်မှုတွေတော့ ရှိနေစေချင်တယ်... "

မို အားမနာဘဲ အိမ်ပဲပြန်လာခဲ့ပါတော့သည်။

ခန့်သော်ကတော့ မိုဆိုတဲ့မိန်းကလေးကို သူ တရင်းတနှီး ဆက်ဆံနိုင်ဖို့အတွက် ဦးနှောင်အား နေရာရွှေ့ပစ်လိုက်ခြင်းဖြစ်၏။

ခင်စံမို ...

မင်းကို ကိုယ်သိနေတာကြာပြီ။

သူ ...

နိုင်ငံခြားကပြန်လာပြီး မကြာခင် ဒယ်ဒီတို့ကုမ္ပဏီကိုလာတော့ ဦးနောင် ဆက်ရှင်းက ခင်စံမှီကို စတင်တွေ့သွားရသည်။

ချောလိုက်တာ ကျက်သရေရှိလိုက်တာဟု သူ့စိတ်ထဲမှ ထင်မှတ်သွားမိ၏။

"အရမ်းမာနကြီးတဲ့ကောင်မလေး အလုပ်တာဝန်မှာလည်း စည်းစနစ်ရှိပြီး သေသပ်တယ် ခန့်သော် ... ပညာလည်း တတ်တယ် ... မင်းရဲ့လက်ထောက်အဖြစ်ထားသင့်တယ်"

ဦးနောင်ကို ရာထူးတိုးပေးပြီးနယ်မှာရှိတဲ့ ဆိုင်ခွဲတွေမှာ တာဝန်ထမ်းဆောင်စေသည်။

ခန့်သော်ကတော့ ဦးနောင်နေရာကို တမင်ဝင်ယူတာပါ။

အဲဒါ ...

မင်းကြောင့်ပဲ ခင်စံမှီ။

ဒီနေ့လည်းကြည့် ...

ခင်စံမှီကို ပတ်ဝန်းကျင်က လူတွေစိတ်ဝင်တစားငမ်းနေကြ၍ သူအားမနာတော့ဘဲ ထပြီးထွက်လာခဲ့မိသည်။

မင်းကို သူများတွေ စေ့စေ့ကြည့်တာကို ကိုယ်လုံးဝမခံစားနိုင်ဘူး။

သူ့မိဘတွေကတော့ သူ့အိမ်ထောင်ရေးအတွက်



သူ့ရွေးချယ်မှုကအဓိကပဲလေ။

ပွင့်လင်းစွာပြောထားပြီးသားပဲ။

"ကိုခန့်သော် ... "

"ဟင် ... "

"မှီ အငှားကားနဲ့ပဲ ပြန်မယ်နော် ... ကိုခန့်သော် လိုက်ပို့စရာမလိုပါဘူး ... "

"မဟုတ်တာဘဲ မှီ ... မိန်းကလေးတစ်ယောက်အငှားကားနဲ့ ပြန်တာမသင့်တော်ပါဘူး ... ကိုယ်လိုက်ပို့ပါ့မယ် ..."

သူ ...

ဇွတ်အတင်းပင် မှီကိုပို့မိသည်။

ကိုယ့်စိတ်ထဲမှာ မှီ့ကိုလုံးဝ စိတ်မချနိုင်အောင်ဖြစ်နေရတာပါ။

"သွားနို့မှီ ... "

မှီလည်း ဒါရိုက်တာ့ကို မယုံမကြည်နှင့် စောဒကမတက်လိုပေ။

နည်းနည်းလည်း မိုးချုပ်နေ၍ တစ်ယောက်တည်းမပြန်ချင်။

ဒါရိုက်တာက သူမ အိမ်ရှေ့အထိ လိုက်ပို့တော့ ကားရပ်ပြီးသည်နှင့် မှီကားပေါ်က ဆင်းပြီး အိမ်ထဲတန်းဝင်လာခဲ့မိသည်။

အိမ်ပေါ်တက်ပါဦးဟု အလည်ခေါ်ရမှာ ဝန်လေး

Book Sharing

Scanned by CamScanner

နေခဲ့၏။

အားနာစရာမလိုပါဘူး။

ခပ်ပြတ်ပြတ်ဆက်ဆံတာက အကောင်းဆုံးပဲ မဟုတ်လား။

"မို ... "

"ဟင် ...မေမေ ... "

"ညီသည်ကို ဘာလိုအိမ်မှာ ထိုင်ပါဦးလို့ မခေါ်တာလဲ ကွယ် ... အားနာစရာကောင်းတယ် ... လူမှုရေးဆိုတာ တော့ ရှိသေးတယ်လေ ... "

မေမေ့စကားတွေကို မို တုံ့ပြန်ပြောမနေတော့ဘဲ အိမ်ထဲဝင်လာခဲ့မိသည်။

ဒါရိုက်တာကို အားနာသင့်လား။

ယောက်ျားတစ်ယောက်ကိုအိမ်အလည်ခေါ်ဖို့အတွက် မို ဝန်လေးနေမိတာတော့ အမှန်ပဲ ဖြစ်သည်။

အားမနာတာပဲ ကောင်းပါတယ်လေ။

ဒီနေ့ ...

မို့ရင်ထဲမှာ ဟာတာတာကြီးနှင့် တစ်မျိုးကြီး ဖြစ်နေမိသည်။



# အခန်း [ ၅ ]

"ခင် ... "

"မို ... "

"ရှင်ပျော်နေလား .... "

"အင် ... "

"ယောက်ျားတွေကို ရှင်စိတ်မနာသေးဘူးလား ... "

ခင်ကယောက်ျားတွေကို စိတ်မနာဘဲ မိုက စိတ်နာနေသည်။

"မောင်က ဟိုအမျိုးသမီးနဲ့ မိတ်ဆွေအဆင့်ထက် မပိုပါဘူး တဲ့ ... "

"ရှင်ယုံလား ... "

"မောင့်ကို ခင်ယုံတယ် ... ခင့်စိတ်တွေက မောင့်ကို ယုံနေ မိတယ် ... "

"ရှင် ... "

"မိုက မချစ်ဘူးသေးလို့ပါ ... "

"အချစ် ... "

"အင်း ... "

"ခင့်ကိုကြည့်ပြီး စိတ်ပျက်လို့ ... "

"မောင်က ခင့်ကိုပဲချစ်တာပါ ... "

"ခင်ရယ် .... "

ကိုကျော်ကျော်မောင်နဲ့ အမျိုးသမီးတစ်ယောက် တွဲနေကြောင်း ခိုင်လုံတဲ့ သတင်းရပ်ကွက်က သိထားသည်။

ခင်ဘာကိုယုံရတာလဲ။

"မို ... "

"ဟင် ... "

"ဟို ဒါရိုက်တာနဲ့ ရှင်တို့နှစ်ယောက်တည်းသွားတာ ... ရှင်မခုန်ဘူးလား မို ... "

ခင်က ရယ်ပြီးမေးသည်။

မို့မျက်နှာလေးက တင်းမာသွားရသည်။

"အလုပ်သဘောပါ ... မိုက ယောကျ်ားတွေကို အထင်မကြီးပါဘူး ... ယုံလည်းမယုံဘူး ခင် ... ရှင်ပဲယုံနေ ... "

ခင်လည်း မောင့်ကို ချစ်တဲ့စိတ်တွေနဲ့ ယုံကြည်နေမိတာပါမို့ရယ် ...။

မောင်နဲ့တွေ့သည်။



တကယ်တော့ ...

ကျောင်းတစ်ဝက်တစ်ပျက်နှင့် ဖြစ်နေသော မောင်သည် ခင့်ကို လက်မလွှတ်ချင်သေးကြောင်း ခင်သိနေသည်။

ငွေကြေးအရပါ။

ခင်က ကျောင်းစရိတ်ထောက်ပေးနေခဲ့ရသည်။

နယ်ကနေကျောင်းလာတက်တဲ့ မောင့်မှာ ကျောင်းစရိတ်အတွက်လိုအပ်တတ်၏။

"မောင် တခြားကောင်မလေးနဲ့ ဟောက်ပြန်နေတယ်ဆို"

ခင်မေးတော့ မောင်က မိတ်ဆွေတွေပါတဲ့။

"ဒီ မိန်းကလေးက မောင့်အနားကပ်နေတာပါ ... မောင် စိတ်မဝင်စားပါဘူးခင်ရယ် ... မောင်လက်ထပ်မယ့်မိန်းကလေးက ခင်ပါ... "

ခင့်ကို မောင်သည် ထိုစကားမျိုးပြောပြီး ငွေနှစ်သောင်း တောင်းသွားသည်။

မို မသိ။

ယောကျ်ားတွေကို မိုက စိတ်နာ သည်။

အချစ်ဆိုတာကို ငိုမှ မသိတာ။

"အချစ်ဆိုတာ ခက်တယ် မို ... ဘယ်လိုပြောရမလဲကွာ... ဟိုလေ... "

မိုက မိန်းမချောလေးတစ်ယောက်ဆိုပေမဲ့ ယောကျ်ားတွေကို စိတ်ဝင်စားတာမဟုတ်။

Scanned by CamScanner

မာနကြီးသည်။

အလုပ်ကိုကြိုးစားပြီး ပညာရေးအတွက်ပဲ အထူး အာရုံစိုက်တတ်၏။

"ခင် ... "

"ဟင် ... "

"မို စိတ်ပူတယ် ... ခင် တစ်နေ့ကျရင် အထီးကျန်မှာလေ..."

ခင်နဲ့မို ညနေရုံးဆင်းချိန်မှာ တွေ့ကြခြင်းဖြစ် သည်။

မနေ့ညနေက ...

မိုက ကိုခန့်သော်နှင့် ညစာစားပွဲ သွားခဲ့ရသည်။

ခင်က ကိုကျော်ကျော်မောင်နဲ့ တွေ့ကြ၏။

"မို ... "

"ဟင် ... "

"ရှင့်ကို လူတွေက ဝိုင်းပြီးကြည့်ကြလား ... "

"ကြည့်တာပေါ့ ... "

မို ရှက်နေမိသည်။

လူတွေက ဝိုင်းကြည့်ခဲ့ကြ၏။

"ကိုခန့်သော်အပေါ် မို ဘယ်လိုမှ မခံစားဘူးလားဟာ ..."

"ဟင့် ... အင်း ... "

"ကိုခန့်သော်က လူချောနော် ... "

"မိုက ယောကျ်ားမယူဖို့ဘဲ ဆုံးဖြတ်ထားတာလေ ခင် ..."



"အဟက် ... "

"မရယ်နဲ့ ... "

"အဲဒီလို မိန်းမမျိုးက ဒိုင်ဗိုးအချစ်တွေကို ခံစားသွားရတတ် တယ်နော်မို ... "

"ဝေးသေးတယ် ရှင့်လူကိုကြည့်ပြီး မိုက ယောကျ်ားတွေ ကို အရမ်းမုန်းနေတာ ... "

"မဆိုင်တာပဲ ... "

"ခင်ရယ် သတိတော့ထားပါနော် ... ယောကျ်ားတွေက သိပ်မယုံရဘူး ... "

"ခင် မောင့်ကိုချစ်တယ် ... "

"ရှင့်အပေါ်မှ သစ္စာမရှိတာဘဲ ... "

"ဟိုမိန်းမက ဖွတ်အတင်းကပ်လို့ပါဟာ ... "

"ပြီးရော ... "

ခင့်ကို ဘယ်လိုမှ ဖျောင်းဖျ၍မရဘူးဆိုတာ မိုသိ လိုက်သည်။

အိမ်ပြန်လာကြ၏။

မေမေကတော့ မိုကို ဆီးကြိုနေသည်။

"မို ... "

"ရှင်မေမေ ... "

"သမီးအလာကို မေမေ မျှော်နေတာ ... "

"ဘာကိစ္စရှိလို့လဲမေမေ ... "

မေမေ့ကို ကြည့်ရတာ တစ်ခုခုတော့ ပြောစရာရှိသည်ဟု မိုထင်ပါသည်။

အပြုံးတွေကလည်း ရှိုနေ၏။

"သမီး အဝတ်အစားလဲလိုက်ဦးနော် မို ... "

"ဟုတ်ကဲ့ ... "

မို အခန်းထဲဝင်သွားပြီး အဝတ်အစားလဲလိုက်သည်။

မေမေ ဘာပြောမလို့လဲ။

ထူးခြားသလိုပဲ။

အဝတ်အစားလဲပြီး အပြင်ပြန်ထွက်ခဲ့သည်။

"မို ... "

"ရှင် မေမေ ... "

"မနက်ဖြန် မေမေတို့ဆီကို ဧည့်သည်တစ်ယောက်လာလိမ့်မယ် မို ... "

"ဘယ်ကလဲမေမေ ... "

"မန္တလေးက ... "

"အမျိုးလား ... "

"မေမေ့မိတ်ဆွေရဲ့သားပါ ... "

"ဟင် ... "

မေမေ့မျက်ဝန်းတွေက ကျေနပ်စွာ ပြုံးနေသည်။

မို စိတ်ထင့်သွားမိ၏။

"သူက ... "



"မေမေတို့အိမ်မှာ လာနေပြီး အလုပ်ဝင်လိမ့်မယ်မို ... "

"မေမေ သမီးပျိုလေးတစ်ယောက်ရှိတဲ့အိမ်က ယောကျ်ားလေးတစ်ယောက်ကိုလက်ခံရလား မေမေရာ ... "

"အကြောင်းရှိလို့ မေမေကလက်ခံတာလေ ... "

"မေမေ ... "

"မို အဲ့ဒီလူကို သမီးအကဲခတ်ဖို့ မေမေလက်ခံလိုက်တာ"

"ရှင် ... "

မေမေသည် အဓိပ္ပါယ်မရှိတဲ့ အလုပ်တွေ[illegible]ပ် တော့မှ လုပ်လေ့မရှိ။

"မို ... "

"ရှင် ... "

"သမီးလေ့လာပါ... ဒီသူငယ်က အင်ဂျင်နီယာတစ်ယောက်ပဲ ... ရန်ကုန်မှာ တာဝန်ကျလို့လေ မေမေ သူငယ်ချင်းက သမီးကို ချွေးမတော်ချင်ကြောင်း ခဏခဏတောင်းဆိုနေတာပဲ ... "

မို စိတ်ညစ်မိသည်။

ယောကျ်ားတွေကို မို အထင်မကြီးပါဘူးဆိုမှ။

လက်မထပ်ချင်ပါဘူး။

မို လုံးဝစိတ်မဝင်စားတာပါ။

"မေမေက ဇွတ်အတင်းတော့ လက်ထပ်မပေးဘူး ... သမီးသဘောကျမှပါ မေမေကတော့ ဒီသူငယ်ကို မမြင်ဘူးသေး

ပေမဲ့ ပညာနဲ့ တည်ကြည်ခန့်ညားမှုတွေ သဘောကျတာ..."

ဒုက္ခပါပဲ။

မေမေ့ကိုလည်း ပင်စံမှီဘာညာနှင့်ဒေါ်ဒေါ်က မတက်ရဲပေ။

"မေမေကတော့ သမီးလေး အိမ်ထောင်ကျသွားမှ စိတ်အေးရမှာမဟုတ်လား မို... ဘာပဲဖြစ်ဖြစ် သမီးတစ်ယောက်တည်း ဖြစ်နေရင် မေမေ အဘေးဖြောင့်မှာ မဟုတ်ဘူး"

ဒေါ်လေးမိုကတော့ သမီးကို တစ်ယောက်တည်း ထီးကျန်ပြီးထားခဲ့ရမှာ လုံးဝစိတ်မချဖြစ်နေရသည်။

ရိုးသားတည်ကြည်ပြီး စိတ်သဘောထားဖြူစင်တဲ့ ယောက်ျားတစ်ယောက်ကို သမီးလက်ထပ်စေချင်မိ၏။

"မောင် သီဟမောင်ကို သမီးလေ့လာစေချင်တယ်... "

"သီဟမောင် ဟုတ်လား မေမေ ... "

"အင်း ... "

ခင့်ချစ်သူ ကိုကျော်ကျော်မောင်လိုလူစားမျိုးလား။ နာမည်ကဆင်တူနေသည်။

ဘုရားရေ၊

အံ့သြစရာပါပဲ။

ကိုသီဟမောင်တဲ့လေ။

ခင့်ချစ်သူ ကိုကျော်ကျော်မောင်ကလည်း ကြည့်လိုက်လျှင် လူရည်လူသန့်တစ်ယောက်ပဲ ဖြစ်သည်။



"မို့သူငယ်ချင်းကို ကြည့်ပြီး မိုကြောက်နေတာပါ ... သမီး ပေပေဆို မေ့မေ့အပေါ် ဘယ်လောက်အထိ ချစ်ခင်လဲ ... တာဝန်ကျေလဲ ... သစ္စာရှိလဲ ... "

မေမေပြောတော့လည်း ဟုတ်သားပဲဟု မိုတွေးမိလိုက်သည်။

"မောင်သီဟမောင်ကို သမီးလေ့လာပါဦး ... လက်ထပ်ပေးဖို့ကိစ္စက မေမေတို့ လူကြီးတွေပဲ စီစဉ်တာပါ ... လူငယ်တွေ မသိသေးပါဘူး ... သမီးတို့ ချစ်ခင်နှစ်သက်ကြမှ စီစဉ်မှာပါ ... "

"မေမေ ... "

"ပြော ... "

"သမီး ဆန္ဒမပါပဲ ဘာမှမစီစဉ်ဖို့ပါပဲ ... မေမေ့ကို ဆန့်ကျင်တာတော့မဟုတ်ပါဘူး ... မိုက သစ္စာတရားကြီးမားတဲ့ ယောက်ျားတစ်ယောက်ကိုပဲ လက်ထပ်ချင်တယ် ... "

မိုကို မချစ်ဘဲ လက်ထပ်ပြီးမှ နောက်တစ်ယောက်အပေါ် ချစ်ခင်မြတ်နိုးနေမှာလည်း မိုမလိုလားမိပေ။

ခင့်လိုပေါ့။

ကိုကျော်ကျော်မောင်က ခင့်ကို ငွေကြေးအတွက် ကပ်နေပဟာဖြစ်ကြောင်း မို တဖြည်းဖြည်း ရိပ်မိနေသည်။

ခင်လည်းသိနေမှာပဲ။

အချစ်ကြောင့် ခင်က ကိုကျော်ကျော်မောင်အပေါ်

Book Sharing

Scanned by CamScanner

ခွင့်လွှတ်နေသည်။

ဘဝတစ်သက်လုံး လက်တွဲဖော်အဖြစ် ဘယ်လို လက်တွဲမှာလဲ။

"မို ရေချိုးတော့ ခဏနေရင် မေမေတို့ ညနေစာစားကြမယ် ... မေမေ အဆင်သင့်ပြင်ပြီ သမီးလေးကို စောင့်နေမယ်နော် ... "

"ဟုတ်ကဲ့ ... "

မို ...

မေမေ့အနားကနေ ထွက်လာခဲ့မိသည်။

ရေချိုးဖို့ ပြင်လိုက်၏။

မေမေသည် သမီးအပေါ် အမြဲတမ်း ဗိုင်းကောင်းကျောက်ဖိနေတတ်ရန် သွန်သင်ဆုံးမနေတတ်သည်။

မိန်းကလေး တစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေ မြင့်မားစေရန် တန်ဖိုးထားတတ်ရန် နေ့ထိုင်ပြုမူစေခဲ့၏။

"မေမေ အသက်ကြီးပြီ ... ကျန်းမာရေး နည်းနည်းချို့တဲ့ချင်လာပြီ ... သမီးရှေ့ရေးအတွက် မေမေ စီစဉ်ထားချင်တာပါကွယ် ... "

မေမေက မို့ဘဝလမ်းကြောင်းတည့်မတ်ဖို့ အမြဲတမ်းကြိုးစားချင်နေသူ ဖြစ်သည်။

မိုလည်း ယောကျ်ားတွေကို အထင်မကြီးမိတာပါ။

ခင့်လို ...



မတွေးချင်ပါဘူး။

ကိုသီဟမောင်ကို လေ့လာရမယ်။

အလွယ်တကူ ဆုံးဖြတ်လိုက်လို့တော့ လုံးဝမဖြစ်ဘူး။

ကိုကျော်ကျော်မောင်လို ယောကျ်ားမျိုးဖြစ်နေမှာ မလိုလားမိပေ။

အချစ်ဆိုတာကိုပဲ မို မခံစားချင်တာပါ။

ယောကျ်ားတွေ ...

အလကားပါ။

မို မုန်းတယ်။

ရေချိုးပြီး မှန်ရှေ့မှာ မို အလှပြင်နေမိသည်။

ချောမောလှပတဲ့ မျက်နှာလေးကို အလှအပတွေ သိပ်မပြင်ဘဲ ရိုးရိုးလေးပဲ မိုပြင်ထားတတ်၏။

"ယောကျ်ားတွေက အလှအပပြင်တာ မကြိုက်ဘူးသာပြောကြတာပဲ မို ... တကယ်တမ်းကျတော့ သူတို့ မျက်စိထဲမှာတော့ လိုအပ်တယ် ... ဟိုဟာမက ခင့်ထက်လှပအောင်ပြင်ဆင်ဝတ်စားတတ်တယ်လေ ... "

ခင်ကအလှအပမပြင်ဘဲ ငွေကိုကုတ်ကတ်ခြစ်ကုတ်ပြီး စုတတ်သည်။

ကိုကျော်ကျော်မောင်လိုအပ်လို့ တောင်းလျှင် ပေး

နိုင်အောင်ပါ။

မိုလည်း အလှအပ မပြင်တတ်။

ရိုးအေးစွာနေတာကို မို့သဘောကျနှစ်သက်မိသည်။

"မိုရေ ... "

"ရှင် မေမေ ... "

"မပြီးသေးဘူးလား ... ညစာစားဖို့ မိုးချုပ်သွားမယ်လေ..."

"ပြီးပါပြီ မေမေ ... မို သနပ်ခါးလေးညှိနေလို့ပါ ... "

သနပ်ခါးလေးကို ညှိပြီး မို အပြင်ပြန်ထွက်လာခဲ့ မိသည်။

မေမေ့ကို မိုသနားတယ်။

သမီးရေ့ရေးအတွက် မေမေစိတ်ပူနေမှာတော့ သေချာသည်။

မို့စိတ်တွေ ရှုပ်ထွေးနေသလိုပင်။

မနက်ဖြန် ... ညသည်ရောက်လာမယ်တဲ့။

မေမေကတော့ သမက်လောင်းအထိ ရည်မှန်းထား ကြောင်းပြောသည်။

မိုတွေ့ရမှာပဲ။

ငြင်းပယ်ပိုင်ခွင့်မှ မရှိတာဘဲ။

မေမေ့ရှေ့မှာ မိုအပြုံးမပျက်နေနိုင်အောင် ကြိုးစား နေရသည်။



## အခန်း [ ၆ ]

"မို ... "

"ရှင် ... "

"သမီးအဆင်သင့်ဖြစ်ပြီးလား ... "

"ဟုတ်ကဲ့မေမေ ... "

"မောင်သီဟမောင်ကို သွားကြိုရအောင်နော် ... "

မိုဒီနေ့ရုံးပိတ်ရက်ဖြစ်သည်။

ကိုခန့်သော်ကို ပြောပြီး မိုအချိန်ပိုပင်မဆင်းတော့။

"မို ... "

"ရှင် ... "

"သမီးမျက်နှာကျောကို နည်းနည်းလျှော့စေချင်တယ် ..."

မို့ မျက်နှာက နည်းနည်းတင်းနေသည်ဟု မေမေ ကပြောသည်။

ယောကျ်ားတစ်ယောက်ကို ပတ်သက်ဆက်ဆံဖို့ အတွက် မိုးစိတ်မပါပေ။

ကိုကျော်ကျော်မောင်ကြောင့် မိုး ယောကျ်ားတစ်ယောက်နှင့် ချစ်သူဖြစ်ဖို့ပင် တွန့်ဆုတ်နေမိသည်။

"မောင်သီဟမောင်ကထက်မျက်ပြီးတော်တဲ့ ယောကျ်ားပါ"

မိုး ...

စိတ်မဝင်စား။

ထက်မြက်ပြီး တော်တဲ့ယောကျ်ားဖြစ်ပေမဲ့ သစ္စာမဲ့တဲ့ယောကျ်ားဆိုရင်ရော။

စမ်းသပ်ရမယ်။

အရမ်းအထင်ကြီးလို့ မဖြစ်ပါဘူး။

"သွားစို့မိုး ... "

မေမေနှင့်မိုးအငှားကားလေးနှင့်ထွက်လာကြသည်။

"မိုး ... "

"ရှင် ... "

"မောင်သီဟမောင်က သမီးအတွက် အသင့်တော်ဆုံး အိမ်ထောင်ဖက်ပဲ ... "

"မေမေကလည်း ... "

"ငှင်ချစ်သူလို ... "

ယောကျ်ားမျိုးဆို သွားပြီ။



သတ်မှတ်လို့ မဖြစ်ဘူးလေ။

ဖေဖေက မေမေ့အပေါ် သစ္စာရှိတော့ ယောကျ်ားတွေကို မေမေယုံမှာပေါ့။

မိုးကတော့ ...

ယောကျ်ားတွေ မယုံတာအကောင်းဆုံးဘဲ မဟုတ်လား။

လေယာဉ်ကွင်းရောက်လာသည်။

ဟွန်း ...

မန္တလေးကလာတာ ...

လေယာဉ်နဲ့။

ဒီလူ ...

သိပ်ကြီးကျယ်တဲ့ လူပဲဖြစ်ရမယ်။

"လေယာဉ်ဆိုက်နေပြီ မိုး ... "

ထွက်လာမည့်ခရီးသည်တွေကို မေမေက ပြူးပြဲကြည့်နေသည်။

"မေမေလည်း မောင်သီဟမောင်ကို မတွေ့ဘူးဘူး — ရိုးရိုးသားသားဝတ်ထားမယ်ထင်တယ် သမီး... "

မေမေကတော့ ကိုသီဟမောင်အပေါ် အထင်ကြီးနေသည်။

"မတွေ့ဘူးပဲနဲ့ ဘယ်လိုရှာရမလဲ မေမေ ... "

"ရှိုင်ပုဆိုးနဲ့ ရှပ်အင်္ကျီအဖြူဝတ်ထားမယ်လို့ ပြောတာပဲ"

မေမေ ကြည့်နေသည်။

ခရိုးသည်တွေ ထွက်လာ၏။

"ဟိုမှာ ထင်တယ် ... "

လူတစ်ယောက် ...

ရှပ်အင်္ကျီအဖြူနှင့် ရှိုင်ပုဆိုးဝတ်ထားသည်။

"မို ... "

"ရှင် ... "

"မောင်သိဟမောင်က မဆိုးဘူးနော် ... မေမေ အခုမှ စိတ်အေးရတယ် ... "

မို တောင့်တောင့်လေးရပ်နေမိသည်။

ထိုလူက မိုတို့အနားလျှောက်လာ၏။

"အန်တီက ဒေါ်လေးမိုထင်ပါတယ်နော် ... "

"ဟုတ်ပါတယ် ... မင်းက မောင်သိဟမောင်လား ... "

"ဟုတ်ကဲ့ ... "

"မင်းကို အန်တီတို့ လာကြိုတာပါ ... "

"ဟုတ်ကဲ့ ... "

ကိုသိဟမောင်ဆိုတဲ့လူက သေသပ်ခန့်ညားတဲ့သူပါပဲ။

အသားကလတ်သည်။

အရပ်အမောင်းကောင်းတဲ့လူတစ်ယောက်ပါပဲ။

"မောင်သိဟမောင် ... "



"ဗျာ ... "

"ဒါက အန်တီလေးသမီး ခင်စံမိုတဲ့ ... "

"ခင်စံမိုလား ... မို့နာမည်ကိုတော့ မေမေကမကြာခဏ ချီးမွမ်းနေတတ်ပါတယ် ... "

"ရှင် ... "

ကိုသိဟမောင်ရဲ့အမေက မို့ကို မတွေ့ဘူးပဲ ချီးမွမ်းစကားပြောသည်တဲ့။

"သွားကြစို့ကွယ် ... "

အငှားကားနှင့် သူမတို့ထွက်လာခဲ့ကြသည်။

"အန်တီတို့သားအမိက ချွေတာပြီး ... စားသောက်နေထိုင်တာတောင် ကားလေးတစ်စီးမဝယ်နိုင်ဘူး ... "

"ဒီလိုပဲပေါ့ အန်တီရယ် ...မိုက လူဖြေသိက္ခာကြီးမားတဲ့ မိန်းကလေးဆိုတဲ့ ဂုဏ်သတင်းက မွေးနေတာပါ ... "

မို ငြိမ်သက်နေမိသည်။

ယောကျ်ားတစ်ယောက်က မိုကို အရောတဝင်လုပ်လျှင် မို မနှစ်သက်မိ။

ရှင့်ကို အထင်မကြီးပါဘူး။

စမ်းသပ်ရဦးမယ်။

သစ္စာမဲ့တဲ့ ယောကျ်ားတွေကို မိုအရမ်းမုန်းတာပဲ။

အိမ်ရောက်လာသည်။

မေမေကတော့ မို့ကို တာဝန်ကျေအောင်ညွှန်ခံပါ

တဲ့။

"ဒီမှာ မောင်သီဟမောင်နေဖို့ အခန်းလေ ... အန်တီတို့က တော့ မချမ်းသာဘူးကွယ် ... "

"အန်တီ ... ကျွန်တော့်အတွက် အထွေအထူးဘာမှ မလုပ်ပါနဲ့နော် ... အားနာစရာမလိုပါဘူး... "

မေမေ အရေးတယူလုပ်နေတာကို မို ရှက်နေမိသည်

ယောက်ျားတွေနဲ့ ပတ်သက်လာလျှင် မိုဟာနထား ချင်ဏါ။

"မောင်သီဟမောင်လည်း ဒီအိမ်မှာ အားနာစရာမရှိဘူးနော် ... လိုအပ်တာရှိရင်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြောပါ"

"ဟုတ်ကဲ့ ... "

"မိုရေ ... "

"ရှင်မေမေ ... "

မိုသည် အိမ်နောက်ဘက်ဝင်ပြီး ကော်ဖီဖျော်နေမိသည်။

ကိုသီဟမောင်ဆိုတဲ့ လူကတော့ ရိုးရိုးသားသား တည်ကြည်သူပါပဲ။

မို့က မယုံပေ။

အရေးတယူဆက်ဆံမှုကို မိုမလုပ်ချင်ဆုံးပဲ ဖြစ် နေသည်။



ကော်ဖီကို အေးဆေးစွာဖျော်နေမိ၏။

မေမေအော်နေသည်။

"မို ... "

မီးဖိုခန်းထဲသို့ မေမေဝင်လာသည်။

"သမီး ဘာလုပ်နေတာလဲ ... "

"ကော်ဖီဖျော်နေတာလေ ... "

"ဧည့်သည်ကို အားနာဖို့ကောင်းတယ်နော်မို ... "

ယောကျာ်းလေးတွေအပေါ် အထင်မကြီးတဲ့ စိတ်တွေ သမီးမှာရှိနေ၏။

တစ်ဦးတည်းသော သမီးလေးကို မိမိမျက်ကွယ်ပြုချိန်တွင် တစ်ဦးတည်း အထီးကျန်နေမှာ မိမိမလိုလားမိပေ။

"မို ... "

"ရှင် ... "

"မောင်သီဟမောင်က မဆိုးပါဘူးကွယ် ... "

"လူတစ်ယောက်ရဲ့ စိတ်ဓါတ်ကို ချက်ချင်းကြီး ကောင်းပါတယ်လို့ ... ဆုံးဖြတ်လို့မဖြစ်သေးဘူးလေ မေမေ ..."

"မဆိုးပါဘူး အဆင့်လောက်ကိုတော့ ... သမီး လက်ခံတယ် မဟုတ်လား ... "

မေမေက ကိုသီဟမောင်နှင့် ဖွတ်အတင်းကြီး သဘောတူချင်ပုံရနေသည်။

"ကဲပါ ... မို အပြင်ထွက်ရအောင် ... တော်ကြာ မေမေတို့ကို

Book Sharing

Scanned by CamScanner

တစ်ဖျိုးထင်နေဦးမယ် ... "

ယောကျ်ားတစ်ယောက်ကို အဲဒီလောက်အထိ ဂရုတစိုက်လုပ်နေဖို့မလိုဟု မို စိတ်က ထင်နေမိသည်။

မိန်းမတစ်ယောက်ရဲ့ မာနဆိုတာ ရှိသေး၏။

မို ကတော့ အထင်သေးပခံနိုင်ပါဘူး။

"မို မျက်နှာထားကို ပြင်စမ်း ... "

မေမေထွက်သွားသည်။

မို မျက်နှာကျောကိုလျော့ပြီး ဘော်ပိုခွက်လေးကိုင်ကာ အပြင်သို့ ထွက်လာခဲ့မိ၏။

"ကော်ဖီသောက်ဦးနော် မောင်သီဟမောင် ... "

"ဟုတ်ကဲ့ ... "

သီဟကတော့ မိုဆိုတဲ့ မိန်းကလေးအကြောင်းကို မေမေပြောပြထား၍ သိနေသည်။

ခင်စံမိုက အရမ်းမာနကြီးပြီး ဣန္ဒြေရှိတတဲ့သား ဒီမိန်းကလေးနဲ့သားကို မေမေက လက်ထပ်ပေးချင်တာတဲ့။

အကဲခတ်ဖို့လွှတ်လိုက်တာ။

ခင်စံမို ...

မျက်နှာကျောကတော့ တင်းတယ်။

သူ့ကို စိတ်ဝင်းစားဟန်မပြ။

ချောမောလှပတဲ့ ခင်စံမိုကို မြင်မြင်ချင်းသူ စိတ်



ဝင်စားမိသည်။

မေမေက ချွေးမအရွေးတော်သားပဲဟု သီဟတွေးမိနေ၏။

"သားနဲ့ သမီးစကားပြောကြဦးနော် ... မေမေ ဈေးသွားရဦးမယ် ... ညနေစာအတွက် အနံ့တို မစီစဉ်ရသေးဘူး"

မေမေထသွားသည်။

မို စိတ်အပျက်ဆုံးပဲ။

သူ့စိတ်ထဲမှာ မေမေက တမင်လွှတ်ပေးလိုက်တာဟုထင်သွားရင် ဘယ်လိုလုပ်မလဲ။

နှစ်ယောက်တည်းနေရတာ မို့စိတ်ထဲမှာ မလုံမလဲဖြစ်သွားရသည်။

မနေပါဘူး။

ရှင့်ဟာ ရှင်ဘယ်လို လူတစ်ယောက်ပဲဖြစ်ပါစေ။

ယောကျ်ားတစ်ယောက်ကို မိုမာနနှင့်ပဲ ဆက်ဆံချင်နေမိသည်။

"ကိုသီဟမောင်... "

"ကိုသီဟ ဆိုရင် ရပါပြီ မို ... "

"မိုလေ ရုံးက အလုပ်ကိစ္စလေးရှိနေလို့ ညှိမခံနိုင်တာ ခွင့်လွှတ်ပါနော် ... ကိုသီဟနေတတ်သလို လွတ်လပ်စွာနေပါ ... အားမနာပါနဲ့ လိုအပ်တာရှိရင်လည်း ကျွန်မကို ပြောနိုင်ပါတယ်နော် ... "

မို့ထွက်လာခဲ့သည်။

ဟုတ်တယ်လေ။

ယောကျ်ားလေးတစ်ယောက်ကို မို နှစ်ယောက်တည်း ချော့ခံဖို့ဝန်လေးမိသည်။

သမက်ဖမ်းတာမျိုးလည်း မိုလုံးဝမလုပ်လိုပေ။

မို့အခန်းထဲပြန်ဝင်လာခဲ့သည်။

ရုံးက အလုပ်တွေကိုလုပ်ဖို့အတွက် စာရွက်တွေကို ကြည့်နေမိ၏။

ကိုခန့်သော်ကို သတိရမိသည်။

မို့ကို အရေးတယူ ဆက်ဆံနေတတ်၏။

အခွင့်အရေးတွေပေးသည်။

ထူးဆန်းတာပဲ။

ယောကျ်ားတွေ။

မရခင် ဖျာလိုလိပ် ထိပ်ပေါ်တင်၊ ရတော့ ဖျာလိုခင်းနင်းခြေတတ်တဲ့ ယောကျ်ားတွေပဲ။

အထင်ကြီးစရာမရှိပါဘူး။

ကိုခန့်သော်ကို ပိုပြီး စိတ်ကူးထဲ မထည့်ချင်သေးတယ်။

ရှုပ်းသာတဲ့သူ။

မို့ကို သဘောတူမလား။

ပြီးတော့လည်း ယောကျ်ားတွေကို ယုံကြည်ဖို့ဆို



တာ အတော်လေးကြိုးစားရမှာပဲ ဖြစ်သည်။

စမ်းသပ်ရဦးမယ်။

ကိုသီဟ ...

ရှင့်ကို ကျွန်မ စမ်းသပ်ရမယ်။

သံစွာရှိတဲ့ ယောကျ်ားတစ်ယောက်ကိုပဲ ကျွန်မ ရွေးချယ်မှာ။

"မို ... "

"ရှင်မေမေ ... "

"သမီး ... ဘာလို့ မောင်သီဟကို ချော့မခံထားရတာလဲ..."

"သမီး ချော့မခံချင်ဘူး မေမေ ... နှစ်ယောက်ထဲစကားပြောနေရတာကိုလည်း မို စိတ်မလုံဘူး ... "

သမီးကို ဒေါ်လေးမို စိတ်ပျက်စွာကြည့်မိသည်။

ယောကျ်ားလေးတွေနဲ့ အကင်းရှင်းဆုံးနေတတ်တာတော့ သမီးအကျင့်ပဲ။

"မေမေ ... "

"ဟင် ... "

"သူက သမီးကိုရော မေမေ့ကိုရော အထင်သေးသွားမှာကြောက်တယ် ... "

မိုကို ဒေါ်လေးမို အပြစ်တင်ဖို့ ခက်သွားရသည်။

ဖိုဖို ကိုယ်တိုင်လည်း တန်ဖိုးရှိရှိ နေထိုင်ရန် အမြဲတမ်းလေ့ကျင့်ပေးခဲ့သည်။

သမီးပြောတာ ဟုတ်ပါတယ်။

မောင်သီဟကို မိမိက သမီးနှင့်သဘောကျပေမဲ့ သမက်ဖမ်းတဲ့ ပုံစံကြီးဖြစ်နေတာတော့ မကောင်းပါဘူးလေ။

"မို ... "

"ရှင် ... "

"မေမေ လက်ခံပါတယ် .... ဒါပေမဲ့ အရမ်းစိမ်းတဲ့ ပုံစံမျိုးတော့ မဖမ်းပါနဲ့ကွယ် ... မောင်သီဟ အားနာသွားလိမ့်မယ်သမီး ... "

စောစောထဲက ဒီအိမ်မှာ မေမေ လက်မခံသင့်ဘူးဟု မိုတွေးမိနေသည်။

မိန်းမပျိုလေးရှိတဲ့ အိမ်ဖြစ်၍ တခြားမှာပဲ တည်းစေသင့်၏။

အခုတော့ ...

မေမေက လက်ခံလိုက်သည်။

မိုနှင့် နီးစပ်မှုရှိစေချင်တာ မှန်ပေမယ့် မိုမျက်နှာပူနေမိ၏။

"သမီး နေတတ်သလိုပဲနေပါလေ ... မေမေ ဖိအားလုံးဝမပေးတော့ပါဘူး ... "

မေမေသည် သမီးအပေါ် နားလည်မှုပေးနိုင်တဲ့ မိခင်ပါ။

မိန်းမတစ်ယောက်ရဲ့တန်ဘိုးကို ဘယ်လိုထိန်းသိမ်း



ရမလဲဆိုတာ မေမေပဲ မိုအားသွန်သင်ဆုံးမလေ့ကျင့်ပေးခဲ့တာပဲ။

"မို့ကိုတော့ မေမေပြောချင်တာက... မောင်သီဟမောင်ကို အိမ်ထောင်ဖက်အဖြစ် ရွေးချယ်သင့်တယ်ဆိုတာပဲ ... "

မေမေ ထွက်သွားသည်။

တစ်ဦးတည်းသော သမီးကို အထီးကျန်မှာ မေမေစိုးရိမ်နေ၏။

မိုနားလည်ပါတယ်မေမေ။

ကိုသီဟမောင်ကလည်း ရွေးချယ်သင့်တဲ့ယောကျ်ားပါပဲ။

ဒါပေမဲ့ ...

မို စိတ်ထဲမှာ သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ရဲ့ လုပ်ရပ်တွေက စွဲထင်ကျန်ရစ်နေသည်။

လွယ်လွယ်နဲ့တော့ မိုလက်မခံချင်ဘူး။

စမ်းသပ်ရဦးမယ်။

လေ့လာအကဲခတ်ရဦးမယ်။

အချိန်တွေယူရမယ်။

ကိုသီဟမောင်ကို မို စိတ်ထဲမှာ လက်မခံနိုင်သေးလို ဖြစ်နေသည်။

## အခန်း [ ၇ ]

"ခင် ...."

"ဟင် ... "

"ရှင့်ဆီမှာ အကူအညီတောင်းစရာရှိတယ် ... "

"ပြော ... "

"ယောကျ်ားတစ်ယောက်ကို စမ်းသပ်ချင်လို့ ... "

"ဟင် ... "

ခင့်မျက်ဝန်းတွေက အံ့သြသွားပြီး မို့ကို ပြူးကြောင် စွာကြည့်သည်။

"မို ဘာပြောတာလဲ ... ရှင်က ဘာအရူးထပြီး ယောကျ်ား တစ်ယောက်ကို စမ်းသပ်မှာလဲ ... "

ခင်နှင့် ကိုကျော်ကျော်မောင်လည်း ပြန်ပြီးစွာပြ နေကြသည်။



ကိုကျော်ကျော်မောင်က ဟိုကောင်မလေးကို ဆက်ပြီး တွဲနေ၏။

ခင့်ကိုလည်း မပြတ်ပေ။

"လူကြီးတွေက မိုနဲ့ 'လက်ထပ်ပေးဖို့ လူတစ်ယောက် မို နဲ့နီးစပ်အောင်လို့ဆိုပြီး မိုတို့အိမ်မှာ လာတည်းတယ်လေ ခင် ... "

"ဟယ် ... "

ခင် အံ့သြသွားမိသည်။

မိုက ခင့်ကြောင့် ယောကျ်ားတွေအပေါ် အထင် သေးနေသူပါ။

"မေမေက ကိုယ့်ရှေ့ရေးအတွက် အရမ်းစိတ်ပူနေတယ် ခင် မေမေမျက်ကွယ်ပြုသွားရင် မိုတစ်ယောက်ထဲ အထီးကျန် မှာကို မေမေအစိုးရိမ်ဆုံးပဲ ... "

"ဖြစ်သင့်တာပဲ ... "

"မေမေမိတ်ဆွေရဲ့သားပါ နယ်ကလေ လောလောဆယ် ရန်ကုန်မှာ တာဝန်ကျလို့ အိမ်မှာတည်းနေတယ်ခင် ... "

"အဲဒီတော့ ... "

"ခင် ရင်းနှီးအောင်လုပ်ပြီး သူ့စိတ်တွေကို မိုစမ်းသပ်ချင် လို့ပါ ... "

"အဟက် ... "

"ယောကျ်ားတွေကို မို မယုံချင်ဘူး သစ္စာမဲ့တဲ့ ယောကျ်ား

တစ်ယောက်နဲ့လည်း လက်ထပ်ဖို့မှာ မိုကြောက်တယ် "

ခင်လည်း စိတ်လေးနေမိသည်။

မောင် ...

ခင့်အပေါ်ရက်စက်သည်။

ဟို မိန်းကလေးနှင့် မပြတ်။

တတွဲတွဲ။

သူငယ်ချင်းပါဆိုပြီး ဒီလောက်ပဲတွဲသွားတွဲလာလုပ်နေရလား။

ခင့်ကိုတော့ မောင် ငွေကြေးအရပတ်သက်နေတာပါ။

သိသိကြီးနှင့် ခင်စိတ်တွေက မောင့်ကို စွဲလမ်းနှစ်သက်နေမိသည်။

ခင်လည်း မောင့်ကိုရွှဲ့ပစ်ချင်တဲ့ စိတ်တွေဖြစ်ပေါ်နေမိ၏။

"မို ... "

"ဟင် ... "

"တကယ်လို့ ... "

"မို အပေါ် သစ္စာမရှိဘူးဆိုရင်တော့ ဒီလူကို မိုလက်လွှတ်လိုက်းဘာ က်ကောင်းတာပဲခင် ... "

"ကောင်းတာပဲ ... "

"ခင် ... "

Book Sharing



"ပြော ... "

"ရှင်လည်းသူကို အရမ်းမခွဲလမ်းသွားစေနဲ့နော် ... "

"ခင် ယောက်ျားတွေကို အထင်မကြီးတော့ပါဘူး မိုရယ်"

"တကယ်လား ... "

"အင်း ... "

"ကိုကျော်ကျော်မောင်ကိုတော့ ရှင်မေ့ပစ်သင့်ပါပြီ... "

"မေ့ဖို့ကြိုးစားနေပါတယ် ... "

"မိုတော့ သစ္စာမဲ့တဲ့ ယောက်ျားတွေကို အရမ်းမုန်းတာပဲ ယောက်ျားတစ်ယောက်ကို အရမ်းလက်မခံနိုင်ဘူး ... ဝမ်းသပ်လေ့လာမှုတွေ အသေးစိတ်လုပ်ပြီးမှ ရွေးချယ်မယ် "

"မို့အိမ်က အတင်းအကျပ်ပေးစားရင်ရော ... "

"မေမေက မို့သဘောထားကို နားလည်ပါတယ် မိုမကြိုက်နှစ်သက်တာကို မေမေဇွတ်အတင်းဘယ်တော့မှ မစီစဉ်ပါဘူး ... "

"မို ... "

"ပြော ... "

"တော်ကြာ မိုနဲ့ သံယောဇဉ်ဖြစ်သွားရင်ရော ... "

"မို့အတွက် ဘာမှ ငဲ့ညှာထောက်ထားစရာ မလိုပါဘူး ... ခင် ... မင်းကို ယုံ~ာ်ယ် ... မင်းဟာ ကိုကျော်ကျော်မောင်အပေါ်မှာပဲ သစ္စာရှိနေမှာပါ ... "

"မို ပြောတာမှန်တယ် ... ခင်ရွဲ့ပြတာမျိုးတော့ လုပ်ပြချင်

Scanned by CamScanner

တယ် ... ဒါပေမဲ့ မောင်ကလွဲပြီး တခြားသူတစ်ယောက်ကိုချစ်ဖို့ဆိုတာတော့ တကယ့်ကို မလွယ်တာပါ ... "

"သူ့အလုပ်လိပ်စာကို မိုပြောပြမဲ့ ... ခင် နီးစပ်အောင် ကြိုးစား ... "

"အင်း ... "

"သူ့ဘက်က သစ္စာရှိတယ်ဆိုရင်တော့ မိုနည်းနည်း စဉ်းစားမယ် ... "

"မို ... "

"ဟိုလူရော ... "

"ဘယ်လူလဲ ... "

"ဒါရိုက်တာကြီးလေ ... "

"ဟာ ... "

"ရှင့်ကို အရေးပေးနေတာတော့ အထင်အရှားပဲတော်"

"မဖြစ်နိုင်ပါဘူး ခင်ရယ် ... သူက အရမ်းချမ်းသာပြီး ဂုဏ်ဒြပ်တွေ ဖြင့်မားနေတာပါ မို့ကိုရွေးချယ်မလား ... "

"တကယ်လို့ ရွေးချယ်မယ်ဆိုရင်ရော ... "

"ဟင် ... "

"ဒါရိုက်တာကြီးကိုရော ဟိုလူစမ်းသပ်သလို ... ရှင် စမ်းသပ်မှာလား ... "

ခင်က ရယ်ပြီး မို့မျက်နှာကို စေ့စေ့ကြည့်ပြီး မေးနေသည်။



မိုဘယ်လိုဖြေရမလဲ။

သူကရော မို့ကို ရွေးချယ်မှာလား။

စိတ်တွေလှုပ်ရှားပြီး ခင့်ကို ရင်ဆိုင်ဖို့ပင် ခက်ခဲသွားရသည်။

အကြည့်ကို လွှဲပစ်လိုက်၏။

"ဒါရိုက်တာကြီးကို စမ်းသပ်ဖို့လည်းလိုမယ်နော် ... "

"မိုနဲ့ဘာမှ မဆိုင်ပါဘူး ... အလုပ်သဘောအရပဲ မိုဆက်ဆံတာပဲ သူလို ယောကျ်ားတစ်ယောက်က ပိုဆိုးမှာပဲခင် ... မို ရွေးချယ်မဲ့စံနှုန်းတွေနဲ့ လုံးဝကိုက်ညီမှာ မဟုတ်ဘူး"

"အချစ်ဆိုတာ နီးစပ်မှုတွေပါကွာ ... "

"နီးစပ်မှု ... "

"အင်း ... မောင်နဲ့ ခင် ငယ်သူငယ်ချင်းတွေလေ ကျောင်းသွားဖော်တွေပဲ ... အဲဒီတုန်းကတော့ တစ်တွဲတွဲဆိုတော့ ခင်နဲ့နီးစပ်နေတာပေါ့ သိပ်ချစ်ခဲ့ကြတာပဲပေါ့ ... "

ခင် အလုပ်ဝင်ပြီး မောင်လည်း အလုပ်ဝင်သွားရော တစ်ယောက်နဲ့ တစ်ယောက်က အလုပ်တာဝန်တွေနှင့် နီးစပ်မှု သိပ်မရှိကြတော့။

မောင်နဲ့နီးစပ်သွားရတာက ဟို မိန်းမပဲ တစ်ယောက်နဲ့ မောင်နီးစပ်သွားတာပဲ။

"မို ... "

"ဟင် ... "

"ဒီလို စမ်းသပ်တဲ့ ကိစ္စကို မို စဉ်းစားဦးနော် ... "

"ကျွန်မကိုတကယ်ပဲ နှစ်သက်မြတ်နိုးပြီး သစ္စာရှိတဲ့ယောကျ်ားကိုပဲ မို့ရဲ့ ထာဝရလက်တွဲဖော်အဖြစ်ရွေးချယ်ချင်တာပါ ..."

မို ...

စမ်းသပ်ရမယ်။

မိန်းမတွေမြင်တိုင်း စိတ်ဝင်စားတယ်တဲ့ ယောကျ်ားတစ်ယောက် ဟုတ်မဟုတ်လက်ထပ်ဖို့ မစဉ်းစားခင်တည်းက မို စမ်းသပ်လေ့လာထားသင့်သည်။

ကိုခန့်သော်က မို လုံဝစမ်းသပ်ဖို့မလိုတဲ့ လူတစ်ယောက်ပါ။

မိုလည်း သူ့ကို မရွေးချယ်ပါဘူး။

"ကိုယ်လက်ထပ်မဲ့ ယောကျ်ားတစ်ယောက်ကို အချစ်တစ်ခုတည်းနဲ့တော့ မဆုံးဖြတ်ဘူး ခင် ... "

"မိုက တကယ်ပဲ ဧစပ်သေချာတဲ့ မိန်းကလေးပဲ ကောင်းပါတယ် ... မို့ကို လေးစားတယ်ကွာ ... "

"ခင် ... "

"ပြော ... "

"ဒီကိစ္စအထူး လျှို့ဝှက်နော် ... ကိုသီဟမောင် သိသွားရင် မကောင်းဘူး၊ ဒီက ခင် အဖြစ်မျိုးတွေနဲ့ ကြုံရမှာ အရမ်းကြောက်တာ ... လက်ထပ်ပြီးမှဆိုရင် ပိုဆိုးလိမ့်မယ်ခင်"

"ခင် ကူညီ 'မယ် ... မို စိတ်ချပါကွာ မို့လို သူငယ်ချင်း



အကျိုးစီးပွားအတွက် ခင် အစွမ်းကုန်ကူညီမယ် ... "

ခင့်က ရိုးသားဖြူစင်တဲ့ မိန်းကလေး တစ်ယောက်ပဲဖြစ်သည်။

ကိုကျော်ကျော်မောင်က သစ္စာမဲ့တာပါ။

ခင် ပိန်းချုံးကျသွားသည်။

"အခုတော့လည်း ခင့်စိတ်တွေကို ပျော်အောင်နေတော့မယ်မို ... "

"ကောင်းတယ်ခင် မိုထောက်ခံတယ် ... "

ယောကျ်ားတွေ သစ္စာမရှိတိုင်း မိန်းမတွေ လိုက်ခံစားရမလား။

ခင်စိတ်လေပြီးရုံးကနေ ထွက်ရတော့မလိုတောင်ဖြစ်သွားရသည်။

ငွေကြေးတွေလည်း ကိုကျော်ကျော်မောင်အတွက် ထောက်ပံ့ရတာနှင့် ခင်အမြဲတမ်းချို့တဲ့ချေတာနေရ၏။

ခင် ပဲ နစ်နာနေသည်။

မိုလည်း ခင့်ကို စာနာမှုနာယူပြီး ယောကျ်ားတွေကို အတော်လေး ကြောက်ရွံ့တုန်လှုပ်ပြီး အယုံအကြည်မဲ့သွားရတော့သည်။

"မို့ စိတ်ချနော် ခင်အားလုံး ကူညီမယ် ... "

"ခင်ရယ် ကျေးဇူးတင်လိုက်တာ ... "

"မိုနော် ... တော်ကြာ ဟို ဒါရိုက်တာနဲ့ကျမှ ရှင်နောက်

Scanned by CamScanner

ကောက်ကျသွားဦးမယ်နော် ... "

"မဖြစ်နိုင်ပါဘူးရှင် ... ကိုသီဟမောင် တစ်ယောက်ကိုပဲ မှီရွေးချယ်ရမှာပါ ... အချစ်ဆိုတာ မှီဘဝမှာ ရှိလာနိုင်မှာ မဟုတ်ဘူး ဦးနောက်နဲ့ အသိတရားတွေနဲ့ပဲ ဆုံးဖြတ်မှာ"

"မှီရယ် ရှင့်လို စိတ်ဓါတ်တွေ နိုင်မာချင်လိုက်တာနော်."

ခင် ညီးညီးညျုညျုလေး ပြောပြီး မျက်ဝန်းတွေထဲမှာ မျက်ရည်တွေစို့နေသည်။

"မှီ သွားတော့မယ် ရုံးဆင်းမှ ထပ်တွေ့ကြမယ်နော် "

"အင်း ... "

ခင်နဲ့ မှီက အရင်လို အတူတူမဟုတ်တော့ပေ။

မှီက ဒါရိုက်တာရဲ့လက်ထောက်မလေးတစ်ယောက် ဖြစ်နေသည်။

ခင့်အနားကနေ ထလာခဲ့၏။

ရုံးခန်းထဲသို့ မှီဝင်လာခဲ့သည်။

ကိုခန့်သော်မရောက်သေးသဖြင့် မှီ အခန်းသန့်ရှင်းရေးလုပ်နေမိ၏။

မှီ သန့်နေမှ ကြိုက်သည်။

အိမ်မှာလည်း အိမ်မှုကိစ္စတွေကို မှီလုပ်ရ၏။

ကိုးများ၍မရ။

"ကိုယ် ခင်ပွန်းလင်ယောကျ်ားတစ်ယောက်ရဲ့ အထင်ကြီးမှုတွေက မိန်းမတစ်ယောက်မှာရှိသင့်တဲ့ အိမ်ရှင်မအတတ်



ပညာတွေပေါ်မှာ မူတည်တယ်သမီး ... "

မေမေသည် တစ်ဦးတည်းသော သမီးပေမဲ့ မှီ့ကို အလိုမလိုက်။

လုပ်သင့်တာလုပ်စေသည်။

အိမ်မှုကိစ္စတွေသင်ပေး၏။

"သမီးဖေဖေ မေမေ အပေါ်ချစ်မြတ်နိုးပြီး သစ္စာရှိခဲ့တာ မေမေ့ ဘက်ကလည်း အိမ်ရှင်မတာဝန်တွေ ကျေပွန်ပြီး ဖြုစုယုယပေးတတ်ခဲ့လို့ပဲ ... "

ဖေဖေနှင့် မေမေသည် အချစ်ကြီးချစ်ကြသော အိမ်ထောင်ရှင်တွေဖြစ်ခဲ့ကြသည်။

တစ်ယောက်ပေါ် တစ်ယောက်သစ္စာရှိစွာဖြင့် ချစ်ကြ၏။

မှီလည်း ထိုကဲ့သို့သော ဘဝမျိုးလေးကို ပိုင်ဆိုင်လိုသည်။

ဒါကတော့ —

မှီ့ရွေးချယ်ရမှာပဲ။

စမ်းသပ်မှုတွေ လုပ်တာတော့မမှားဘူးဟု မှီထင်မိသည်။

မှီ အခန်းလေးကို သေသေသပ်သပ် လှပအောင်ရှင်းလင်းနေမိ၏။

ကိုခန့်သော် ရောက်လာသည်။

"မို တကယ်တော်တာပဲ ကိုယ့်အရမ်းသဘောကျနှစ်သက်တဲ့ အရည်ဆေးချင်းတစ်ခုပဲကွာ ... "

မို့ကို အဲဒီလိုကြီး တရင်းတနှီးချီးမွမ်းတာမျိုးမို မကြိုက်။

ရှင် သဘောကျဖို့ ကျွန်မလုပ်ပေးနေတာ မဟုတ်ကြောင်းတော့ ကိုခန့်သော်အား သိစေချင်သည်။

"အခန်းတစ်ခုကို သန့်ရှင်းသပ်ရပ်နေမှ နေတတ်အောင် မို့ မေမေက ငယ်ငယ်လေးတည်းက အလေ့ကျင့်ပေးထားတာပါ ... "

မို့လေသံတွေက နည်းနည်းတော့ တင်းမာသွားသယောင်ပင်။

မတတ်နိုင်ဘူး။

ယောက်ျားတစ်ယောက် သဘောကျနှစ်သက်စေဖို့ မို ဘယ်တော့မှ မလုပ်ဘူး။

ရှင်အထင်ကြီးအောင်လည်း ကျွန်မ ဘယ်တော့မှ မလုပ်ပါဘူးနော်။

"ဒီအခန်းက မိုလည်းနေတဲ့အခန်း ဖြစ်နေလို့ ... "

မို မာနပြနေတာကို သူ သိ၍ အပြုံးပြင့်ကြည့်နေမိသည်။

ခန့်သော် စတွေ့တည်းက ဘာမှန်းမသိဘဲ နှစ်သက်ခဲ့ရသော ခင်စံမိုသည် တဖြည်းဖြည်း အနေနီးလာတော့လည်း ပို၍



ပင်၊ နှစ်သက်မြတ်နိုးစရာကောင်းလာသည်ဟု ခန့်သော် ထင်မိလာရ၏။

မို လှပသည်။

ညည်းစနစ်ကြီး၏။

သွက်လက်ထက်မြက်မှုရှိသည်။

ဤမွေသိက္ခာ ကြီးမားသော မိုးလိုမိန်းကလေးမျိုးကို ခန့်သော်ဘဝအဖော်အဖြစ် လက်တွဲလိုတဲ့ ဆန္ဒတွေ ပြင်းပြစွာရှိနေခဲ့၏။

မို ...

မင်းကို ကိုယ်ချစ်တယ်။

လက်ထပ်ချင်တယ်။

ကိုယ့်ဘဝလက်တွဲဖော်အဖြစ် ကိုယ့်အနားမှာ အမြဲရှိနေစေချင်တယ်။

မိုသည် သူမအလုပ်ပြီးတော့ သူမစားပွဲမှာထိုင်နေသည်။

မာနတွေနဲ့ တင်းနေတဲ့မျက်နှာလေးက မိုရဲ့တန်ဖိုး ဖြစ်နေ၏။

သူလိုလူတစ်ယောက်နဲ့ အခန်းထဲမှာနေရတာပင် မိုသည် အလုပ်တာဝန်ကိစ္စမှလွဲ၍ အပိုမပတ်သက်ခဲ့။

ဒါ့ပါ

မင်းရဲ့တန်ဖိုးတွေပဲလို့ ကိုယ် ထင်မိနေတယ် မို

Scanned by CamScanner

ရယ်။

ခန့်သော်၊ သူ့အိတ်ထဲမှ ဟန်းဖုန်းလေးကိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိနေသည်။

မို့ကိုပေးဖို့ပါ။

အလုပ်တာဝန်အရ လိုအပ်လို့ပေးတာဖြစ်ပေမဲ့ မို တစ်မျိုးထင်ပြီး စိတ်ဆိုးသွားမှာလည်း စိုးရိမ်မိသည်။

ပေးရမယ်။

မို့အတွက် လိုအပ်တယ်။

တစ်ခါတစ်ရံ ...

သူ အရေးတကြီးဆက်သွယ်ချင်တဲ့ အချိန်တွေမှာ ဆက်သွယ်ဖို့ဖြစ်သည်။

ထိုဟမ်းဖုန်းအား မို လက်ခံအောင် ဘယ်လိုပေးရမလဲ။

မိုသည် သူ့ဘက် လုံးဝလှည့်မကြည့်တော့ဘဲ၊ စာရွက်တွေနှင့် အလုပ်ရှုပ်နေတော့သည်။



အခန်း [ ၈ ]

"မို ... "

"ရှင် ... "

"အခုတလော အလုပ်ကိစ္စတွေက အရမ်းများနေတယ်နော် မို ... "

"ဟုတ်တယ် ကိုခန့်သော် ... "

ခန့်သော် ဘာပဲဖြစ်ဖြစ် မို့ကိုတော့ ဟမ်းဖုန်းပေးမည်ဟု ဆုံးဖြတ်ထားသည်။

လိုအပ်နေတာ မဟုတ်လား။

မိုနှင့် အချိန်မရွေးတွေ့နိုင်တဲ့ အခွင့်အရေးရှိချင်သည်။

ဟမ်းဖုန်းရှိတော့ အချိန်မရွေးဆက်သွယ်လို့ရတာပဲ မဟုတ်လား။

Book Sharing

Scanned by CamScanner

ခန့်သော် စိတ်တွေက မို့ကိုပဲ တမ်းတမ်းတတဖြစ်နေတတ်သည်။

မိုက မသိပေ။

"မို့အတွက် မရှိရင်မဖြစ်တဲ့ ဟမ်းဖုန်းလေးတော့ မို့ကို ပေးထားချင်တယ် ... "

"ရှင် ... "

မို ...

အံ့အားသင့်သွားသည်။

ဟမ်းဖုန်းကို သူမကိုင်ရလိမ့်မည်ဟု ဘယ်တော့မှ မစဉ်းစားမိ။

တန်ဖိုးကြီးမားတဲ့ပစ္စည်းတစ်ခုပဲ မဟုတ်လား။

"မို လက်ခံထားပါ ... အလုပ်သဘောအရ မို့မှာရှိသင့်တယ်လို့ ... ကိုယ်ထင်တယ်လေ ... "

မိုတို့အိမ်မှာ ဖုန်းမရှိ။

အပြင်ကနေ ဆက်သွယ်ရသည်။

ယောက်ျားတစ်ယောက်ဆီက လက်ဆောင်ပစ္စည်းသဘောမျိုး လက်ခံရမှာ မို အမြဲတမ်းဝန်လေးနေတတ်၏။

ငြင်းဆန်ဖြစ်တတ်သည်။

"ဒါလေးကိုတော့ မို လက်ခံပါနော် ... ယူထားပါ ... ကိုယ်စာရွက်စာတမ်းတွေပဲ ကြည့်ချင်ကြည့်ချင် ... မို့ဆီကိုအကြံဉာဏ်တွေ တောင်းချင်ရင်ပဲဖြစ်ဖြစ် ... အလွယ်တကူ ဆက်



သွယ်လို့ရတာပဲပေါ့ ... "

သူက ဟမ်းဖုန်းလေးတစ်လုံးကို မို စားပွဲပေါ်တင်ပေးသည်။

မို လက်ခံရမလား။

ဒီလောက်တန်ဖိုးကြီးတဲ့ ပစ္စည်းတစ်ခုကို သူ ဘာသဘောနဲ့ မို့အတွက် ပေးရတာလဲ။

"လက်ခံပါ မို ... အလုပ်သဘောအရ ပေးတာပါ ... မို့နဲ့ကိုယ် အလွယ်တကူဆက်သွယ်နိုင်ဖို့ လိုအပ်တာပဲ ... "

သူ

ထွက်သွားသည်။

အလုပ်ကိစ္စအတွက် ကိုယ်အပြင်သွားမည်ဟု ပြောသွား၏။

မို့စားပွဲပေါ်မှာ ဟမ်းဖုန်းလှလှလေးတစ်လုံး။

ဖြူဖွေးဥနေတဲ့ အရောင်လေးက မိုခရေစီဖြစ်တတ်တဲ့အရောင်။

ကိုခန့်သော် သိနေသည်။

မို ဘယ်လိုလုပ်ရမလဲ။

လက်ခံလိုက်ရမလား။

လုပ်ငန်းအတွက် အရေးကြီးတာတော့ အမှန်ပဲဖြစ်နေသည်။

အဖိုးတန်တဲ့ပစ္စည်းတစ်ခု ဖြစ်နေတော့ မိုလက်ခံ

Scanned by CamScanner

ရှာ တွန့်ဆုတ်နေမိ၏။

မေမေ ဘာပြောမလဲ။

အိမ်မှာလည်း မို့နှင့် လူကြီးတွေ သဘောကျနေတဲ့ ကိုသီဟ ရောက်နေသည်။

မို့ အကဲခတ်လေ့လာဖို့အတွက် နိုးစပ်စေရန်ဖြစ်၏။

"တီ ... တီ ... "

"ဟင် ... "

"တီ ... တီ ... "

ဖုန်းမြည်နေပြီ။

"တီ ... တီ ... "

"တီ ... "

"တီ ... "

ဟမ်းဖုန်းလေးကို အထိတ်တလန့်နှင့် မို့ စိုက်ကြည့်နေမိသည်။

"တီ ... တီ ... "

"တီ ... "

မဖြစ်တော့။

ကောက်ယူပြီး ဖွင့်ပြီးနားထောင်လိုက်မိတော့သည်။

"ဟဲလို ... "

"မို့လား ... "

"ဟင် ... "



"ကိုယ်ပါ ... ဟိုလေပစ္စည်းတွေမှာထားတဲ့ ကုမ္ပဏီရဲ့ဖုန်းနံပါတ်ပြောပါဦး မို့ ... "

"ဟုတ် ... ဟုတ်ကဲ့ ... "

မို့ တုန်တုန်ရီရီနှင့် ကိုခန့်သော် လိုအပ်တာတွေ ရှာပြီးပေးရသည်။

"မို့ ... "

"ရှင် ... "

"ဒီဟမ်းဖုန်းလေးက ဘယ်လောက်အသုံးဝင်လဲ ... တစ်ခါတလေ မို့အိမ်မှာရှိနေတဲ့ အချိန်တွေ ကိုယ် အရေးပေါ် အလုပ်တွေပြောဆို ညှိနှိုင်းချင်တာတွေ ရှိနေတတ်တယ်လေ ... "

"ဟုတ်ကဲ့ ... "

"အလုပ်တာဝန်အတွက် မရှိမဖြစ်လိုအပ်တဲ့ ကြားခံပစ္စည်းပဲလေ ... ကိုယ့်ရဲ့ရင်းနှီးမြှုပ်နှံမှုတစ်ခုပဲပေါ့ ... လက်ခံပါလို့ မို့ကို ပြောချင်တာပါ ... "

"ဟုတ် ... ဟုတ်ကဲ့ပါ ... "

မို့ ...

မငြင်းဆန်မိ။

လက်ခံထားလိုက်မိသည်။

ဒီလူနှင့် ပတ်သက်ပြီး မို့အပေါ် သြဇာသက်ရောက်မှုတွေက များပြားနေ၏။

ကိုခန့်သော် အမိန့်ကို မှီအလွယ်တကူ နာခံတတ်တဲ့ အကျင့်ရလာသည်။

မဖြစ်သင့်ပါဘူး။

"မှီ ... "

"ရှင် ... "

"ကိုယ် ဒီနေ့ရုံးကို ပြန်မလာတော့ဘူး ... အလုပ်ကိစ္စတွေ ရှိလို့ပါ ... ဒီရုံးချိန်ပြီးရင် ပြန်နိုင်ပြီ ... "

"ဟုတ်ကဲ့ ... "

ဖုန်း ပိတ်သွားသည်။

မှီ ဟမ်းဖုန်းလေးကို ကိုင်တွယ်ပွတ်သပ်ကြည့်နေမိ၏။

ချစ်စရာကောင်းလိုက်တာ။

မှီ ခရေစီဖြစ်တတ်တဲ့အရောင့်လေးကို ရှင် ရွေးချယ်ထားတာလား။

ဟမ်းဖုန်းလေးကို မြတ်နိုးသွားမိသလိုဖြစ်သွားရသည်။

မှီ အသိတွေနှင့် ထိန်းချုပ်ဖြစ်လိုက်ရ၏။

ယောကျ်ားတစ်ယောက်အပေါ် မှီဘယ်တော့မှ အလွယ်တကူ မတိမ်းညွတ်ဘူး။

မာန ရှိရမယ်။

အထင်ကြီးစရာမရှိပါဘူး။



မှီက အလုပ်တာဝန်အရသာ လက်ခံလိုက်တာပါနော်။

ညနေ ရုံးချိန်ပြီးတော့ မှီ ပြန်လာခဲ့သည်။

လုပ်ငန်းကြီးတွေကို လုပ်ကိုင်နေတဲ့လူတစ်ယောက်ရဲ့ လက်ထောက်အနေနှင့်တော့ ဟမ်းဖုန်းက လိုအပ်မှာပါ။

မှီ ...

စိတ်ပျော့နေသလိုပဲ။

ဘာကြောင့်လဲ။

ယောကျ်ားတွေအပေါ် မာကျောတဲ့စိတ်တွေ မှီ့မှာ အမြဲတမ်းရှိနေတတ်သည်။

အိမ်ရောက်တော့ မေမေ့ကို ဟမ်းဖုန်းကိစ္စပြောပြလိုက်မိ၏။

"အလုပ်အတွက်ပေးတာပါ မေမေ ... မှီက လုပ်ငန်းကြီးတွေကို တာဝန်ယူရတာလေ ... "

"မှီ ... "

"ရှင် ... "

"မောင်ခန့်သော်က မှီ့ကိုလိုအပ်တာထက် ပိုပြီးအခွင့်အရေးပေးနေတာမျိုးလားကွယ် ... "

"မဟုတ်ပါဘူး မေမေ ... ကိုခန့်သော်က မှီ့ကိုအားကိုးတာပါတဲ့ ... သူက တည်ကြည်တဲ့ယောကျ်ားပါ ... "

မှီ ပြောလိုက်တာလည်း အမှန်စကားတွေပဲဖြစ်

Scanned by CamScanner

သည်။

ကိုခန့်သော်သည် နာမည်ပျက်မရှိဘဲ အလုပ်သဘော အရသာ ဆက်ဆံပြောဆိုတတ်လေ့ရှိသူဖြစ်၏။

တည်ကြည်ခန့်ညားသူပါ။

"သမီးကို မေမေ ယုံကြည်ပါတယ် ... သမီးက မာနကို အထိမခံဘူးဆိုတာ မေမေ သိတယ် ... အင်းလေ ... လုပ်ငန်းကြီးတစ်ခု လုပ်ကိုင်နေသူရဲ့ လက်ထောက်ဆိုတော့လည်း လိုအပ်ပါတယ်ကွယ် ... သမီး ရေချိုးတော့ ... မေမေ ညစာစားဖို့ စောင့်နေမယ် ... "

မေမေ ပြောပြီး အခန်းထဲကနေ ပြန်ထွက်သွားသည်။

မို ရင်ခံနေ၏။

တင်းတင်းကျပ်ကျပ်ကြီး ဖြစ်နေမိသလိုပင်။

ညစာပင် မစားချင်။

အင်အားတွေမဲ့သလို နုံးချည့်နေသည်။

မေမေ့စိတ်ထဲမှာ တစ်မျိုးထင်နေမှာစိုး၍ မို ရေချိုးလိုက်၏။

ညစာစားဖို့အတွက် မို အပြေးအလွှား မေမေ့ဆီသွားလိုက်ရသည်။



# အခန်း [၉]

"မို ... "

"ရှင် ... "

"ကိုသီဟ ... ဈေးဝယ်ချင်တယ် မို ... အဲဒါ ကိုယ်တစ်ယောက်တည်းဆိုတော့ ... ယောင်ချာချာဖြစ်နေမှာဆိုးလို့ မိုလည်း လိုက်ခဲ့ပေးပါလား ... "

ကိုသီဟတောင်းဆိုနေတော့လည်း မိုငြင်းဆန်လို့ မကောင်းပြန်ပေ။

ပြီးတော့ ...

ဘာပဲပြောပြော။

မိုနဲ့ သူ လက်ထပ်ဖို့ လူကြီးတွေက ရည်ရွယ်ထားတယ်ဆိုတာ သိနေကြသည်။

"မိုက ဆိုင်တွေလည်းသိတယ် … ဒီနေ့လည်း အားလပ်ရက် ပဲ မို … "

"ဟုတ်ကဲ့ … မို လိုက်ပေးပါ့မယ် … "

ခင်နဲ့ ကိုသီဟတို့ တွေ့ဆုံဖို့အတွက် မို ဘယ်လိုလုပ် ရမလဲ။

မို စမ်းသပ်ချင်မိသည်။

ယောကျ်ားတစ်ယောက်ရဲ့ သစ္စာတရားကို မိုလက် ခံနိုင်လောက်တဲ့အထိ စစ်ဆေးပြီးမှ ယုံကြည်သင့်ပါတယ်။

မို ပြင်ဆင်နေမိသည်။

မေမေကတော့ ကိုသီဟကို အလွန်အမင်းသဘော ကျနေမိ၏။

ပြေပြေလည်လည်ဆက်ဆံဖို့ မို့ကိုသတိပေးနေတတ် သည်။

မို့ကိုတော့ အတင်းအကျပ်ဖိအားပေးတာမျိုးတော့ မဟုတ်ပေ။

"သွားစို့ … ကိုသီဟ … "

မို …

မင်းအရမ်းလှတာပဲ။

ကျက်သရေရှိတဲ့ မိန်းကလေး … ။

သီဟကတော့ မို့ကို သဘောကျနေပြီဖြစ်သည်။

မေမေ့ကို ပြောရမယ်။



မိုက တစ်မျိုး …

အချစ်မရှိဘဲ လက်မခံဘူးတဲ့။

မိုရေ ကိုသီဟတော့ မို့ကိုချစ်နေပြီ။

မာန်မာနကြီးတဲ့ မိုကြောင့် သီဟအချစ်တွေကို ဖွင့် ဟဖို့ ခက်နေသည်။

"ကိုယ့်ကို လိုက်ကူညီတာပဲ ကျေးဇူးတင်ပါတယ် မို … "

"ကျွန်မကူညီရမဲ့သူမို့ ကူညီတာပါ … "

မိုကတော့ ကိုသီဟအပေါ် စိတ်ဝင်စားမှုနည်းပါး နေသည်။

မဆီမဆိုင် …

ကိုခန့်သော်ကိုပဲ သတိရနေသည်။

မိုက သစ္စာတရားကို ဦးထိပ်မှာ ထားသူဖြစ်၏။

ကိုခန့်သော်နဲ့ မို …

ဟမ်းဖုန်းလေးကို မို တင်းကျပ်စွာဆုပ်ကိုင်ထားမိ သည်။

သူပေးထားတာ …

"မိုက ကိုယ့်လက်ထောက်ပဲ … ဟမ်းဖုန်းရှိဖို့ လိုအပ်တယ် လိုအပ်ရင် ကိုယ်ဆက်သွယ်လို့ရအောင်ပဲ … "

မို လက်မခံချင်။

ဘာဖြစ်လို့မှန်း မသိပေ။

သူ့ဆန္ဒတွေကို မိုလွန်ဆန်နိုင်တဲ့ အင်အားတွေ မဲ့နေ

Book Sharing

Scanned by CamScanner

ရသည်။

မဖြစ်သင့်ပါဘူး။

မှိ ကိုသီဟနဲ့ လက်ထပ်ရမှာ ...

ခေါင်းညိတ်လိုက်ရဖို့အတွက် မှိအလွန်ဝန်လေးနေမိသည်။

ကိုသီဟကိုတော့ စမ်းသပ်စစ်ဆေးဖို့ ကြံစည်နေ၏။

ကိုခန့်သော်ကိုရော ...

ဘာဆိုင်လို့လဲ ...

မှိ့ကို လက်ထပ်ပေးဖို့ လူကြီးတွေက စီစဉ်တာ ... ကိုသီဟ။

"မှိ ... "

"ရှင် ... "

"ဒီရုပ်အင်္ကျီလေး မှိကြိုက်လား ... "

"ရှင် ... "

မှိ အတွေးလွန်နေမိသည်။

ကိုသီဟပစ္စည်းတွေ ရွေးနေတာကို မှိစိတ်မဝင်စားမိပေ။

အသိမဲ့နေမိသည်။

"ကိုယ်နဲ့ လိုက်မလား မှိ ... "

"အင်း ... လိုက်တယ် ကိုသီဟ ကောင်းပါတယ် ... "

မှိကပျာကယာ ထောက်ခံစကားပြောလိုက်မိသည်။



ကိုခန့်သော်က ရုပ်အင်္ကျီဝတ်လျှင် အဖိုးတန်လွန်းပြီး (                    )တွေမှ ဝတ်တတ်၏။

ကိုသီဟကတော့ ကပ်စေးနည်းပုံပင် အညံ့စားတွေပဲ ဝယ်နေသည်။

"အကောင်းစားတစ်ထည်ဝယ်မဲ့အစား အညံ့စားသုံးထည်လောက် ဝယ်ဝတ်တာ တွက်ချေကိုက်တယ် မှိ ... "

နေ့ထိုင်သုံးစွဲတာကအစ စည်းစနစ်ရှိသော ယောကျ်ားဖြစ်သည်။

ကောင်းပါတယ်။

မှိကလည်း ပရမ်းပတာ နေထိုင်တတ်တာကို သဘောမကျပါ။

ပစ္စည်းတစ်ခုဝယ်ဖို့အရေး စေ့စပ်သေချာစွာ ကြည့်နေသည်။

"မှိ ... "

"ရှင် ... "

"ကြည့်ပေးပါဦး ... "

"ကောင်းပါတယ် ... "

"မှိ ဘာလိုချင်လဲ ဝယ်လေ ... "

"ဟင့်အင်း ... မှိဝယ်စရာ ဘာမှမရှိပါဘူး ... "

"ဒါဆို ကိုယ်ပဲလက်ဆောင်ဝယ်ပေးမယ်နော် ... "

"နေပါစေ ကိုသီဟ ... ကျွန်မ ဘာမှမလိုချင်ပါဘူး ... မပေး

Scanned by CamScanner

ပါနဲ့နော် ... "

ခင်မင်နေတဲ့အချိန်တွင် ယောကျ်ားတစ်ယောက်ဆီက လက်ဆောင်ကို လက်မခံလိုပေ။

ကိုခန့်သော်ပေးတာတော့ မို ဘာလို့များလက်ခံခဲ့မိလဲ။

မို ငြင်းဆန်ပါလား။

ကိုသီဟနှင့် ကင်းအောင် မိုနေတတ်တာ မိုအံ့ဩမိသည်။

"မို ... "

"ရှင် ... "

"ဒီကလစ်ကလေးတစ်ခုတော့ မိုကို ပေးပါရစေ ... "

မို အမြဲတမ်း ကလစ်လေးကို မျိုးစုံဝတ်တတ်မျိုးဖြစ်သည်။

"နေပါစေ ... "

"လက်ခံပါ မို ... "

"ဟင့်အင်း ... ကျွန်မ လက်မခံပါရစေနဲ့ ကိုသီဟ ... "

မို့မျက်နှာလေးက တင်းမာခက်ထန်သွားရသည်။

လက်မခံနိုင်ပါဘူး။

ကိုသီဟနှင့် လက်ထပ်ဖို့ကိစ္စ မိုလက်ခံဖို့ ဆန္ဒမရှိပေ။

"မို ယောကျ်ားလေးတစ်ယောက်ပေးတဲ့ လက်ဆောင်ကို



လက်မခံပါရစေနဲ့ ... "

မို ပြောလိုက်သည်။

ဟုတ်တယ်လေ။

အားမနာတမ်း ပြတ်ပြတ်သားသားပြောရမယ်။

ကိုသီဟ ဘယ်လိုပဲ ခံစားခံစား မိုအားမနာတော့ပေ။

ပြန်ချင်နေပြီ။

အဝတ်အစား အသုံးအဆောင်တွေကို အေးအေးဆေးဆေး ရွေးနေတာ မို စိတ်မရှည်ချင်။

ကိုသီဟကမိုနဲ့ အကြာကြီးလည်ပတ်နေတဲ့ သဘောဖြစ်နေသည်။

မို စိတ်မရှည်တော့။

စိတ်ကျဉ်းကျပ်ပြီး အနေခက်အယှက်ဖြစ်နေမိသည်။

"တီ ... တီ ... "

"တီ ... တီ ... "

သူ့ကလက်ကိုင်အိတ်ထဲမှ ဟမ်းဖုန်းလေးမြည်လာသည်။

ထုတ်ပြီး နားထောင်လိုက်သည်။

"ဟဲလို ... "

"မို ... "

"ဟုတ်ကဲ့ ပြောပါ ... ကိုခန့်သော် မိုပါ ... "

"မို … အခု ဘာလုပ်နေလဲ … အိမ်မှာလား … "

"ဟင့်အင်း … ကျွန်မ အခုညည်သည်တစ်ယောက်ကို ဈေးလိုက်ဝယ်ပေးနေတာပါ … "

"ကိုယ် အလုပ်ကိစ္စတစ်ခုအတွက် … စာရွက်စာတမ်းတချို့ကြည့်ချင်တယ် မို … ပြလို့ရမလား … "

"ရှင် … "

"ကိုယ်တို့ မနက်ဖြန် ကုမ္ပဏီတစ်ခုနဲ့ စာချုပ်ချုပ်ဖို့လေ … မို ကိုယ်ဒီနေ့လေ့လာထားချင်တယ် … မို အချိန်ပိုဆင်းတယ်လို့ သဘောထားပါနော် … "

"ဟုတ်ကဲ့ … "

မို လက်ခံလိုက်သည်။

ကိုခန့်သော် အမိန့်ကို မိုနာခံတတ်တာ အကျင့်ဖြစ်နေ၏။

"ကိုခန့်သော်ဆိုတာက … "

"မို့အရာရှိပါ … အရေးကြီးကိစ္စရှိလို့ ပြန်ရမယ် ကိုသီဟ"

"မို့မှာ အရင်က ဟမ်းဖုန်းမရှိပါဘူး … "

"ကျွန်မ အလုပ်အတွက်ပါ ကိုသီဟ … အလုပ်ရှင်က ပေးထားတာလေ … "

"ဟုတ်လား … "

ကိုသီဟကိုပြောပြီး မို ရှေ့ကနေ ကပျာကယာထွက်လာခဲ့မိသည်။



မို ဘာဖြစ်နေတာလဲ။

ကိုခန့်သော်က လိုအပ်တယ်ဆိုတာနှင့် မိုအပြေးအလွှားသွားရသည်။

"မို … "

"ရှင် … "

"ဖြည်းဖြည်းသွားပါ … "

"မနက်ဖြန်အလုပ်ကိစ္စအတွက် … မိုတို့ အရေးကြီးနေတယ် ကိုသီဟ … "

မိုကတော့ ကိုခန့်သော်ရဲ့အလုပ်ကိစ္စတွေကိုပဲ စိတ်ဝင်စားမိသည်။

ကိုသီဟနောက်မှ လိုက်လာ၏။

အငှားကားနဲ့ ပြန်လာကြသည်။

"သမီး ဘာလို့အပြေးအလွှားနဲ့ ပြန်လာရတာလဲ … "

"အလုပ်ကိစ္စရှိလို့ မေမေ … မို စာရွက်စာတမ်းတွေယူပြီးသွားရမယ် … "

မောင်သီဟကို ဒေါ်လေးမို အားနာသွားရသည်။

သမီးက အလုပ်ကိစ္စကိုပဲ အလေးအနက်ထားနေ၏။

"မောင်သီဟရော ပစ္စည်းတွေ စုံရဲ့လားကွယ် … "

"ဟုတ်ကဲ့ စုံပါတယ် … အန်တီ"

"သမီးကတော့ ဒီလိုပဲ … ကိစ္စတွေက များတယ်ကွယ်"

မောင်သီဟကို အားနာပြီး ဒေါ်လေးမို တောင်းပန်နေရသည်။

သမီး ...

မောင်ခန့်သော်နဲ့ အရမ်းရင်းနှီးနေပြီလား။

မဖြစ်ဘူး။

သမီးအနှိမ်ခံရမှာ။

ငွေကြေးချမ်းသာပြည့်စုံတဲ့ မောင်ခန့်သော်လို လုပ်ငန်းရှင်တစ်ယောက်နဲ့ သမီးကို မိဘတွေက လက်ခံသဘောတူပါ့မလား။

သမီး သိပါတယ်လေ။

ထက်မြက်ပြီး မာန်မာနရှိတဲ့ သမီးကို ဒေါ်လေးမို ယုံကြည်စိတ်ချမိသည်။

ဣန္ဒြေသိက္ခာရှိပြီး မာန်မာနရှိတဲ့ သမီးဖြစ်နေသည်။

"မောင်သီဟကို အားနာလိုက်တာကွယ် ... "

"ရပါတယ် အန်တီ ... မိုက အလုပ်ကိစ္စတွေကို အလေးအနက်ထားတတ်တာ ကျွန်တော် သိပါတယ် ... "

"သမီးက ဒီအတိုင်းပါပဲ ... အလုပ်တာဝန်တွေကို အရမ်းကျေပွန်တာ ... "

ဒေါ်လေးမိုကတော့ သမီးအတွက် မောင်သီဟနှင့်ပဲ သဘောတူနေမိသည်။

စည်းစနစ်ကြီးပြီး သေသပ်တဲ့ ... ယောကျ်ားတစ်



ယောက်ပါ။

ရာထူးရော၊ ငွေကြေးရော၊ ပညာရော ဘာမှပြောစရာမရှိပေ။

သမီးက ငြိမ်သက်နေသည်။

လက်ခံဖို့ ငြင်းဆန်မှုမရှိသေးပေမဲ့ အင်တင်တင်ဖြစ်နေ၏။

မောင်ခန့်သော်နဲ့များ ...

သမီးအခန်းထဲ ဒေါ်လေးမို ရောက်လာရသည်။

"မို ... "

"ရှင် မေမေ ... "

သမီးသည် ဖျာယာခတ်ပြီး စာရွက်စာတမ်းတွေကို ယူနေသည်။

မောင်ခန့်သော်က အလုပ်အတွက် ဟမ်းဖုန်းပေးထားကြောင်း သမီးက ပြောပြထား၏။

"မောင်သီဟကို အားနာစရာကောင်းနေပြီ ... "

"ဘယ်တတ်နိုင်ပါ့မလဲ မေမေရယ် ... မို့အလုပ်ကိစ္စက ပေါ်လာတာပဲ ... "

"မို ... "

"ရှင် ... မေမေ"

"မောင်ခန့်သော်က ... "

"အလုပ်ကိစ္စလောက်ပါ မေမေ ... "

Scanned by CamScanner

"မေမေစိတ်ပူတာက မောင်ခန့်သော်နဲ့ သမီးလိုအပ်တာထက် ပိုပြီးရင်းသွားမှာပဲ ... "

"မိုက ယောကျ်ားတစ်ယောက်ကို အလွယ်တကူ အထင်မကြီးတတ်ပါဘူး မေမေ ... မို့ကို စိတ်ချပါ ... မေမေမသိဘဲ မို ဘာမှမလုပ်ပါဘူး ... "

"မေမေကတော့ မောင်သီဟကိုပဲ ... မိုလက်ခံလိုက်စေချင်တယ် ... "

"အချိန်တွေ အများကြီးရှိနေပါသေးတယ် မေမေ ... ဒါက သမီးဘဝတစ်သက်တာနဲ့ ဆိုင်နေတော့ ... မို သေသေချာချာ စဉ်းစားပြီးမှ လက်ခံချင်လို့ပါ ... "

"မေမေ စိတ်ပူလို့ ... "

"မို့ကို ယုံပါ ... "

မို စာရွက်စာတမ်းတွေပိုက်ပြီး ထွက်ဖို့ပြင်ဆင်နေသည်။

"မိုနဲ့ ဘယ်မှာချိန်းတာလဲ ... "

"ရုံးခန်းမှာပါ ... မိုသွားတော့မယ်နော် မေမေ ... "

"အင်းအင်း ... "

သမီးကို ဒေါ်လေးမို ယုံကြည်ပြီးသားဖြစ်နေသည်။

ခပ်သွက်သွက်ထွက်သွားတဲ့ သမီးကို ဒေါ်လေးမို ကြည့်နေမိသည်။

မောင်သီဟနဲ့ လက်ထပ်ဖို့ သမီးဘာဖြစ်လို့များ တွန့်



ဆုတ်နေရတာလဲ။

ယောကျ်ားလေးတွေကို တကယ်စိတ်မဝင်စားလို့များလား။

ဒါမှ မဟုတ် ...

မောင်ခန့်သော်ကြောင့်လား။

"အန်တီ ... "

"ဟင် ... "

"မိုက အလုပ်တာဝန်ကလွဲပြီး တခြား ဘာကိုမှ စိတ်မဝင်စားတတ်ဘူးနော် ... "

"အန်တီက လေ့ကျင့်ပေးထားတာလေ ... "

"အန်တီ ... "

"ပြောပါ ... မောင်သီဟ ... "

"မို့ကို လက်ထပ်ဖို့ ကျွန်တော့်ဘက်က အကြွင်းမဲ့လက်ခံပါတယ် ... "

"အေးကွယ် ... အန်တီကတော့ မောင်သီဟကိုပဲ သမီးလေး ရွေးချယ်စေချင်တာပါ ... ဒါပေမဲ့ သမီးလေးဘဝအတွက် သမီး စိတ်ဆန္ဒအတိုင်း ရွေးချယ်ခွင့်လည်း ပေးထားရတယ်လေ ... "

သမီးလေးဆန္ဒပဲဟု ဒေါ်လေးမိုပြတ်သားစွာ ပြောမိသည်။

ယောကျ်ားလေးတစ်ယောက်ကို မျှော်လင့်ချက်

Book Sharing

Scanned by CamScanner

မပေးလိုပေ။

"အန်တီ့ကို နားလည်ပေးပါကွယ် ... သမီးက နည်းနည်း စိစာကြောင်တယ် ... အိမ်ထောင်ပြုချင်တာတော့ မဟုတ်ဘူးကွယ် ... "

သမီးရဲ့စိတ်ကိုလည်း ဒေါ်လေးမို ပွင့်လင်းစွာပြောမိသည်။

"မောင်သီဟရဲ့ဆန္ဒတွေကို အန်တီအသိအမှတ်ပြုပါတယ် ... လက်ခံပါတယ် ... "

သမီးရဲ့ဆန္ဒမပါဘဲနဲ့တော့ ဘာမှမလုပ်ဖို့ ဒေါ်လေးမို ဆုံးဖြတ်ထားသည်။

ယောကျ်ားလေးတစ်ယောက်ကို လက်ထပ်ဖို့ အချစ်လည်း လိုအပ်သေးသည်ဟု ထင်မိ၏။

မောင်သီဟနဲ့တော့ အတတ်နိုင်ဆုံး တိုက်တွန်းဖျောင်းဖျပေးမယ်။ မို့ကို ယုံပါတယ်လေ။

မှားယွင်းတဲ့ ဆုံးဖြတ်ချက်တွေ မို့ဘယ်တော့မှ ချမှတ်ဖူးမှာ မဟုတ်ပါဘူး။

မိခင်တစ်ယောက်အနေနှင့် စိတ်တွေတော့ ပူပင်သောကရောက်နေရတော့သည်။



## အခန်း [ ၁၀ ]

"တီ ... တီ ... "

"တီ ... "

ဖုန်းမြည်လာသဖြင့် မို ကပျာကယာဖွင့်ပြီး နားထောင်မိသည်။

"မို ဘယ်ရောက်နေပြီလဲ ... ကားဂိတ်ကိုရောက်နေပြီလား ကိုယ် လာကြိုမယ်နော် ... "

"ရှင် ... "

"ကိုယ် စိတ်ပူလို့ပါ ... "

ရုံးခန်းမှာ ရှိန်းထားကြပြီးပြီပဲ မဟုတ်လား။

မို့ကို လာကြိုမယ်ဆိုတော့ မိုနည်းနည်းတော့ တုန်လှုပ်သွားမိသည်။

ကိုခန့်သော်က မေမေပြောသလိုပဲ မို့အားအရေးပေး လွန်းသည်ဟု စိတ်က ထင်မှတ်နေမိ၏။

မို လက်ခံသင့်လား။

"မို ... "

"ရှင် ... "

"မို ကားဂိတ်မှာလား ... ကိုယ် အခု မိုတို့ဘက်ကိုလာနေ တယ် ... ကားဂိတ်မှာရောက်နေရင် ... ကိုယ့်ကိုစောင့်နေ နော် ... "

"ဟုတ်ကဲ့ ... "

မို ဟုတ်ကဲ့ဟုပဲ ကိုခန့်သော်စကားကို လက်ခံလိုက် မိသည်။

သူ့ကားက မကြာခင် မို့အနားကိုရောက်လာ၏။

"တက်လေ မို ... "

မို့စိတ်တွေကို အတတ်နိုင်ဆုံး မာကျောအောင် မို ကြိုးစားရမည်ဖြစ်သည်။

ကိုသီဟနှင့် ပတ်သက်ဆက်ဆံဖို့ တွန့်ဆုတ်နေမိ သလောက် ကိုခန့်သော်နှင့်ကျတော့ သူ့အမိန့်တွေကို နာခံပြီးသား ဖြစ်နေရတော့၏။

မဖြစ်သင့်၊ မိုထင်သည်။

မိုနှင့် သူတွေ့ကြတာ ရုံးချိန်မဟုတ်။

သူ တကယ်ပဲ အလုပ်ကိစ္စတွေကြောင့် သူမကို လာ



ခေါ်တာလား။

မိုကားပေါ် တက်ထိုင်လိုက်သည်။

"မို ... "

"ရှင် ... "

"စာရွက်စာတမ်းတွေပါလား ... "

"ဟုတ်ကဲ့ ... "

"မနက်ဖြန်အတွက် ကြိုတင်ညှိနှိုင်းဖို့ပဲ မို ... "

"ဟုတ်ကဲ့ ... "

ကိုခန့်သော်က မို့ကို အေးဆေးစွာဖြင့် ပြောနေ သည်။

မို ငြိမ်သက်နေမိ၏။

ရုံးရောက်တော့ ဟိုမှာအဖွဲ့ဝင်တချို့ကို တွေ့ရ သည်။

သူတကယ် အလုပ်ကိစ္စအတွက် မို့ကိုခေါ်တာပါ လား။

"မို ... "

"ရှင် ... "

"ဟိုလူတွေကိုလည်း ကိုယ်ချိန်းလိုက်တာလေ ... အလုပ် အတွက် ကြိုတင်ညှိနှိုင်းသင့်တယ်လို့ ထင်တယ်လေ ... "

"ဟုတ်ကဲ့ ... "

လူအများကြီးကိုတွေ့မှ မို စိတ်သက်သာရာရသွား

Scanned by CamScanner

သည်။

ကိုခန့်သော်က စီးပွားရေးမှာ ကြိုးစားပြီး အမြင်ကျယ်သူဖြစ်၏။

ခင့်ကိုလည်း တွေ့ရသည်။

အလုပ်တာဝန်ထမ်းဆောင်ရာမှာ ခင်လည်း နာမည်ရသူဖြစ်၏။

မနက်ဖြန် စာချုပ်ချုပ်မှာဖြစ်၍ ကြိုတင်ညှိနှိုင်းနေကြသည်။

အချိန်အတော်ကြာသွားမှ ...

"ဒီညစာကိုတော့ ကျွန်တော်ပဲ ကျွေးပါရစေ ... ဆိုင်မှာသွားစားကြမယ်လေ ... "

အားလုံးက ဝမ်းသာအားရနှင့် လက်ခံလိုက်ကြသည်။

မို မေမေ့ဆီကို ဖုန်းဘာကိစ္စဖြစ်မယ့် ဒုက္ခပါပဲ။

မို ဟမ်းဖုန်းလေးနှင့် မေမေ့ဆီကို ဆက်လိုက်သည်။

မေမေ ဖုန်းအိမ်ကိုလာပြီး ဖုန်းကိုင်ရ၏။

"မို ညစာအပြင်မှာပဲ စားရလိမ့်မယ် မေမေ ... ကိုခန့်သော်က ကျွေးမှာပါ ... "

"မို ... သမီးနဲ့ မောင်ခန့်သော် နှစ်ယောက်တည်းလား"

"မဟုတ်ဘူး မေမေ ... သမီးတို့အဖွဲ့ဝင်တွေ အများကြီးပါပဲ မနက်ဖြန်အတွက် ကြိုတင်ညှိနှိုင်းကြတာလေ ... အနားမှာ



ခင်လည်း ရှိတယ် ... "

ဖုန်းကို ခင့်ဆီပေးလိုက်သည်။

"ဟုတ်ပါတယ် အန်တီ ... ခင်တို့ အများကြီးပဲ ... အားလုံးကို ကိုခန့်သော်က ညစာကျွေးမှာပါ ... "

"ကောင်းပြီလေ ... မေမေ မျှော်မနေတော့ဘူး ... "

ခင်က ဖုန်းကိုပိတ်ပြီး မို့ကိုပြန်၍ ပေးရင်း စပ်ဖြဲဖြဲနှင့် ကြည့်သည်။

"မို ... "

"ဟင် ... "

"ရှင် ... "

"အလုပ်အတွက်ပါ ... ကိုယ်က သူ့လက်ထောက်ဖြစ်နေလို့"

မို့နှင့် ခင် အစည်းအဝေးခန်းမထဲကထွက်ပြီး ဖုန်းပြောနေကြခြင်းဖြစ်သည်။

"ဖုန်းအရောင်လေးက အစ ... ရှင်ခရေ့စီဖြစ်တဲ့ အရောင်လေး ... ရှင်တို့ ရိုးမှရိုးရဲ့လား မိုရာ ... "

မို မျက်နှာပူသွားရသည်။

ခင်နဲ့ မတွေ့ရသေး။

ဟမ်းဖုန်းပေးတဲ့ကိစ္စမပြောရသေး၍ ခင် အခုမှတွေ့ချင်းပင်။

"ရှင်နဲ့ ဟိုလူ့ကိစ္စ ... "

"ခင့်ကို တာဝန်ပေးထားတာပဲဟာ ... "

Scanned by CamScanner

"မို ... "

"ဟင် ... "

"ရှင် ဟိုလူ့ကို အပြစ်ရှာချင်တာလား ... "

"မဟုတ်ပါဘူး ... ကိုယ့်ဘဝလက်တွဲဖော်တစ်ယောက် ဖြစ်မှာမို့လို့ ... စိစ်ဆေးစမ်းသပ်ချင်တာလေ ... "

မိုနှင့် ခင်ကပြောမနာ ဆိုမနာ တစ်ယောက်ကိုတစ်ယောက် ဝေဖန်ပြောဆိုနေတတ်ကြသည်။

တစ်ယောက်အကျိုးစီးပွားကို တစ်ယောက်လိုလား တတ်ကြသူတွေပါ။

"ကိုသီဟ ရုံးမှာ ခင့်သူငယ်ချင်းတစ်ယောက်ရှိတယ် မို"

"ဟုတ်လား ... "

"မကြာခင် အဆက်အသွယ်ရတော့မှာ ... "

ခင်ကလည်း မောင့်ရှေ့မှာ ယောကျ်ားလေးတစ်ယောက်နှင့် တွဲပြချင်တာ အတော်ပဲဖြစ်သွားသည်။

မို့လူကို စမ်းသပ်ရင်းပေါ့။

"ကိုသီဟကို မိုစမ်းသပ်ပြီး ကိုခန့်သော်ကျတော့ရော ... "

"မိုနဲ့ ဘာဆိုင်လို့လဲ ... "

"ကိုခန့်သော်က မို့ရဲ့ အလုပ်ရှင်ပဲလေ ... မို့ဘဝအခြေအနေနဲ့ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ... "

"ဖြစ်နိုင်တယ်ဆိုရင်ရော ... "

"ခင် ... "



"ရှင်က ချစ်ဖို့ကောင်းတယ် ... "

"တော်ပါတော့ ခင်ရယ် ... ယောကျ်ားတွေကို ကိုယ်စိတ်ကုန်လို့ပါ ... "

"ခင့်ကြောင့်လား ... "

"ဟုတ်တယ် ... "

"မဆိုင်ပါဘူး မိုရာ ... "

"ရှင့်အဆက်ပေါ်ရော ... ရှင် ခုထိစိတ်မကုန်သေးဘူးလား ခင် ... "

"အချစ်ဆိုတာ ပြောရခက်တယ် မို ... ရှင်က မချစ်ဘူးသေးလို့ ... "

အချစ်ဆိုတာကို မိုစဉ်းစားကြည့်မိလာသည်။

ခံစားလို့ မရ။

"မို ... "

"ပြော ... "

"ကိုသီဟနဲ့ပတ်သက်ပြီး ရှင်ရင်မခုန်ဘူးလား ... "

"ဟင့်အင်း ... "

"ကိုခန့်သော်နဲ့ ရော ... "

"ဘာ ... "

ဟင့်အင်းဟု ရုတ်တရက် မဖြေနိုင်ဘဲဖြစ်သွားမိသည်။

မို ငိုင်တွေစွာဖြင့် ငြိမ်သက်သွားရတော့၏။

"မို ... "

"ဟင် ... "

"ပြောလေ ... "

"မစ်စားရပါဘူး ... "

"ရှင်လိမ်တာ ... "

"ဘာဖြစ်လို့လဲ ... "

"ရှင့်မျက်ဝန်းတွေက ... "

မို့မျက်ဝန်းတွေထဲမှာ ဘာပြောင်းလဲမှုတွေ ရှိနေလို့လဲ။

မဖြစ်နိုင်ပါဘူး။

ကိုခန့်သော်နဲ့ ပတ်သက်ပြီး မို ရင်ခုန်ခဲ့တာတော့ မှန်သည်။

ဝန်ခံရမှာ ဝန်လေးနေရ၏။

ရှင့်ကို ဂျွန်မစမ်းသပ်ဖို့ ဘာဖြစ်လို့ မကြိုးစားရတာလဲ။

မို့နဲ့ ဘာဆိုင်လို့လဲ။

သူက စီးပွားရေးသမား။

လုပ်ငန်းတွေနှင့် ပတ်သက်ပြီး မို့ကိုအရေးပေး ဆက်ဆံတာနေမှာပါ။

ကိုခန့်သော်တို့အားလုံး ထွက်လာကြသည်။

"သွားကြစို့ ... "

Book Sharing



ကိုခန့်သော်ကတော့ ဝန်ထမ်းတွေအပေါ် ပေးကမ်းထောက်ပံ့တာကော့ ရှိသည်။

စိတ်သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်၏။

"စားကြနော် ... ဘာမှ အားမနာပါနဲ့ အားလုံးပင်ပန်းနေတာ မဟုတ်လား ... "

စားသောက်ဆိုင်မှာ စိတ်တိုင်းကျမှာစားကြသည်။

"မို ... "

"ရှင် ... "

"စားလေ ... ဝန်ထမ်းတွေအားလုံး လိုအပ်တဲ့အကူအညီရှိရင် ပြောကြပါ ... အားမနာကြပါနဲ့ ... "

"ဟုတ်ကဲ့ ... "

မိုတစ်ယောက်တည်းကိုပဲ ပြောလိုက်ပြီးမှ အားနာသွားပုံနှင့် တခြားသူတွေဘက်လှည့်ပြီး ပြောနေသည်။

ခင်ပြောပြီးမှ ကိုခန့်သော်နှင့် ပတ်သက်ပြီး မို့စိတ်တွေ လှုပ်ရှားလာရသလိုပင်။

မို ဘာဖြစ်နေတာလဲ။

ကိုသီဟနှင့် ပတ်သက်ပြီး မိုလုံးဝစိတ်မလှုပ်ရှားတာတော့ အမှန်ပဲဖြစ်သည်။

မဖြစ်သင့်ဘူးထင်တယ်။

ကိုခန့်သော်က လူတွေရှေ့မှာ မို့အား အရေးတယူလုပ်နေတာ သိသာနေသည်။

Scanned by CamScanner

မို ရှက်နေမိ၏။

မျက်နှာပူလိုက်တာ။

"တီ ... တီ ... "

"တီ ... "

အရေးထဲမှ ... သူပေးထားတဲ့ ဟမ်းဖုန်းလေးက ထမြည်လာသည်။

မို အိတ်ထဲမှာ သိမ်းထားတာပါ။

"တီ ... "

"တီ ... တီ ... "

"မို ... ဖုန်းပွင့်ပြီး နားထောင်လိုက်လေ ... "

"ဟုတ် ... "

ကိုခန့်သော်က သတိပေးလိုက်မှ မိုလက်ကိုင်အိတ်ထဲမှ ဖုန်းလေးကို ကပျာကယာထုတ်ပြီး နားထောင်လိုက်သည်။

"ဟဲလို ... "

"မို ... "

"ဟင် မေမေ ... "

"မို့ နောက်ကျလို့ ... "

"အခုမှ အလုပ်တွေပြီးသွားလို့ ... ကိုခန့်သော်က အားလုံးကို ညစာကျွေးတာပါ မေမေ ... "

မေမေက ကိုခန့်သော်နဲ့ မို့ကို လိုအပ်တာထက် ပိုပြီး သံယောဇဉ်တွယ်သွားမှာကို စိုးရိမ်နေသည်။



မို သိပါတယ်။

မတူညီတဲ့ ကွာဟမှုတွေ များလွန်းတဲ့ဘဝပါ။

သူ့ဘက်ကရော မေမေတို့စိတ်ပူနေသလို မိုအား ချစ်ခင်နှစ်သက်နေတာမျိုး ဖြစ်နိုင်ပါ့မလား။

ချစ်ခင်နှစ်သက်တယ်ဆိုရင်တောင် မိုယုံကြည်လက်ခံလို့ မဖြစ်ပေ။

အပျော်ပဲ နေမှာပါ။

သူ ...

မို့ကို လက်ထပ်ရဲမလား။

အတည်ချစ်ရဲပါ့မလား။

သူ့မိဘတွေကရော မိုနဲ့ လက်ထပ်မှာကို သဘောတူကြပါ့မလား။

မဆီမဆိုင် မို့အတွေးတွေထဲမှာ ရှုပ်ထွေးနေရသည်။

"သမီးကို မေမေစိတ်ပူလို့ပါကွယ် ... မို့အပေါ် မေမေမယုံကြည်လို့ မဟုတ်ဘူးနော် ... မေမေ့ကို နားလည်ပါ ... "

"ဟုတ်ကဲ့ မေမေ ... "

မို ဖုန်းလေးကို ပြန်ပိတ်ထားလိုက်မိသည်။

"မို့မေမေစိတ်ပူနေပြီလား ... "

"ဟုတ်ကဲ့ ... "

"ပြန်ကြမယ်လေ ... "

"ဟုတ်ကဲ့ ... ဒါပေမဲ့ မို့ကြောင့်တော့ တခြားသူတွေကို

Scanned by CamScanner

အပ်ဟန့်အတားမဖြစ်စေချင်ပါဘူး ... ရပါတယ် ကိုခန့်သော် အေးအေးဆေးဆေးစားကြပါ ... "

မို့ကြောင့် တခြားသူတွေကိုတော့ အနှောင့်အယှက် မပေးလိုပေ။

မေမေက မို့ကို ယုံပါတယ်။

"ခဏလေးပါ ခင်ခံမို့ရာ ... တို့ ဗိုက်ဆာနေတယ် ... အခုမှ စားသောက်စရာတွေက အစုံရောက်တာ ... "

မို့မျက်နှာလေး နည်းနည်းညိုနေတာတွေ့ရ၍ ခန့်သော် မနေတတ်တော့။

အိမ်ပြန်ချင်နေပြီဆိုတာ သိသည်။

ခန့်သော်ကလည်း မို့ကိုတွေ့ချင်၍ အကြောင်းရှာပြီး ညီနှိုင်းဆွေးနွေးပွဲအဖြစ် လူတွေစုပြီး ဖန်တီးလိုက်တာပဲလေ။

"အားလုံးပဲ အေးအေးဆေးဆေးစားသောက်ကြပါ ... မို့ကိုတော့ ကျွန်တော်ပြန်ပို့ပေးလိုက်မယ် ... ကိုဘစိ ငွေရှင်းဖို့ တာဝန်ယူလိုက်ပါ ... စိတ်တိုင်းကျစားသောက်ကြနော် ... ခင်ရော ပြန်လိုက်ခဲ့မလား ... "

မိုတစ်ယောက်တည်း ရွေးပို့လျှင် မကောင်း၍ ခင့်ကိုပါ ခေါ်လိုက်သည်။

"ခင် မလိုက်သေးဘူး ဆရာ ... ဒီမှာ အခုမှ စားကောင်းတုန်းရှိသေးတယ် ... ခင့်မှာ အဖော်တွေရှိပါတယ် ... မို ပြန်တော့ ... အန်တီက ခဏခဏဆက်နေပြီ ... "



ကိုခန့်သော်က ထပြီး ရှေ့မှထွက်သွားသဖြင့် မို နောက်မှ လိုက်သွားရသည်။

ခင့်တမင်နေခဲ့တာပါ။

ဒီမိန်းမ ...

နောက်နေ့ မို့ကို ပြောဆိုနောက်ပြောင်တော့မှာ သေချာသည်။

မျက်နှာပူလိုက်တာ။

အိမ်ရောက်တဲ့အထိ ကိုခန့်သော် ဘာမှမပြောဘဲ ငြိမ်သက်စွာ မောင်းနေသည်။

ကားရပ်တော့ ကားပေါ်မှမဆင်းသေးဘဲ မိုနှုတ်ဆက်လိုက်မိ၏။

"ကျေးဇူးပါပဲနော် ... "

"မို ... "

"ရှင် ... "

"မနက်ဖြန် မနက်စောစောလာနော် ... အလုပ်တွေက အရေးကြီးတယ်လေ ... "

"ဟုတ်ကဲ့ ... "

မို ကားပေါ်မှဆင်းပြီး နောက်ကြောင်းလှည့်မကြည့်တော့ဘဲ အိမ်လေးထဲ ဝင်လာခဲ့သည်။

"မောင်ခန့်သော်လိုက်ပို့တာလား မို ... "

မေမေက ဆီးကြိုမေးနေသဖြင့် မိုခေါင်းညိတ်အဖြေ

Scanned by CamScanner

ပေးလိုက်သည်။

ပြီးတော့ ...

မို့အခန်းလေးထဲ တန်းဝင်ခဲ့သည်။

ကိုသိဟာတော့ ရုံးကနေ ပြန်မရောက်သေးပေ။

မေမေက ကိုခန့်သော်နှင့် မို့နှစ်ယောက်တည်း လျှောက်သွားနေမှာကိုပဲ စိတ်ပူပင်သောကရောက်နေတတ်သည်။

ကိုသိဟကိုပဲ မိုလက်ခံလိုက်ရရင် ကောင်းမလား။

ခင်နှင့် စမ်းသပ်ဖို့ မိုခပ်ကြောင်ကြောင်နှင့် စိစဉ်ထားသည်။

လုပ်သင့်သလား၊ မလုပ်သင့်လားဆိုတာ မိုမသိပါဘူး။

ကိုသိဟနှင့် လက်ထပ်ဖို့တော့ မိုတွန့်ဆုတ်နေမိတာတော့ အမှန်ပဲဖြစ်သည်။



မို့ကိစ္စ ရှိသေးတယ်။

ခင်တစ်ယောက်တည်း သူဇာဆီရောက်လာသည်။

ပိုက်ဆံ မရှိတော့။

မောင့်ကိုပေးလိုက်ပြီဖြစ်၍ သူဇာကိုပြောရသည်။

"သူဇာ ... "

"ဟင် ... "

"ငါ့မှာ ပိုက်ဆံမရှိဘူးနော် ... "

"ခင်ကလည်း ... "

"ဟိုလူက သူဌေးပဲ ... "

"ခင် ... "

"ပြော ... "

"ရှင့်ကို မိတ်ဆက်ပေးမယ်နော် ... သူက ဖော်ရွေပါတယ် သူဇာတို့နဲ့ လက်ဖက်ရည်ဆိုင်ထိုင်နေကျ ... "

"နင်တို့နဲ့ ထိုင်တယ် ဟုတ်လား ... "

"အင်းလေ ... ကိုသိဟက အားနာတတ်တယ် ... နေဦးနော် ခင် ... သူဇာ သွားခေါ်လာခဲ့မယ် ... "

ခင် ထိုင်နေမိသည်။

မောင့်ရှေ့မှာ ကိုသိဟနဲ့ တွဲပြလျှင် မောင့်စိတ်တွေနာလို ဝန်တိုဖြစ်သွားမလား။

ခင်သည် မောင့်စကားတွေကို မြေဝယ်မကျ နားထောင်ပြီး ရိုးကုပ်စွာ နေထိုင်ခဲ့သည်။

Scanned by CamScanner

မောင်တစ်စက်လေး ငြိုငြင်မှာပင် ခင်ကြောက်ရွံ့ခဲ့၏။

"ခင် ... "

"ဟင် ... "

သူဇာနှင့်အတူ ကိုသီဟပါလာသည်။

"ဒါ ... သူဇာ့သူငယ်ချင်း ခင်ခင်ပြည့်လေ ... ခင်လို့ပဲခေါ်ပါ ကိုသီဟ ... သူဇာ့ဆီကို လာလည်တာလေ ... ခင် ဒါက ကိုသီဟတဲ့ ... တို့ရုံးကိုပြောင်းလာတာ မကြာသေးဘူး ... လက်ထောက်အင်ဂျင်နီယာတစ်ယောက်ပဲ ... "

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ကိုသီဟ ... ခင့်ကို မှတ်ထားပါနော် ... "

"ဟုတ်ကဲ့ ... "

ကိုသီဟသည် လူချောလူခန့်တစ်ယောက်ပဲဖြစ်သည်။

မို ဘာလို့ ဂဏှာချောင်များတာလဲ။

ဒီလိုယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ဖို့ မိုဘာလို့ ငြင်းဆန်ရတာလဲ။

"မိုက ယောကျ်ားတွေကို မယုံတာ ... သစ္စာမဲ့တတ်တဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်မိမှာကြောက်တယ်"

ကိုခန့်သော်ကရော မိုက ဘာမှမသက်ဆိုင်ဘူးပြောပေမဲ့ ခင်ထင်တာကတော့ တစ်ယောက်နဲ့ တစ်ယောက် သံယော



ဇဉ်ရှိနေကြသည်ဟု ထင်၏။

မို ကိုသီဟအပေါ် စိတ်ဝင်စားမှုမရှိလို့ ချေးများချင်တာပါ။

လက်ဖက်ရည်ဆိုင်ရောက်သွားသည်။

ကျယ်ဝန်းပြီးလူရှင်း၍ ထိုင်လို့ကောင်းနေ၏။

"ကိုသီဟ ... "

"ဟင် ... "

"သူဇာတို့ ဈေးလျှောက်ဝယ်မလို့ ... ခင်နဲ့ မိတ်ဖြစ်ဆွေဖြစ် ကိုသီဟလိုက်ခဲ့ပါလား ... "

"လိုက်ခဲ့ပေးမယ်လေ သူဇာ ... "

"ခင်ရော လိုက်ခဲ့ပါဟာ ... "

"ခင့်မှာ ပိုက်ဆံမရှိဘူး သူဇာ ... "

"မရှိလည်း ကိုယ်ဝယ်တာကို လိုက်ကြည့်ပေးပါ ခင် ... တို့သုံးယောက် မိတ်ဖြစ်ဆွေဖြစ် လျှောက်လည်ကြမယ်လေ ... "

ကိုသီဟနှင့် သူဇာအတွဲများနေမလားဟု ခင်တွေးမိနေသည်။

အတော်လေး ရင်းနှီးနေပုံပင် ...

မို သိရဲ့လား။

ခင်နဲ့တောင် မစမ်းသပ်ရသေးဘူး။ ကိုသီဟက သူဇာ့နောက်ပါတော့မယ် ထင်တယ်။

Scanned by CamScanner

စားသောက်ကြသည်။

ကိုသိဟက ကျွေး၏။

"ကိုသိဟက အရမ်းသဘောကောင်းတာပဲဟ ... "

"ကျွေးလို့လား ... "

"အင်း ... "

ရယ်မောနေကြသည်။

ကိုသိဟက ဖော်ရွေပြီး သဘောကောင်းတာပါဟု သူဇာကပြောပြသည်။

မိန်းကလေးတစ်ယောက်နဲ့ နီးစပ်ရင်းနှီးမှုတွေကို ဘယ်အတိုင်းအတာအထိ ခံနိုင်စွမ်းရှိမှာလဲ။

"သွားစို့ ... "

သူဇာက ဦးဆောင်နေသည်။

မောင့်ကိုရှဲ့ပြီး ကိုသိဟနှင့် တွဲပြချင်ကြောင်း သူဇာအား ပြောပြမိ၏။

သုံးယောက်သား စတိုးဆိုင်တွေလျှောက်ကြည့်ကြသည်။

သူဇာက ဝယ်၏။

"ခင်လည်း ဝယ်လေ ... "

"ဟင့်အင်း ... "

"လိုအပ်ရင် ကိုယ့်ဆီက ခဏယူထားလေ ခင် ... နောက်တော့ ပြန်ပေးပေါ့ ... "



"နေပါစေ ... "

လျှောက်ဝယ်နေစဉ်မှာပင် ... ခင် တစ်စုံတစ်ခုကို တွေ့လိုက်ရ၍ မျက်လုံးတွေထဲမှာပင် ပြာဝေသွားရတော့သည်။

မောင်နှင့် ဟိုမိန်းမ ...

တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး လျှောက်လည်နေကြသည်။

ဘုရားရေ ...

ခင် ဘာလုပ်ရမလဲ။

စိတ်တွေ ချောက်ချားလာမိသည်။

"ခင် ဘာဖြစ်တာလဲ ... "

"ဟို ... ဟိုမှာ ... "

"ဟင် ... "

ခင့်ဆီက အမေ့ကို ဆေးခန်းပြမယ်ဆိုပြီး ငွေတွေတောင်းသွားပြီး ဟိုကောင်မနှင့် လျှောက်လည်နေသည်။

မောင့်ကို ရန်သွားတွေ့ချင်ငပမဲ့ ကိုသိဟက ရှိနေသည်။

ခင့်ချစ်သူက ခင့်အပေါ် သစ္စာမဲ့သွားတာကို မသိစေချင်ပေ။

ရှင်ရက်စက်လိုက်တာ ကိုကျော်ကျော်မောင်။

ခင့်မျက်ဝန်းတွေထဲမှာ မျက်ရည်တွေပင် ပြည့်လာရသည်။

Book Sharing

Scanned by CamScanner

"ခင် ဘာမှစိတ်မနေပါနဲ့ ... ဒီလိုသစ္စာမဲ့တဲ့ယောကျ်ားတစ်ယောက်အတွက် ကြေကွဲမနေစမ်းပါနဲ့ ... အလကား အချိန်ကုန်ပါတယ် ... "

သူဇာက အအေးဆိုင်တစ်ခုထဲဝင်ပြီး ရှောင်လိုက်သည်။

"ခင်နဲ့ ကိုသီဟထိုင်ကြဦးနော် ... သူဇာ သန့်စင်ခန်းသွားလိုက်ဦးမယ် ... "

ခင်နှင့် ကိုသီဟစားပွဲမှာ မျက်နှာချင်းဆိုင် ထိုင်မိကြသည်။

"ခင် ... "

"ရှင် ... "

"ဘာဖြစ်လို့လဲ ... "

"ဟင့်အင်း ... "

"ခင် စောစောကနဲ့ မတူတာတော့ အမှန်ပဲ ... "

မိန်းမချောလေးတွေက သီဟကို ခင်မင်ကြသည်။

တရင်းတနှီးဆက်ဆံကြ၏။

မှီပဲ။

သူ့အပေါ် မာန်မာနကြီးပြီး အဖက်မလုပ်ချင်သလိုနေတတ်တာ မှီပဲ။

သူဇာက ကိုသီဟအပေါ် အလိုက်သိပြီး ဂရုတစိုက်ရှိသည်။



မှီနဲ့ တခြားစီပါပဲ။

သီဟကလည်း အားနာတတ်သည်။

သူဇာ့ရဲ့ သိတတ်မှုတွေကို အားနာနေမိတာတော့ အမှန်ပဲဖြစ်၏။

ခင်တဲ့ ... ။

မိန်းမချောလေးပဲ။

ရုတ်ခြည်းပင် ခင်ဆိုတဲ့ မိန်းကလေးရဲ့မျက်ဝန်းလေးတွေ စိုစွတ်လာသည်။

တစ်စုံတစ်ခုအတွက် ကြေကွဲနေသည်ဟု သီဟထင်နေမိ၏။

ဘာဖြစ်လို့လဲ ... ။

"ကိုသီဟ ... "

"ပြောလေ ခင် ... "

"ခဏလေးနော် ... "

ခင်က ကိုသီဟအနားသို့တိုးကပ်ပြီး ထိုင်လိုက်သည်။

မောင်ကတော့ ခင်ရှိနေတာ မသိဘဲ ဆိုင်ထဲဝင်လာ၏။

ဘယ်လောက်အထိ ကုပ်ခြစ်ရိုက်နှက်ပစ်လိုက်ဖို့ ကောင်းလဲ။

ခင့်ဆီက ငွေဖျော့ကိုလိမ်တောင်းပြီး နောက်မိန်းကလေးတစ်ယောက်နဲ့ လည်ပတ်သုံးဖြုန်းနေတဲ့ ယောကျ်ားတစ်

Scanned by CamScanner

ယောက်။

မြင်လိုက်ရတဲ့အချိန်တွင် ခင်တုန်လှုပ်ချောက်ချားပြီး ဆောက်တည်နိုင်စွမ်းမရှိအောင် ကြေကွဲထိခိုက်သွားရသည်။

ကိုသီဟအနား အသားချင်းထိကပ်ထိုင်လိုက်တော့ အံ့ဩတဲ့ မျက်ဝန်းတွေနှင့် ကြည့်၏။

"ဧကလေး ... "

မောင်တို့အတွဲက ကျွန်မတို့အနားက စားပွဲမှာ လာထိုင်သည်။

"ခင် ... "

"ဟင် ... "

"ဘာဖြစ်လို့လဲ ... "

ကျွန်မတို့ စကားသံကြောင့် မောင်ကလှည့်ကြည့်သည်။

"ဟင် ... "

မောင့်မျက်ဝန်းတွေ အံ့ဩတုန်လှုပ်ချောက်ချားသွားသည်။

ခင် မုန်းတီးနာကြည်းရှုံ့ရှာနေတဲ့ အကြည့်တွေနှင့် ကြည့်ပစ်လိုက်သည်။

လူယုတ်မာ ...

တော်တော်ရက်စက်တယ်။

ခင်ချွေတာ စုဆောင်းထားတဲ့ငွေကြေးတွေကို လိမ်



ညာတောင်းယူပြီး နောက်တစ်ယောက်နှင့် လည်ပတ်နေသည်။

ရှင့်လောက် ယုတ်မာပက်စက်တဲ့လူရှိဦးမလား။

မောင်တို့အတွဲ ချက်ချင်းထပြန်သွားသည်။

"ခင် ... "

"သူဇာ ... "

"ရှင် သဘောပေါက်သင့်ပြီ ... "

သန့်စင်ခန်းကနေ သူဇာပြန်ရောက်လာပြီး ကိုကျော်ကျော်မောင်တို့အတွဲကို တွေ့သွားသည်။

"လုပ်မနေနဲ့ တို့တွေ တစ်နေကုန်လျှောက်လည်ပစ်မယ် နော် ... ခင် ... "

ခင် ကြေကွဲလှိုက်ခါလာပြီး နှုတ်ခမ်းလေးတွေပင် တဆတ်ဆတ်တုန်ရီလာရတော့သည်။

## အခန်း [ ၁၂ ]

"မို ... "

"ဟင် ... "

"ကိုသိဟနဲ့ ခင်သွားပြီ ... "

"မြန်လှချည်လား ... "

"ကိုသိဟက သဘောကောင်းပါတယ်ဟ ... "

သဘောကောင်းပြီး ဖော်ရွေတဲ့ယောကျ်ားတွေကို မိန်းမ များလည်အောင် အတော်လေးကြိုးစားရမယ်ဖြစ်သည်။

ကိုစန်သော်ရော ...

သဘောကောင်းတဲ့ ယောကျ်ားပဲ။

မို့အပေါ် လိုအပ်တာထက် ပိုပြီးသဘောကောင်းနေသည်။



"ကိုသိဟက ရိုးသားပါတယ် မို ... ရှင်မစမ်းသပ်ပါနဲ့ ... "

"ဘာဖြစ်လို့လဲ ... အစမ်းသပ်မခံနိုင်မှာ စိုးလို့လား ခင်"

"မဟုတ်ဘူးလေ ... "

ခင်ကတော့ ကိုသိဟလိုလူတစ်ယောက်ကို မိုမငြင်းဆန်စေလိုပေ။

"ခင်တော့ ကိုကျော်ကျော်မောင်ကို မုန်းတယ် ... "

"တကယ် ... "

"အင်း ... "

"မနေ့ကမှ အတွဲနဲ့ ထပ်တွေ့တယ် မို ... ခင့်ဆီက အမေနေမကောင်းလို့ဆိုပြီး ငွေတွေ တောင်းသွားတယ်လေ"

"ဟင် ... "

"ခင်လည်း ကိုသိဟနဲ့ တွဲပြလိုက်တယ်လေ ... "

"ခင် ... "

"ပြော ... "

"ကိုသိဟအပေါ် ရှင်ဘယ်လိုမြင်လဲ ... "

"ရိုးသားပါတယ် ... "

မိုကတော့ ကိုသိဟအပေါ် လုံးဝစိတ်မလျှော့ရှားမိ။

"မို စိတ်ညစ်တယ် ... "

"ဘာဖြစ်လို့လဲ ... "

"ကိုသိဟနဲ့ ပတ်သက်ပြီး မိုစိတ်စားလို့မရဘူး ... "

"မို ... "

Scanned by CamScanner

"ဟင် ... "

"ကိုခန့်သော်နဲ့ရော ... "

မို ငြိမ်သက်နေမိသည်။

ခင်နဲ့က ပြောမနာ ဆိုမနာ ရင်ဖွင့်ဖော် တိုင်ပင်ဖက်။

"ကိုသီဟအနေနဲ့ တခြားသူတစ်ယောက်အပေါ် စိတ်ဝင်စားသွားစေချင်တယ် ခင် ... "

"သေချာပြီ ... "

"ဘာကိုလဲ ... "

"ကိုခန့်သော်အပေါ် ရှင်စိတ်ဝင်စားနေပြီပဲ ... "

မို ဝန်ခံရမလိုပဲ ဖြစ်နေသည်။

ဟမ်းဖုန်းလေးကို မိုတင်းကျပ်စွာ ဆုပ်ကိုင်ထားမိ၏။

"ကိုခန့်သော်ကလည်း ရှင့်အပေါ် စိတ်ဝင်စားနေပြီထင်တယ် ... "

"တော်ပြီကွာ ... "

"မို ... "

"အခန်းထဲမှာ မိုလုပ်စရာတွေ ရှိနေသေးတယ် ခင် ... "

"ကိုခန့်သော် မရောက်သေးပါဘူး မိုရာ ... အေးအေးဆေးဆေးပေါ့ ... "

ခင်ကတော့ မို့စိတ်တွေကို သိနေသည်။

အချစ်ဆိုတာကို မိုစဉ်းစားနေရပြီပဲ။



"မို ... " လဲ။

"ဟင် ... "

"အချစ်တွေကို ရှင်ခံစားတတ်လာပြီလား ... "

"အချစ် ... "

"အင် ... "

"မခံစားတတ်ပါဘူး ... မို ယောကျ်ားတွေကို ယုံကြည်တဲ့စိတ်တွေ သိပ်မရှိသေးဘူးထင်တယ် ခင် ... "

"ကိုခန့်သော်ကိုတော့ ရှင်ချစ်နေတာပဲ မဟုတ်လား"

"ဟင့်အင်း ... "

"ရှင် မလိမ်ချင်ပါနဲ့ မို ... ကိုခန့်သော်ကြောင့် တခြားသူတစ်ယောက်အပေါ် ရှင်စိတ်မဝင်စားနိုင်ဘဲနေတာပါနော်"

ဖြစ်ချင်လည်းဖြစ်နိုင်တာပဲဟု မို တွေးနေမိသည်။

ကိုခန့်သော်နဲ့ ပတ်သက်ပြီး မို စိတ်လှုပ်ရှားမှုရှိတာတော့ ဝန်ခံရမည်ဖြစ်၏။

ကိုသီဟအပေါ် မိုစိတ်ဝင်စားမှု လုံးဝမရှိပေ။

"ကိုသီဟက ရိုးသားတဲ့သူဖြစ်ချင် ဖြစ်ပေမဲ့ မို့ရင်ကိုတော့ မလှုပ်ခတ်လာနိုင်ဘူး ခင် ... "

"ဒါကြောင့် ... ရှင်က ကိုသီဟအပေါ် အပြစ်ရှာချင်လို့ စမ်းသပ်နိုင်းလိုက်တာလား မို ... "

"အဲဒီလိုလည်း မဟုတ်ပါဘူး ... မိုစိတ်မောတယ်ဟာ တစ်ယောက်တည်းနေရရင် အရမ်းကောင်းမှာပဲ ... အစကတည်း

Scanned by CamScanner

က မိုယောက်ျားတွေနဲ့ ကင်းအောင်နေခဲ့တာပဲလေ ... "

ခင့်မျက်ဝန်းတွေက ကြေကွဲနေသည်။

မိုကတော့ ကိုကျော်ကျော်မောင့်ကို ခင်စိတ်နာသွားတာပဲ ကျေနပ်နေမိ၏။

ဒါမှ ...

ခင်အမြင်မှန်ရပြီး ငွေကုန်ကြေးကျ သက်သာသွားမှာပဲ။

"ဒီလောက်အထိ ယုတ်မာကောက်ကျစ်တဲ့ယောက်ျားတစ်ယောက်ကို မတွေ့ဘူးပါဘူးကွာ ... မို ယောက်ျားတစ်ယောက်ကို စေ့စေ့စပ်စပ် သေသေချာချာ ရွေးချယ်တာတော့ ... မှန်ပါတယ်ကွာ ... "

ကိုသီဟအပေါ် မိုစိတ်မဝင်စားတော့ ကိုခန့်သော်အပေါ်ရော မိုဘယ်လိုဆုံးဖြတ်မှာလဲဟု မဆီမဆိုင်တွေးမိနေသည်။

ကိုခန့်သော်ရဲ့ မျက်ဝန်းတွေက မို့အပေါ် ရွှန်းလဲ့တောက်ပနေတဲ့ အကြင်နာမျက်ဝန်းတွေဟု မို့စိတ်က အလိုအလျောက် သိနေသလိုပင်။

"မို ... "

"ဟင် ... "

"ရှင့်လူကို ခင်ဆက်ပြီး စမ်းသပ်ရမှာလား ... "

"အင်း ... "

"ရှင် ငြင်းရင်လည်း ငြင်းလိုက်ပါလား ... "



ဘယ်လိုအကြောင်းပြချက်တွေနဲ့ မို ငြင်းဆန်ရမလဲ။

ကိုသီဟက လူကြီးတွေသဘောတူထားတဲ့လူ။

မို့ကိုလည်း လက်ထပ်လိုကြောင်း ပွင့်လင်းစွာ ပြောထားခဲ့သည်။

"နောက်မှပဲ ဆွေးနွေးကြမယ်ဟာ ... ခင် အခုတော့ မို ခေါင်းရှုပ်လာပြီ ... "

မို ထလိုက်သည်။

ကိုသီဟနှင့် သူ့ဇာက အလွန်အမင်းရင်းနှီးကြောင်းနှင့် သူ့ဇာက အနီးကပ်ပြုစုဂရုတစိုက်ရှိနေကြောင်း ပြောပြ၏။

"မို ... "

"ဟင် ... "

"ကိုခန့်သော်က ရှင့်ကို ... "

"မို သွားတော့မယ် ... "

"ရှင် ပြတ်သားသင့်တယ်နော် မို ... "

မို ဘယ်မှာမပြတ်သားလို့လဲ။

ကိုသီဟနှင့် ပတ်သက်ပြီး ငို့ဘယ်တုန်းက ရင်ခုန်လှုပ်ရှားတာမျိုးတွေ မဖြစ်ခဲ့တာတော့ သေချာသည်။

"ကိုခန့်သော်က ပိုပြီးစိစစ်ရွေးချယ်သင့်တယ်နော် မို ... "

ခင့်အနားကနေ မိုထပြီး အခန်းထဲသို့ ခပ်သွက်သွက် ဝင်လာခဲ့သည်။

မို့စားပွဲကို ရောက်လာ၏။

Book Sharing

Scanned by CamScanner

ထုံးစံအတိုင်း အခန်းလေးကို မှိုကိုယ်တိုင်သန့်ရှင်းရေးလုပ်နေမိသည်။

သန့်ရှင်းရေးသမားရှိပေမဲ့ ပြီးစလွယ်သန့်ရှင်းရေးလုပ်သွားတာမျိုးရှိ၍ မှိုစိတ်တိုင်းမကျဖြစ်ရ၏။

ကိုခန့်သော်ကလည်း မှိုလုပ်ပေးတာ သဘောကျသည်တဲ့။

အေးစက်သန့်ရှင်းမွှေးကြိုင်နေတဲ့ အခန်းလေးတစ်ခန်းဖြစ်စေရန် ကိုခန့်သော်ရောက်မလာခင် မှိုပြင်ဆင်နေမိသည်။

"ရှင် ကိုခန့်သော်ကျတော့ စိတ်တွေလှုပ်ရှားနေတယ်ပေါ့လေ မှို ..."

ခင်ပြောတဲ့စကားတွေကို ပြန်ကြားယောင်မိပြီး မှို့နှုတ်ခမ်းသားလေးတွေ ပြုံးယောင်သမ်းသွားရသည်။

မှို ဝန်ခံရမှာပဲ။

ရှင်နဲ့ ပတ်သက်လာရင် မှို့စိတ်တွေ လှုပ်ရှားလာတာအမှန်ပါပဲ။

ရင်ထဲမှာ တထိတ်ထိတ်နဲ့ ကြာရင် နှလုံးရောဂါဝေဒနာတွေများ ရလာမလား။

အဲဒီလောက်အထိ ကိုခန့်သော်ရယ်။

ကိုခန့်သော်ကရော မှို့ကိုချစ်နေတာဖြစ်နိုင်ပါ့မလား။

သူ့ရဲ့လက်ထောက်မလေးအဖြစ် မှို့ကိုအရေးတယူဆက်ဆံနေတာလည်း ဖြစ်နိုင်တာပါပဲ။



ကိုသီဟလို ယောကျာ်းတစ်ယောက်ကိုတော့ လက်ခံဖို့ မှိုအတော်လေးစဉ်းစားပြီး တွေဝေနေခဲ့ရသည်။

ဘဝအခြေအနေချင်းကွာခြားတဲ့ ကိုခန့်သော်အပေါ်မှာ မှို စိတ်လှုပ်ရှားခံစားနေရတာ သင့်တော်ပါ့မလား။

မှိုက မှာနကြီးသူ။

စိတ်မောလိုက်တာနော်။

အချစ်ဆိုတာ ... အဲဒီလိုမျိုးပဲလား။

ကိုခန့်သော် စိတ်တိုင်းကျအောင် အခန်းလေးအား မှိုပြင်ဆင်နေမိတော့သည်။

## အခန်း [ ၁၃ ]

မိုက မိန်းကလေးပီသတယ်။

ဧရာဝတီသချာပြီး ဣန္ဒြေသိက္ခာလည်း ကြီးမားတယ်။

တန်ဖိုးကြီးမားတဲ့ မိန်းကလေးပါပဲ။

ကိုယ် အထင်ကြီးတယ်။

လေးစားတယ်။

ပြီးတော့ ...

ချစ်တယ် ... ။

အိမ်ထောင်ရေးမှာ ကိုယ့်ဆန္ဒ အဓိကပါလို့ မို့ကို ဘယ်လိုပြောရမလဲ။

စီးပွားရေးလုပ်ငန်းတွေမှာရော တခြားကိစ္စတွေမှာပါ ကိုယ်အမြဲတမ်းသတ္တိရှိရှိ ရဲရဲဝံ့ဝံ့ ဆုံးဖြတ်လုပ်ကိုင်တတ်ပါတယ်။



ဖေဖေကတောင် အသက်ငယ်ပေမဲ့ သားက မိဘ ချက်နှာလွှဲရလောက်အောင် ထူးချွန်ထက်မြက်တဲ့သားတဲ့။

အိမ်ထောင်ဘက်ရွေးချယ်တဲ့နေရာမှာတော့ ကိုယ်က နှလုံးသားနဲ့ပဲ ရွေးချယ်ချင်တယ် မို့ ... ။

စီးပွားရေးလုပ်ငန်းတွေက အောင်မြင်တော့ ချစ်မြတ်နိုးတဲ့ ကောင်မလေးတစ်ယောက်ကိုပဲ လက်ထပ်ယူချင်တယ်။

အဲဒီကောင်မလေးမျိုးကို ပိုင်ဆိုင်ချင်တဲ့ဆန္ဒပဲရှိနေတယ်။

မို့ပဲ ... ။

ကိုယ် မို့ကို ချစ်တယ်။

ခင်စံမိုကို ချစ်တယ်။

မင်းသိအောင် ကိုယ်ဘယ်လိုဖွင့်ပြောရမလဲ။

လက်ထပ်ခွင့် ဘယ်လိုတောင်းရမလဲ။

အဖြူရောင်ဆွတ်ဆွတ်လေးကို မင်းခရေစိဖြစ်တာ ကိုယ်အမြဲတမ်းလေ့လာထားလို့ သိနေတယ်လေ။

မင်းနဲ့ ပတ်သက်ပြီး ကိုယ် ဘယ်လောက်အထိ စိတ်ဝင်စားတယ်ဆိုတာ မင်းကိုသိစေချင်တာပါ မို့ ... ။

ကိုယ် အိပ်မရဘူး။

မို့အကြောင်းတွေပဲ တွေးနေချင်တယ်။

သတိရနေတယ်။

တမ်းတနေမိတယ်။

Scanned by CamScanner

မင်းပြင်ဆင်ထားတဲ့ အေးစက်သန့်ရှင်းမွှေးကြိုင်နေတဲ့ ကိုယ့်ရုံးခန်းလေးကို ကိုယ်အရမ်းမြတ်နိုးမိတယ်။

"သား ... "

"ခန့်သော် ... "

"သားအိပ်တာ နေမြင့်လှချည်လား ... သားနေမကောင်းဘူးလား ... "

သူ ...

အိပ်ရာထနောက်ကျသွား၍ မေမေက လာနှိုးနေသည်။

အမြဲတမ်း ...

နိုးကြားတက်ကြွနေတတ်တဲ့ ခန့်သော် အိပ်ရာထနေမြင့်တော့လည်း မေမေအထိတ်တလန့်ဖြစ်မှာပဲပေါ့။

"သား ထတော့လေ ... မေမေ့ကို တံခါးဖွင့်ပေးပါဦး ... "

ခန့်သော် အလူးအလဲထပြီး တံခါးဖွင့်ပေးလိုက်မိသည်။

"မေမေ ... "

"သား အိပ်လှချည်လား ... တစ်ခါမှ ဒီလိုအိပ်ရာထ နောက်မကျဖူးပါဘူး ... "

မေမေက နေကောင်းရဲ့လားဟု သွေးနဖူးကို စမ်းသည်။

"သား နေကောင်းပါတယ် မေမေ ... ညက အလုပ်လုပ်တာ



ညဉ့်နက်သွားလို့ပါ ... "

"သားရယ် ... မေမေဖြင့် စိတ်ပူလိုက်တာ ... တစ်ခါမှ သား အိပ်ရာထနောက်မကျဖူးပါဘူး ... "

ကိုယ်က တစ်ညလုံး မှို့အကြောင်းတွေပဲ စဉ်းစားပြီး အိပ်မပျော်တာပါ။

မေမေက ကိုယ့်ကို စိတ်ပူပြီး ကြည့်ကွက်ကြည့်ကွက် ဖြစ်နေတယ်။

"သား နေကောင်းပါတယ် ... "

မေမေ့ပခုံးကို သိုင်းဖက်ပြီး ကိုယ်ရယ်ရယ်မောမောပြောလိုက်ရတယ်။

ကိုယ့်ကို ကလေးတစ်ယောက်လို မေမေက အရိပ်လိုကြည့်ပြီး စိတ်ပူနေတတ်တယ်။

"သား ရုံးချိန်နောက်ကျနေပြီထင်တယ် ... "

မေမေက အချိန်ကို တိကျတဲ့သူဆိုတော့ လုပ်ငန်းတွေ၊ ကိုယ့်ကိုတွေ့ကြဖို့ စောင့်နေတဲ့လူတွေအတွက် စဉ်းစားတတ်တယ်။

"သားမှာ အရေးတကြီးချိန်းထားတဲ့သူမှ မရှိတာဘဲ ... မေမေ ... "

မေမေပြုံးပြီး ထွက်သွားသည်။

သားမှာချစ်သူရှိနေပြီဟု မေမေ့ကိုပြောလိုက်ရင် ကောင်းမလား။

Scanned by CamScanner

"သားနှစ်သက်တဲ့ မိန်းကလေးကို ရွေးချယ်ပါ ... ဒါပေမဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲ ခေါ်လာဖို့တောင်မကောင်းတဲ့ မိန်းကလေးမျိုးတော့ မဖြစ်စေချင်ဘူး သား ... "

ပေပေရော၊ မေမေရော သူ့ကိုလွတ်လပ်ခွင့်ပေးထားသည်။

"သားက အမြော်အမြင်ရှိပြီး ... သွက်လက်ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်ပဲ ... မင်းရဲ့ရွေးချယ်မှု မမှားနိုင်ပါဘူး"

မို့ကို ရွေးချယ်တာ သူ့ရွေးချယ်မှု မှားမလား။

ချမ်းသာကြွယ်ဝတဲ့ အသိုင်းအဝိုင်းကမဟုတ်ပေမဲ့ ထူးချွန်ထက်မြက်တဲ့ မိန်းကလေးပဲဖြစ်သည်။

လှပချောမောဏ်။

ကိုယ့်ကိုယ်ကို တန်ဖိုးမဲ့အောင် နေထိုင်လေ့မရှိတဲ့ မိန်းကလေး။

သူ ...

ပြင်ဆင်ပြီး အပြင်ထွက်လာခဲ့သည်။

"သား မနက်စာစားသွားဦးလေ ... "

"မစားတော့ဘူး မေမေ ... ရုံးရောက်မှပဲ စားတော့မယ် နည်းနည်းနောက်ကျနေပြီ ... "

မိုစောင့်နေမှာကို သူစိုးရိမ်သွားပြီး အပြေးအလွှား ကားပေါ်တက်သည်။



ရုံးမှာ အရေးတကြီးကိစ္စမရှိ၍ မိုဖုန်းမဆက်တာဘဲ ဖြစ်မည်။

ကိုခန့်သော် ဘာလို့နောက်ကျနေလဲမေးရင်တော့ မင်းအကြောင်းတွေ တစ်ညလုံးစဉ်းစားမိနေလို့ မိုဟု ပြောရမှာပဲ။

မို ရောက်နေပြီလား။

သူ့ရုံးခန်းလေးထဲ ဝင်ရမှာ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ပင်။

ကိုယ်သတ္တိမရှိတာတော့ အမှန်ပဲ ခင်စံမို။

ရင်ထဲက အချစ်တွေကို မင်းသိအောင်ပြောပြဖို့ ခက်နေတယ်။

ကိုယ့်ကို မုန်းသွားမှာ အထင်သေးသွားမှာ ကိုယ် အကြောက်ဆုံးပဲ။

မင်းနဲ့ အခင်မင်မပျက်ချင်ဘူး။

ရုံးရောက်တော့ ကားပေါ်ကဆင်းပြီး ရုံးခန်းဆီ ခပ်သွက်သွက်လျှောက်လာခဲ့မိသည်။

မင်းပြင်ဆင်ထားတဲ့ ရုံးခန်းလေးထဲဝင်ဖို့ ကိုယ်ရင်ခုန်နေတယ် မို ... ။

"ကျွို ... "

တံခါးပွင့်သွားပြီး ကိုယ်ဝင်လိုက်သည်။

ရင်ထဲမှာ အေးစိမ့်သွားတာပဲ။

လန်းဆန်းလိုက်တာ။

စိတ်ချမ်းသာလိုက်တာ မှီရယ်။

မင်းလို အိမ်ရှင်မမျိုးတစ်ယောက်နဲ့ ကိုယ့်ဘဝရဲ့ ရှေ့ဆက်မဲ့ အနာဂတ်ကို လက်တွဲတည်ဆောက်ချင်တယ်ကွာ။

မှီ့ကို စိုက်ကြည့်မိသွားသည်။

"ကိုခန့်သော် နောက်ကျတယ်နော် ... "

မှီ့အကြောင်းတွေ တွေးပြီး ကိုယ်အိပ်ပျက်တာဟု ပြောဖို့ စိတ်ကူးပြီးမှ ကိုယ်ဒီလိုကလေးကလားစကားတွေ မပြောသင့်ဟု ထင်မိသည်။

ထိန်းချုပ်လိုက်၏။

ကိုယ်က လူကြီးတစ်ယောက် ...

မင်းရဲ့ယုံကြည်မှုတွေကို ကိုယ်အလွဲသုံးစားမလုပ်ချင်ဘူး။

"ညက ကိုယ်အိပ်ရေးပျက်သွားလို့ မှီ ... "

"မှီလည်း ဒီနေ့အိပ်ရာထ နောက်ကျတယ်လေ ... "

ကိုယ့်အကြောင်းတွေ မင်းရောတွေးနေတာလားဟု မေးချင်မိသည်။

မှီအထင်သေးမှာ ကိုယ်အစိုးရိမ်ဆုံးပဲလေ။

"ဒီအခန်းလေးထဲဝင်လိုက်ရတာ ကိုယ့်အတွက် တကယ့်ကို ခွန်အားတွေဖြစ်စေတယ် မှီ ... "

"မှီက ကိုခန့်သော်ကို ပိုပြီးစိတ်အပန်းပြေစေချင်လို့ပါ ... အလုပ်တာဝန်တွေ များပြားတယ် မဟုတ်လား ... "



"ကျေးဇူးပဲ မှီ ... "

မှီရယ် ... ။

ကိုယ့်အနားမှာ မှီ ထာဝရရှိနေစေချင်တယ်ကွာ။

မိန်းကလေးပီသတဲ့ မှီကို ကိုယ်ချစ်မြတ်နိုးတယ်။

ကိုယ် သတ္တိမရှိဘူး။

ရင်မဖွင့်ရဲပါဘူး။

ပတ်ဝန်းကျင်မှာလည်း ကိုယ့်လက်အောက်က ဝန်ထမ်းကောင်မလေးတွေနဲ့ လက်ထပ်လိုက်တဲ့အတွက် ဝေဖန်ကဲ့ရဲ့မှုတွေ လှိုင်းရိုက်ခတ်လာမလား။

ကိုယ်တွေဝေနေတယ်။

ခင်စံမှီလို မိန်းကလေးတစ်ယောက်နဲ့ ကိုယ့်မိဘတွေက သဘောတူချင်မှ တူပေမဲ့ ကိုယ့်ဆန္ဒကို ကန့်ကွက်မှာမဟုတ်ပါဘူး။

ဒါပေမဲ့ ...

ကိုယ့်အသိုင်းအဝိုင်းတွေ ...

အကျိုးတူ ပူးပေါင်းလုပ်ဆောင်နေကြတဲ့ ကိုယ့်လုပ်ဖော်ကိုင်ဘက်တွေ ...

"ဒီ ... "

"ရှင် ... "

"ကိုယ် မနက်စာတောင် စားမလာရသေးဘူး ... "

"ကိုခန့်သော်အတွက် မှီ ကော်ဖီဖျော်ပေးရမလား ... မုန့်

Book Sharing

Scanned by CamScanner

ကတော့ ပေါင်မုန့်ကို ကြက်ဥနဲ့ ကြော်လာတာ ရှိတယ်လေ ... "

"ကောင်းတယ် မို ... ကိုယ်လည်း အိမ်ကနေ ကပျာကယာ ထွက်လာမိလို့ ... မနက်စာတောင် စားဖို့မေ့လာတယ်"

တကယ်တော့ မေမေက မနက်စာစားဖို့ သတိပေးတာပဲ။

ကိုယ်စားပြီးမှ ထွက်လာရင်လည်း ဖြစ်ပါတယ် မို။

မိုထမင်းဘူးထဲက စားစရာတွေကို ကိုယ်စားချင်တာပါ။

"ပေါင်မုန့်ကြော်က မိုကိုယ်တိုင်ကြော်လာတာတွေပါ ... ကိုခန့်သော် ကြိုက်ပါ့မလား မသိဘူးနော် ... "

"မို့လက်ရာဆို ကိုယ်ပိုပြီး ကြိုက်ပါတယ် ... ကိုယ်က မြန်မာအစားအစာတွေ ... ကိုယ်တိုင်လုပ်စားတဲ့ မုန့်တွေပဲ ကြိုက်တယ် မို ... "

ဒီမနက်တကတော့ တကယ်ပဲအရသာတွေ့စရာဖြစ်နေသည်။ ခန့်သော် ခံတွင်းတွေ့နေ၏။

"မိုက ကော်ဖီဖျော်တာရော ... မုန့်တွေလုပ်တာရော တကယ်ကောင်းတာပဲ ... "

"ပေါင်မုန့်ကို ကြက်ဥနဲ့ ကြော်တာက အထူးအထွေမှ မဟုတ်တာပဲ ကိုခန့်သော် ... မို့မေမေက အမြဲတမ်းသင်ပေးတတ်တယ်လေ ... "



မိုကျွေးတဲ့ မနက်စာလေးကို သူမေ့ပစ်လို့မရအောင်ဖြစ်ရသည်။

မနက်တိုင်း ကိုယ့်ကို မို အဲဒီလို ကျွေးမွေးပြုစုပါလား။

"မို ... "

"ရှင် ... "

"ဒီနေ့တော့ ကိုယ်တို့ အလုပ်သိပ်မရှိဘူး ... အပြင်ထွက်ပြီး ဈေးဝယ်ကြရအောင်နော် မို ... "

"မို မလိုက်ပါရစေနဲ့နော် ... အလုပ်တာဝန်နဲ့ပဲ သွားလာတာကောင်းပါတယ် ... အလုပ်တာဝန်နဲ့ မဆိုင်တာတွေတော့ ကိုခန့်သော်ကို အားနာပါတယ် ... မို မလုပ်ပါရစေနဲ့"

ထိုကိစ္စကိုတော့ မိုက ပြတ်သားစွာ ငြင်းဆန်မိသည်။

အလုပ်ရှင်ဒါရိုက်တာတစ်ယောက်နဲ့ အလုပ်တာဝန်မဟုတ်တာတွေ လိုက်လုပ်နေတာမျိုး မို့အရှက်သိက္ခာကို ထိပါးသည်ဟု ထင်မိ၏။ မေမေလည်း လက်ခံမှာမဟုတ်။

ကိုခန့်သော်နဲ့ နီးစပ်မှုရှိအောင် မနေဖို့ မေမေက သတိအထပ်ထပ်ပေးနေခဲ့သည်။

မို ဆင်ခြင်ရမယ်။

"မို ... "

"ရှင် ... "

"ကိုယ့်ကို မယုံလို့လား ... "

"မဟုတ်ပါဘူး ကိုခန့်သော် ... မှိုမလုပ်တတ်လို့ပါ ... မေမေကလည်း မှို့ကို အလုပ်တာဝန်တွေနဲ့ မဆိုင်တာတွေလုပ်မှာမျိုး သိသွားရင် လက်ခံမှာမဟုတ်လို့ပါ ... "

မှို့ကို သူစိုက်ကြည့်မိသည်။

မာနတွေကင်းနေတဲ့ မျက်ဝန်းလေးတွေက မင်းတကယ်ပဲ မလုပ်လိုတဲ့ အရိပ်အငွေ့တွေ လွှမ်းခြုံနေသည်။

မင်း ဟန်ဆောင်ငြင်းဆန်တာ မဟုတ်ဘူးဆိုတာ ကိုယ်သိပါတယ်။

စိုရဲအိစက်နေတဲ့ နှုတ်ခမ်းလေးက မသိမသာတုန်ချင်နေသည်။

မှိုက အရှက်ကြီးတဲ့မိန်းကလေးတစ်ယောက်ဆိုတာကို သိဖို့ကောင်းတယ်။

"ကိုယ်က အလုပ်တာဝန်တွေနဲ့ အမြဲတမ်းပိနေတဲ့ လူတစ်ယောက်ပါ မှို ... တစ်ခါတလေ လွတ်လွတ်လပ်လပ်အပြင်ထွက်ပြီး နေပစ်ချင်တယ် ... ဟိုကာရာအိုကေခန်းမတွေထဲ သွားပြီး သီချင်းအော်ဆိုပစ်ရင်ကောင်းမလား ... "

ရှင်လုပ်ချင်တာတွေကို မှိုအနားကနေပြီး ပါရမီဖြည့်ချင်ပါတယ်။

မှို သတ္တိမရှိလို့ပါ။



အလုပ်ရှင် ဒါရိုက်တာကို အရချိုင်တဲ့ မိန်းကလေးလို့ မျက်ဝန်းကျင်က ထင်မြင်မှာ မှိုအကြောက်ဆုံးပဲ ကိုခန့်သော်။

မှိုက မိန်းကလေးပါ။

ထိန်းသိမ်းရမယ်၊ မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာတွေကို မှို ရှေ့တန်းတင်ရမယ်။

မှိုတို့ မိန်းကလေးတွေရဲ့ တန်ဖိုးပဲ။

"ကိုယ်တစ်ယောက်တည်းသွားရမှာလည်း ပျင်းစရာကြီးကွာ ... ဘာလုပ်ရင် ကောင်းမလဲ ... မထူးတော့ပါဘူး မှိုရာ ကိုယ်နဲ့ မှို စားသောက်ကုန်လုပ်ငန်းတစ်ခုကို သွားလေ့လာကြမယ် ... ဒါလည်း အလုပ်တာဝန်ပဲ မဟုတ်လား"

မှို့ကိုခေါ်ပြီး တစ်နေရာရာကိုသွားချင်တဲ့ ဆန္ဒတွေ ပြင်းပြနေသည်။

သူစားသောက်ကုန်တွေ သွင်းဖို့အတွက် လုပ်ငန်းတိုးချဲ့ဖို့ လေ့လာနေ၏။

ကောင်းတယ်။

မှို့ကိုခေါ်ပြီး လိုက်လေ့လာတာ အကောင်းဆုံးပဲ မဟုတ်လား။

"သွားမယ် ခင်စံမှို ... မင်းမှတ်တမ်းတွေကိုင်ပြီး ကိုယ့်နောက်လိုက်ခဲ့တော့ ... "

သူအတည်ပေါက်နှင့်ပြောကာ ရှေ့ကထွက်သွားသည်။

Scanned by CamScanner

မို ငြင်းဆန်၍ မရတော့။

အပြင်ရောက်တော့ ခင်က မို့ကို မေးဆက်ပြသည်။

"မို လုပ်ငန်းတစ်ခုအတွက် လေ့လာဖို့သွားမှာ ခင် ... ညနေ အတူတူပြန်ကြမယ်နော် ... စောင့်နေသိလား ..."

မို စိတ်မလုံမလဲနှင့် ခင့်ကိုပြောပြီး သူ့နောက်အပြေးအလွှားလိုက်ရသည်။

တမင် မို့ကိုအပြင်ခေါ်ထုတ်တာဖြစ်ကြောင်း မိုသိ၏။

မို ကိုယ်ချင်းစာပါတယ်။

ရှင်က အလုပ်တာဝန်တွေပိပြီး လွတ်လပ်ပျော်ရွှင်မှု လုံးဝမရှိတဲ့သူပါ။

မိုကတော့ ရှင်သွားချင်တဲ့နေရာတွေ၊ ရှင်လုပ်ချင်တာတွေအားလုံး ဘေးကနေ လိုက်ပြီးဖြည့်ဆွက်ပေးချင်ပေမဲ့ ရှင်နဲ့အတူ ရှင်လွတ်ကိုယ်လွတ် မနေသင့်ဘူးဆိုတဲ့အသိက ထိန်းချုပ်နေတယ်လေ။

အကြောင်းရှာပြီး သွားနေတဲ့ ကိုခန့်သော်နောက်မှ မို တကောက်ကောက်လိုက်နေမိသည်။



## အခန်း [ ၁၄ ]

သူ ...

တစ်နေကုန်သွားနေတော့မလားဟုပင် မိုတွေးမိနေသည်။

သူက သွင်းကုန်ထုတ်ကုန်လုပ်ငန်းရှင်ဆိုတော့ သူတင်သွင်းမည့် ကုန်ပစ္စည်းတွေအတွက် လေ့လာစုံစမ်းနေသည်။

မိုက အချက်အလက်တွေကို မှတ်ရသည်။

အလုပ်တာဝန်ဆိုတော့လည်း မိုဘယ်နည်းနဲ့မှ ငြင်းဆန်၍မရဘဲ ဖြစ်နေ၏။

ရှင် ...

တမင်လုပ်နေတာလား။

ကျွန်မ ဘာလို့လိုက်နေမိတာလဲ။

Scanned by CamScanner

ရှင့်အနားကနေ မိုထွက်သွားချင်တာတော့ အမှန်ပဲဖြစ်သည်။

"မို ... "

"ရှင် ... "

"မောနေပြီလား ... "

"ရပါတယ် ... "

"ကိုယ်အလုပ်မရှိလို့ ပျင်းနေတာ ... အခုတော့ အချိန်ကို အကျိုးရှိရှိ ဖြုန်းတာလေ ... "

ခန့်သော်နှင့် တာဝန်အရသာ လိုက်ပါလာတတ်တဲ့ မိုကို အလုပ်ကိစ္စအကြောင်းပြပြီး အနားမှာထားမိသည်။

"မို ... "

"ရှင် ... "

"တစ်ခုခုစားရအောင် ... "

"ဟင့်အင်း ... "

"လာပါ မိုရာ ... ကိုယ်အရမ်းဆာနေလို့ ... "

"မို့မှာ ထမင်းဘူးပါတယ်လေ ... "

"မိုက ထမင်းဘူးစားလေ ကိုယ်က တစ်ခုခုစားမယ်နော်"

သူ ...

ဝင်သွားသည်။

မို ငြင်းဆန်ရခက်နေ၏။

အထဲလိုက်ဝင်သွားရသည်။



ကိုခန့်သော်ရဲ့အမိန့်ဩဇာတွေကို မိုနာခံတတ်နေ၏။

မို အားနာ၍လား။

"စိတ်ညစ်နေပြီလား မို ... "

"ဟင့်အင်း ... "

"တစ်ခါတလေ ကိုယ်အပန်းဖြေချင်တဲ့ ဆန္ဒတွေဖြစ်လာတတ်တယ် ... အဲဒီလိုနေချင်တဲ့ ဆန္ဒတွေဖြစ်လာတိုင်း မို့ကို ကိုယ့်အနားမှာ ထားချင်တယ် ... "

"ရှင် ... "

"မို့အပေါ် ကိုယ်လိုအပ်တာထက်ပိုပြီး စိတ်ဝင်စားနေမိတာမျိုးလား ... အဟက် ... "

သူ ...

ရယ်နေသည်။

ဒီနေ့တော့ ...

သူကလေးဆန်စွာ ပေါ့ပါးသွက်လက်နေသည်ဟု ထင်မိသည်။

စားစရာတွေ မှာ၏။

"ဟို အများကြီးတော့ မမှာပါနဲ့ ... ကိုခန့်သော် မကုန်ရင် နှမြောစရာကြီးဖြစ်လိမ့်မယ် ... "

မို မိန်းကလေးဆိုတော့ အပိုတွေမကုန်စေချင်ပေ။

"မို့လို မိန်းကလေးပီသပြီး ကိုယ့်ကိုထိန်းချုပ်ပေးနိုင်မဲ့ ဇနီး

Scanned by CamScanner

ချောလေးတစ်ယောက် ကိုယ့်အနားမှာရှိရင် ဘယ်လောက် ပျော်စရာကောင်းမလဲနော် . မို ... "

"ရှင် ... "

ရှင် ...

လူကြီးမဆန်တဲ့ စကားတွေပြောနေပြီ ထင်တယ်။

မျက်နှာထူပူလာပြီး မိုထွက်ပြေးချင်တဲ့စိတ်တွေပင် ဖြစ်လာရသည်။

ရှင်အလုပ်ကိစ္စနဲ့ မပတ်သက်တာတွေ မပြောပါနဲ့လို့ ပြောချင်မိ၏။

မပြောဖြစ် ...

နှုတ်ခမ်းလေးတွေက စေ့ကပ်နေသည်။

ရှင်နဲ့ အတိုက်အခံလုပ်ဖို့ မိုအင်အားမရှိတာတော့ အမှန်ပါပဲ။

စားစရာတွေ ရောက်လာသည်။

"မို စားနော် ... "

"ဟုတ် ... "

"ကိုယ်ပြောတာတွေ စိတ်ညစ်နေပြီလား မို ... "

"ဟင့်အင်း ... "

"ကိုယ်သိပါတယ် ... ကိုယ် ဒီလိုပြောနေတာတွေ မိုမကြိုက် ဘူး . မဟုတ်လား ... "

သူ ...



စားစရာတွေကို စားနေသည်။

မို မစားနိုင်။

သူနှင့် ဒီလိုကြီးလျှောက်သွားနေတာကိုပင် နှစ်သက်နေမိသလိုပင်။

မို ရင်ခုန်နေတယ်။

ခင်ပြောသလိုပဲ မိုအချစ်ဆိုတာကို ခံစားနေရပြီလား။

ဒီလိုစိတ်မျိုးတွေကို မိုဖျောက်ဖျက်ပစ်ရမယ်။

မိန်းကလေးတစ်ယောက်အနေနဲ့ အညွှာမလွယ်သင့်ဟု ထင်မိသည်။

အလုပ်ချိန်ကုန်ရင်တော့ မိုပြန်တော့မယ်။

ခင်နဲ့လည်း ချိန်းထားတယ်။

"မို ဒီနေ့ အချိန်ပိုမဆင်းတော့ဘူးနော် ... "

"အင်း ... အလုပ်လည်း သိပ်မရှိပါဘူး ... မို ဘယ်သွားမလို့ လဲ ... "

"သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းထားလို့ပါ ... "

"မို ဘယ်သူနဲ့ ချိန်းထားတာလဲ ... "

"ခင်နဲ့ပါ ... "

"သွားလေ မို ... "

မိုသွားမဲ့လမ်းခရီးတွေကို ရှင်တားဆီးပိတ်ပင်နိုင်စွမ်း မရှိပါဘူးနော်။

Book Sharing
Scanned by CamScanner

သူကတော့ ဘာမှမဖြစ်သလို မို့ကို ဆရာလုပ်နေသဲပင်။

"မို စောစောအိမ်ပြန်နော် ... မို့အတွက် ကိုယ်ကားတစ်စီး စီစဉ်ထားပေးချင်တယ် ... "

"အို ... မလုပ်ပါနဲ့ ကိုခန့်သော် ... ကျွန်မအတွက် အဲဒီ လောက်အထိ လုပ်ပေးတာကို ကျွန်မလက်မခံပါရစေနဲ့"

သူမ ...

ထလိုက်သည်။

"ကျွန်မ ပြန်တော့မယ် ... နောက်ဆို အလုပ်တာဝန်နဲ့မဆိုင် တဲ့ ကိစ္စတွေ မလုပ်ပေးပါနဲ့ ... "

မို ...

ထွက်လာခဲ့မိသည်။

အရမ်းရိုင်းသွားပြီလား။

မဖြစ်နိုင်ပါဘူး။

ကိုခန့်သော်လိုလူတစ်ယောက်အပေါ် မိုဒီလောက် အထိ တွယ်တာနေစရာမလိုဘူးဟု ထင်မိသည်။

ခင် စောင့်နေ၏။

"မို ... "

"ခင် ... "

"ရှင် ဘာဖြစ်လာတာလဲ ... ကိုခန့်သော်နဲ့ တစ်နေကုန် လျှောက်လည်နေတာပဲ မဟုတ်လား ... "



"အလုပ်ကိစ္စအတွက်ပါ ... "

"မို ... "

"ဟင် ... "

"ရှင့်လူကို ခင်စမ်းသပ်တယ် သိလား ... မအောင်မြင်ဘူး"

"ဘယ်သူလဲ ... ရှင့်လူဆိုတာ ... "

"ကိုသီဟလေ ... "

"ဘာဖြစ်လို့လဲ ... "

"သူက ခင်စံမိုဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ လက်ထပ် မှာတဲ့ ... အဲဒီမိန်းကလေးကလွဲပြီး တခြားမိန်းကလေးတွေ ကို မချစ်ဘူးတဲ့ ... "

"ဟင်း ... "

မို စိတ်မောစွာဖြင့် သက်ပြင်းချပစ်လိုက်မိသည်။

ကိုသီဟ မိန်းကလေးတစ်ယောက်ယောက်ကို စိတ် ဝင်စားပါစေဟု မိုဆုတောင်းနေမိ၏။

မို့ကိုလည်း ချစ်မနေစေချင်ပါဘူး။

"မို ... "

"ပြော ... "

"ကိုခန့်သော်က မို့ကို ချစ်တဲ့အကြောင်းပြောသေးလား"

"တရားဝင်တော့ ဖွင့်မပြောပါဘူး ... မို ဒါပေမဲ့ မို့ကို စိတ် ဝင်စားတဲ့ သဘောတော့ပြတာပဲ ... "

"အဲဒါ ခက်တာပဲ မို ... တကယ်ဆို တရားဝင်အမူအရာပြ

သသင့်တယ် ... ရှင့်ကို ချစ်တဲ့အကြောင်း ပြောသင့်တယ်"

"ဒါကတော့ ... "

"ကိုခန့်သော်အပေါ် မို့အလေးပေးနေတယ် မဟုတ်လား"

"ဟင် ... "

"ရှင် ဝန်ခံစမ်းပါ ... "

"မို့ ဘာဖြစ်သင့်လဲ ... "

"ကိုသီဟကိုပဲ လက်ခံသင့်တယ် ... "

အချစ်ဆိုတာကို မို့စဉ်းစားနေမိသည်။

ကိုသီဟအပေါ် ချစ်သူအဖြစ် မို့သဘောထားလို့ မရတာဘဲဖြစ်၏။

"ကိုသီဟနဲ့ လက်ထပ်ဖို့ ကိုယ်တွန့်နေမိသလိုပဲ ခင် ... "

"ကိုသီဟကတော့ ရှင့်ကို ချစ်နေတာပါ ... "

ကိုခန့်သော်ကရော ...

မို့အပေါ် စိတ်ဝင်စားမှုတော့ ပြနေသည်။

ချစ်သည်ဟု တရားဝင်ထုတ်ဖော်ပြောဆိုလာရင်ရော ...

မို့ လက်ခံသင့်လား။

သူနှင့် လက်ထပ်ဖို့ မို့ ဆုံးဖြတ်သင့်လား။

ရင်ထဲမှာ ပူလောင်နေသည်။

အိမ်ပြန်ဖို့ပင် မို့ဝန်လေးနေမိသလိုပင်။

မေမေကလည်း မို့ကို ပြတ်ပြတ်သားသားဆုံးဖြတ်



ဖို့ ပြောနေသည်။

"မေမေကလည်း မို့ကိုဆုံးဖြတ်စေချင်နေတယ် ခင် ... "

"ကိုခန့်သော်ကို ရှင်ချစ်နေပြီ မဟုတ်လား ... "

"ဟင် ... "

မို့ တုန်လှုပ်ချောက်ချားစွာဖြင့် ခင့်ကိုကြည့်မိသည်။

ဝန်ခံရမလား။

ငြင်းဆန်ရမလား။

"ကိုခန့်သော်နဲ့ လျှောက်လည်ရတာ ... မို့ပျော်နေတယ် မဟုတ်လား ... "

"စိတ်တော့ လှုပ်ရှားနေတယ် ခင် ... "

"ဟုတ်ပါပြီ ... ရှင် ဒီလူ့ကို ချစ်နေတာပဲ ... "

"ခင် ... "

"ကိုခန့်သော်က မို့ကိုချစ်ချင် ချစ်နေပေမဲ့ တရားဝင်ထုတ်ဖော်ပြောဖို့တော့ ဝန်လေးနေမှာပဲ မို့ ... "

ဖြစ်နိုင်တာပဲ။

"ကိုခန့်သော်အပေါ် မို့ပြန်ပြီး စိတ်ဝင်စားမိတာ ... ငွေကြေးတွေ ဂုဏ်ဒြပ်တွေနဲ့တော့ မဆိုင်ပါဘူး ခင် ... "

"မို့ကို ယုံပါတယ် ... "

"လူ့စိတ်ဆိုတာ တကယ်ပဲခက်တယ်နော် ခင် ... တကယ်ဆို ... မို့အနေနဲ့ ကိုသီဟကိုပဲ စိတ်ဝင်စားသင့်တာ ... "

မို့စိတ်တွေ ကျဉ်းကျပ်နေမိတာတော့ အမှန်ပဲဖြစ်

သည်။

"တိ … တိ … "

"တိ … "

"ဟင် … "

မို့ဟာမ်းဖုန်းလေးမှ မြည်လာ၍ မိုအထိတ်တလန့် ဖွင့်ပြီး နားထောင်မိသည်။

"မို … "

"ဟင် … "

ကိုသီဟရယ်။

မိုက ကိုခန့်သော်လားဟု ရင်ခုန်သွားပြီး ကိုသီဟ ဖြစ်နေသဖြင့် စိတ်ထဲမှာ မလိုလားသလိုကြီး ဖြစ်သွားမိသည်။

"ပြောပါ ကိုသီဟ … "

"မို ပြန်လာမလား … "

"ရှင် … "

"စောစောပြန်လာမလားလို့ မေးတာပါ … "

"အင်း … မို အခုပဲပြန်လာတော့မှာပါ ကိုသီဟ … "

"ကိုယ် အန်တီနဲ့ မို့ကို ညစာ အပြင်မှာကျွေးချင်လို့ပါ"

"ရှင် … "

"မိုပြန်လာခဲ့မယ် မဟုတ်လား … "

"ဟုတ်ကဲ့ … "

ဖုန်းပိတ်လိုက်သည်။



"ကိုသီဟလား မို … "

"အင်း … "

"ရှင်စိတ်မဝင်စားတော့ဘူး မဟုတ်လား … "

"ကိုသီဟကတော့ မို့ဆီမှာ လက်ထပ်ဖို့ တရားဝင်တောင်းဆိုတော့မယ်ထင်တယ် ခင် … "

ညစာ ကျွေးမလို့တဲ့။

မေမေက လိုက်စားမှာ မဟုတ်။

မိုကိုယ်တိုင်လည်း ကိုခန့်သော်နှင့် ညစာစားပြီးပြီ။

အများကြီးမဟုတ်ပေမဲ့ မိုမစားချင်လောက်အောင် ဖြစ်နေသည်။

စိတ်မပါဘဲ။

ကိုသီဟနဲ့ ပတ်သက်ပြီး မိုဘယ်တော့မှ တက်ကြွမှု မရှိခဲ့။

"မိုပြန်တော့မယ် … "

"မို … "

"ဘာလဲ ခင် … "

"ကိုသီဟက ရှင့်အတွက် အသင့်တော်ဆုံးပဲ … "

"သူနဲ့ ရုံးက သူဇာဆိုတဲ့ မိန်းကလေးအရမ်းတွဲတယ်ဆို"

"ရိုးရိုးမိတ်ဆွေတွေပါ မိုရာ … ခင်သိပါတယ် … သူဇာဘက်ကသာ စိတ်ဝင်စားနေတာပါ … ကိုသီဟက လုံးဝစိတ်မဝင်စားပါဘူး … "

"ကျွန်မနဲ့ ချစ်သူဖြစ်ပြီးမှဖြစ်စေ ... လက်ထပ်ပြီးမှဖြစ်စေ စိတ်ပြောင်းသွားရင်ရော ... "

"ဒါကတော့ ကံကြမ္မာနဲ့လည်း ဆိုင်တာပဲ မို ... ခင်ကတော့ စိတ်ကိုဖြေလိုက်ပါတယ် ... ကိုကျော်ကျော်မောင်နဲ့ ခင် တရားဝင်ခွဲခွာသွားကြပြီလေ ... ကံပဲပေါ့ ခင့်ဘက်က နောက်ဆုတ်မပေးလို့လည်း မဖြစ်ဘူးလေ ... ဟိုဟာမမှ ဟိုဟာမဖြစ်သွားပြီ ... "

"မိုလည်း ... ခင့်လိုအဖြစ်မျိုးတွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာ ကြောက်တယ် ... "

"ကိုခန့်သော်က ပျို့တိုင်းကြိုက်တဲ့ နှင်းဆီနိုင်နော် ... ကိုသီဟကမှ စိတ်ချမ်းသာရဦးမယ် ... "

"မို ပြန်တော့မယ် ... "

မို ပြန်လာခဲ့သည်။

ကိုခန့်သော်ကတော့ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီနိုင် ပဲ။

ဟုတ်တယ်။

မို ကိုသီဟနဲ့ပဲ လက်ထပ်သင့်တယ်။

စိတ်မှာ မလိုလားမိ။

ရှုံးနိုင်တဲ့ ဝေဒနာတွေကို မိုနာကျင်စွာ ခံစားနေရ သည်။

ကိုခန့်သော်ပေးထားတဲ့ ဟမ်းဖုန်းလေးကို တင်း



ကျပ်စွာ ဆုပ်ကိုင်ထားမိ၏။

အိမ်ပြန်ရောက်လာသည်။

ထင်ထားတဲ့အတိုင်းပင် မေမေက မလိုက်တော့။

"မောင်သီဟနဲ့ သမီးပဲ သွားလိုက်ပါ ... "

"မို ရေချိုးလိုက်ဦးမယ်နော် ... ကိုသီဟ ... "

"အေးအေးဆေးဆေး ပြင်ပါ မို ... ကိုယ်စောင့်နေပါ့မယ်"

မို ငြင်းဆန်၍ မကောင်းတော့၍ လိုက်လျောလိုက်ဖို့ပဲ ဆုံးဖြတ်လိုက်သည်။

ကိုသီဟနဲ့ ဆွေးနွေးကြည့်မယ်။

မေမေလည်း မို့အတွက် စိတ်အေးရအောင် လက်ခံလိုက်တော့မယ်။

မို့စိတ်တွေ ပေါ့ပါးလန်းဆန်းသွားတာမျိုး မရှိပေ။

ပြင်ဆင်ပြီး အပြင်ထွက်လာခဲ့မိသည်။

Scanned by CamScanner

## အခန်း [ ၁၅ ]

မိုညစာစားပြီးပြီဟု ပြောလို့လည်း ကိုသီဟစိတ်ထဲမှာ မိုငြင်းဆန်ဖို့အကြောင်းပြတာဟု ထင်မှာသေချာသည်။

ဘယ်သူနဲ့စားတာလည်းဟု မေးလျှင်လည်း မိုအဖြေရခက်ဦးမည်။

မို့ရင်တွေ ပြည့်နေသည်။

"မို ... "

"ရှင် ... "

"ဘယ်မှာစားမလဲ ... မို ဘာစားချင်လဲ ပြော ... "

"ကိုသီဟ ရွေးချယ်ပါ ... "

သီဟကတော့ မို့ကိုလက်ထပ်ဖို့တောင်းဆိုရန် ဆုံးဖြတ်ထားမိသည်။



မို့ကို သူချစ်နေမိပြီ။

မေမေကိုယ်တိုင်ကလည်း မို့ကိုလေ့လာဖို့ လွှတ်လိုက်တာပဲ မဟုတ်လား။

"ကိုယ်က မိုရွေးချယ်တာပဲ လိုအပ်တယ် ... "

အကြည့်ချင်းဆုံမိသည်။

မို့ကို သူအထင်တကြီးနှင့် လေးစားမြတ်နိုးနေမိ၏။

လက်ထပ်ခွင့်တောင်းတော့မယ်။

မို့ကိုပဲ ရွေးချယ်နေမိသည်။

"မိုစားချင်တာတွေ မှာနော် ... "

မိုသည် ယောကျ်ားနှစ်ယောက်လုံးရဲ့ အရေးပေးဆက်ဆံမှုတွေကို ခံစားရပေမဲ့ မို့ရဲ့ခံစားမှုက ကိုခန့်သော်ဆိုတဲ့ လူတစ်ယောက်ထံမှာပဲ ရှိနေခဲ့သည်။

"မို စားလေ ... "

"အင်း ... "

စောစောကပဲ ကိုခန့်သော်နှင့် စားခဲ့၍ မိုရင်ပြည့်နေသည်။

စားစရာတွေကို တို့ကနန်း ဆိတ်ကနန်းပဲ စားနေမိ၏။

"မို ... "

"ရှင် ... "

"စားပါ ... "

Book Sharing

Scanned by CamScanner

"မို မဆာလို့ပါ ... "

မိုစားပြီးကြောင်း မပြောချင်။

ကိုခန့်သော်ကို သူမ သတိတရရှိနေမိသည်။

ရှင်နဲ့ အတူနေရတာ ကျွန်မ တကယ်ပဲ ရင်ခုန်နေရပါတယ်။

"မို ... "

"ရှင် ... "

"ကိုယ်ပြောစရာရှိလို့ပါ ... "

"ပြောပါ ... "

မို့ကို ကြည့်မိသည်။

ကျက်သရေရှိသော မို့အလှတွေကို သူမြတ်နိုးနေမိ၏။

"ကိုယ် မို့ကို လက်ထပ်ပါရစေ ... "

"ရှင် ... "

ပြောမဲ့ပြောတော့လည်း ပေါ်တင်ကြီးပြောနေသည်။

အကြည့်တွေကို လွှဲဖယ်ပစ်လိုက်သည်။

မို စိတ်ညစ်သွားသလိုပင်။

ရှုပ်ထွေးသွားရသည်။

"ကိုယ် မို့ကို ချစ်တယ် ... လက်ထပ်ပါရစေ မို ... "

မို ဘယ်လိုအဖြေပေးရမလဲ။



ကိုသီဟနှင့် လက်ထပ်ဖို့ မိုကိုယ်တိုင်ဆုံးဖြတ်ရခက်နေသည်။

"မို ... "

"ရှင် ... "

"အဖြေ ... "

"မို စဉ်းစားပါ့မယ် ... မိန်းကလေးတစ်ယောက်အတွက် တစ်သက်တာကိစ္စ ဖြစ်နေလို့ပါ ... "

"ကိုယ့်အနေနဲ့ မို့ဘဝတစ်သက်တာလုံး ... မကြောင့်မကြ မတောင့်မတ ပြည့်ပြည့်စုံစုံထားနိုင်ပါတယ် ... "

ငွေကြေးပြည့်စုံတာတော့ ဟုတ်ပါတယ်။

မိုစိတ်ပူတာက ... သစ္စာရှိဖို့ပဲ။

လက်ထပ်ပြီးမှ မို့အပေါ် သစ္စာမဲ့တဲ့ ယောကျ်ားဖြစ်သွားရင် ...

"မိုစဉ်းစားပါရစေဦးနော် ... အဖြေတော့ မပေးပါရစေနဲ့ မိုလက်ထပ်တာကို ဦးနှောက်နဲ့ပဲ ဆုံးဖြတ်စေချင်တာပါ ... "

"မိုက စဉ်းစားဆင်ခြင်တုံတရားကြီးမားတဲ့ မိန်းကလေးပါ ကိုယ်ယုံပါတယ် ... မို မှန်ကန်တဲ့အဖြေတစ်ခုပေးနိုင်မှာပါ ... "

သီဟကလည်း မို့ဆန္ဒအရပဲ ဆုံးဖြတ်စေချင်မိသည်။

လူကြီးတွေ အတင်းအကျပ်စီစဉ်ပေးလို့ လက်ထပ်လိုက်ရတာမျိုး မဖြစ်စေလိုပေ။

Scanned by CamScanner

"ကိုယ်တို့အိမ်ထောင်ရေးမှာ ကိုယ်တို့ဆန္ဒအရပဲ ဆုံးဖြတ်တာ ကိုယ်ပိုပြီး သဘောကျပါတယ် မို ... ကိုယ့်ကိုလေ့လာပါဦး"

"မိုကလည်း အလွယ်တကူ မဆုံးဖြတ်ချင်တာပါ ... ကိုသီဟဆီမှာ ငြင်းဆန်စရာမရှိပေမဲ့ ... မို လေ့လာစရာလေးတွေ ရှိနေလို့ပါ ... "

"မို ဆုံးဖြတ်ပါ ... ကိုယ်စောင့်နေပါ့မယ် ... မို့အဆုံးအဖြတ်ကိုပဲ နာခံမှာပါ ... "

ကိုသီဟကတော့ မိုငြင်းဆန်ဖို့ အခက်အခဲဖြစ်နေသည်။ အစစအရာရာ ပြည့်စုံနေတဲ့ယောကျ်ားတစ်ယောက်ပဲဖြစ်၏။

မိုငြင်းဆန်ချင်နေသေးသည်။

စိတ်က အေးစက်နေ၏။

လှုပ်ရှားမှု ကင်းမဲ့နေသည်။

"မို စားပါ ... ကိုယ်က အကျွေးအမွေးနဲ့ မို့ကိုရည်းစားစကားပြောသလို ဖြစ်နေပြီ ... "

"ရှင်က ရဲရဲတင်းတင်းတောင်းဆိုဝံ့တာပဲ ... သတ္တိကိုပဲ ကျေးဇူးတင်ပါတယ် ... မိုလေးစားပါတယ် ... "

"မို အေးအေးဆေးဆေးစဉ်းစားပါ ... ကိုယ်လက်ခံမှာပါ စားကြစို့နော် မို ... "

"အင်း ... "

မို့ရင်ထဲမှာ ပြည့်နေ၍ အစားတွေက မျိုချမရ။ လည်ချောင်းဝမှာ တစ်နေသည်။



ကိုခန့်သော်နဲ့ မို ညစာစားခဲ့ပြီးဖြစ်သည်။

"မိုစားလို့ မကောင်းဘူးလား ... "

"ကောင်းပါတယ် ရုံးကနေ မိုနည်းနည်းစားလာလို့ ... "

သီဟကတော့ မိန်းကလေးပီသပြီး ဣန္ဒြေသိက္ခာကြီးမားတဲ့ မို့ကို ဘဝတစ်သက်တာ ပိုင်ဆိုင်ဖို့ ဆန္ဒရှိနေမိသည်။

မို ...

ချစ်စရာကောင်းတဲ့ မိန်းမချောလေးတစ်ယောက်၊ စားစရာတွေကို သူတစ်ယောက်တည်းစားပြီး မိုက သိပ်မစားပေ။

"ပြန်စို့နော် မို ... "

မို စိတ်ကျဉ်းကျပ်နေမှာစိုး၍ မိုကိုပြန်မည်ဟု သူပြောလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုသီဟ ... "

ကိုသီဟက အလိုက်သိတတ်သူဖြစ်သည်။

မို စိတ်အိုက်နေမှန်းသိ၏။

အိမ်ရောက်တော့ မေမေက သမီးကို မောင်သီဟက လက်ထပ်ခွင့်တောင်းဆိုလားတဲ့။

"ဟုတ်တယ် မေမေ ... "

"မေမေ ထင်သားပဲ ... "

မောင်သီဟက မိမိထံတွင် ခွင့်တောင်းထားပြီးသားဖြစ်သည်။

"မို ... "

"ရှင် ... "

"သမီးသနှဂ ... "

"မို စဉ်းစားပါရစေဦး ... "

"သမီးက ဘာကိုစဉ်းစားမှာလဲ ... မောင်သီဟကဒီလောက် အထိ အချိန်ယူစဉ်းစားသင့်တဲ့ ယောကျ်ားတစ်ယောက် မဟုတ်ပါဘူး ... "

ဒေါ်လေးမိုကတော့ မောင်ခန့်သော်နှင့် သမီး ... သံယောဇဉ်ဖြစ်မှာကို မလိုလားပေ။

သမီးရှင်တစ်ယောက်အနေနှင့်ပင် ယောကျ်ားလေးရှင်တွေရဲ့ မတူမတန်သလို ဆက်ဆံလာမှာတော့ လက်မခံနိုင်ပေ။

"သမီးလက်ခံလိုက်ပါ ... "

"မိုကတော့ လက်ခံဖို့ ရုတ်တရက်ကြီး မဆုံးဖြတ်နိုင်ပါဘူး မေမေ ... "

"ဘာဖြစ်လို့လဲ မို ... "

မိုအကြောင်းပြစရာတော့ မရှိသေးဘဲဖြစ်နေသည်။

သစ္စာမဲ့တဲ့ ယောကျ်ားတစ်ယောက်ဖြစ်မှာစိုးနေလို့လား။

ဒါမှမဟုတ် ...

ကိုခန့်သော်ကြောင့်လား။

"မောင်ခန့်သော်ကြောင့်လား ... "



မေမေက မို့ကိုပွင့်လင်းစွာဖြင့် မေးနေသည်။

သမီးနဲ့ မေမေ့ကြားမှာ ဖုံးကွယ်စရာအကြောင်းမရှိခဲ့ကြ။ အမြဲတမ်းပွင့်လင်းစွာ ပြောဆိုဆွေးနွေးနေကြဖြစ်သည်။

"မေမေ့ကို နိုင်လုံတဲ့အဖြေတစ်ခုတော့ ပေးပါ ... "

နိုင်လုံတဲ့အဖြေဆို၍ မို နည်းနည်းတော့ အကျပ်ရိုက်သွားရသည်။ မရှိပါဘူး။ မို မချစ်တာဘဲ။

ကိုသီဟကို မိုမချစ်ဘူး။ အချစ်ဆိုတဲ့ ခံစားမှုက မရှိ။ မိုအမှန်အတိုင်း ဝန်ခံဖို့ ခက်နေတာပဲဖြစ်သည်။

"တစ်နေ့ကျရင်တော့ မေမေ့ကို မိုနိုင်လုံတဲ့ အကြောင်းပြချက်ပေးနိုင်မှာပါ ... လောလောဆယ်တော့ သမီး ဘာမှ အဖြေမပေးနိုင်သေးပါဘူး ... "

"မို ... "

"ကိုခန့်သော်နဲ့ ပတ်သက်မှုအတွက် မေမေစိတ်ပူနေတာလား ... မို အဲဒီလောက်အထိ မမိုက်မဲပါဘူး ... "

မေမေ့အနားကနေ မိုလှည့်ထွက်လာခဲ့မိသည်။

အိပ်ခန်းထဲ ရောက်လာ၏။

စိတ်မောလိုက်တာ ...

"ဟူး ... "

သက်ပြင်းမောကြီးကို ပြင်းပြစွာ မှုတ်ထုတ်ပစ်လိုက်မိသည်။ မို ဘယ်လိုဆုံးဖြတ်ရမလဲ။

ငြင်းလိုက်ရမလား။ လက်ခံရမလား။

Scanned by CamScanner

အိပ်ရာပေါ်သို့ မိုပစ်လှဲချလိုက်မိသည်။

"တီ ... တီ ... "

"တီ ... တီ ... "

ဖုန်းလေးက မြည်လာသည်။ သူလား။

ဒီအချိန်ကြီး ကိုခန့်သော် ဖုန်းဆက်လေ့မရှိပေ။

"တီ ... တီ ... "

"တီ ... "

မို ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်မိသည်။

"မို ... "

"ဟင် ... "

သူ ...

ကိုခန့်သော်ရယ်ပါ။ ရင်တွေ ခုန်သွားသည်။

မို့လက်လေးတွေ တဆက်ဆက်တုန်ရီနေ၍ ဖုန်းလေးကို ဖိကပ်ကိုင်ထားရ၏။

"မို ... "

"ရှင် ... "

"အိပ်ပြီလား ... "

"ဟင့်အင်း ... "

"ကိုယ် သတိရနေလို့ ... "

"ရှင် ... "

"ဒီအချိန်ဆို မို ဘာလုပ်နေမလဲ ... စာဖတ်နေမလား ... အိပ်ပျော်နေပြီလားလို့ ... "

"မို အခုမှအပြင်ကနေ ပြန်ရောက်လာတာပါ ... "

"ဟင် ... မို ဘယ်သွားတာလဲ ... "

"အပြင်ပါ မေမေနဲ့ ... "

ကိုသီဟနဲ့ဟု မိုပြောလိုက်ရမှာ ဝန်လေးနေမိသည်။

"မို ... "

"ရှင် ... "

"ကိုယ် ဒီနေ့အရမ်းသတိရနေလို့ ... "

"ဟုတ်ကဲ့ ... "

"အလုပ်တာဝန်အပြင်ဘက်မှာ မိုနဲ့ ကိုယ် လေးစားမှုတွေ ဘေးဖယ်ထားပြီး ပြောဆိုဆက်ဆံကြရင် ကောင်းမယ်"

သူ ... မို့ကို သတိရနေမိသည်။

ချစ်ပါတယ်ဟု ပြောဖို့ သူဆုံးဖြတ်ချက်တွေ မနိုင်မာဘဲဖြစ်နေရ၏။ သူ့ကိုယ်သူပင် မကျေမနပ်မိ။

"မို ... "

"ရှင် ... "

"ကိုယ့်ကို တစ်ခုခုပြောပါဦး ... "

"ရှင် ... ဘာပြောရမှာလဲဟင် ... "

"တစ်ခုခုပေါ့ ... "

"ကျွန်မ ... "

မို ဘာပြောမရလဲ။ ရှင့်ကို မိုက ဘယ်လိုပြောရမလဲ။



Scanned by CamScanner

စိတ်တွေ လှုပ်ရှားနေမိသည်။ မို ရင်ခုန်နေမိ၏။

"မိုရော ကိုယ့်ကို သတိရရဲ့လား ... "

"ရှင် ... "

သူ ဘာပဲပြောပြော မို ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်ရသည်။ မို ဘယ်လိုပြောရမလဲ။

ကျွန်မကို ရှင် ...

ကိုသီဟကဲ့သို့ မို့ကို ချစ်ပါသည်ဟု ကိုခန့်သော်က မပြောခဲ့ပေ။

"မို စိတ်ညစ်သွားပြီထင်တယ် ... အိပ်တော့နော် ... ဖွတ်နိုက် မို ... "

သူ ... ဖုန်းပိတ်သွားသည်။

မို စိတ်ဟာပြီး ကျန်ခဲ့၏။

ကိုခန့်သော်ရဲ့ ချစ်ပါတယ်ဟုပြောတဲ့စကားတွေကို မို ဘာကြောင့်များ မျှော်လင့်နေရတာလဲ။

မို အိပ်ပျော်အောင် အတော်လေးကြိုးစားနေရသည်။



## အခန်း [ ၁၆ ]

"ရှင့်ကို လက်ထပ်ဖို့တောင်းဆိုတယ်ဟုတ်လား မို ... "

"အင်း ... "

"ရှင် လက်ခံသင့်တယ် ... "

မို့ကို ခင်က ကိုသီဟရှုံးသွားကြောင်း အာမခံနေသည်။

"ကိုသီဟက ရှုံးသွားပါတယ် မို ... ရှင့်အပေါ်တော့ အလေး အနက်ထားပါတယ် ... "

"သူဇာဆိုတဲ့ မိန်းကလေးနဲ့ တတွဲတွဲလုပ်နေတယ်ဆို"

"စိတ်ချေလိုပါ ... "

"အဲဒါကို မို သဘောမကျတာဘဲ ... သူက မိုကွယ်ရာမှာ မိန်းကလေးတစ်ယောက်နဲ့ တွဲနေတာ ... "

Book Sharing

Scanned by CamScanner

"မိတ်ဆွေအပေါင်းအသင်းကဏ္ဍလေးဟာ ... "

"ရှင့်လူ ကိုကျော်ကျော်လည်း အပေါင်းအသင်းကဏ္ဍကနေ သစ္စာမဲ့သွားတာပဲ မဟုတ်လား ... "

"မတွေ့ဘူးလေ ... "

"အတွေ့တွေ့ပါပဲ ... "

"ရှင် အကြောင်းပြနေတာပဲ မဟုတ်လား မို ... "

ခင်ကတော့ မို အကြောင်းရှာပြီး ငြင်းဆန်ဖို့ ကြိုးစားနေတာပဲဟု ထင်မိသည်။

"ကိုသီဟက သစ္စာရှိတယ် ရင်ဆိုင်ရဲတယ် ... ရှင့်ကိုလည်း ချစ်နေတယ် ... "

"ယောကျ်ားတစ်ယောက်ကို ဒီလိုအလွယ်တကူ ယုံကြည်မိလို့ ... ရှင်ဒုက္ခတွေ စိတ်သောကတွေ ရောက်နေရတာပဲ မဟုတ်လား ... ဒေါ်ခင်ခင်ပြည့် ... "

မို ရယ်ရယ်မောမောနှင့် ပြောပစ်လိုက်သည်။

ခင် ငြိမ်သက်သွားသည်။

အရမ်းချစ်လှချည်ရဲ့ဆိုတဲ့ ခင့်ချစ်သူက တခြားမိန်းကလေးနှင့် ပေါ်ပေါ်တင်တင်ပဲ တွဲနေပြီဖြစ်သည်။

"အရာရာကို ခင်နဲ့ မနှိုင်းပါနဲ့ မို ... ကိုသီဟက ကိုသီသက်သက်ပါ ... "

"ယောကျ်ားလေးတစ်ယောက်အနေနဲ့ မိန်းကလေးတစ်ယောက် နောက်ကွယ်မှာ တခြားမိန်းကလေးတစ်ယောက်



ဘာအကြောင်းပဲရှိရှိ ... မပတ်သက်သင့်ဘူးလို့ ထင်တယ် ခင် ... "

"အပေါင်းအသင်း ကဏ္ဍတော့ရှိမယ် မို ... ဒါကတော့ ရှင် နားလည်မှုတွေ ပေးသင့်ပါတယ် ... "

"ဖောက်ပြန်တယ်ဆိုတာ ... အဲဒီက စတာပဲမဟုတ်လား ခင် ... "

"ကိုသီဟကတော့ စိတ်သဘောထားပြည့်ဝပါတယ် ... မို ယောကျ်ားတိုင်းတော့ ဖောက်ပြန်မှာ မဟုတ်ပါဘူး ... "

"ရှင်ယုံလား ... "

"ယုံတယ် ... "

"ခင်ရာ ကိုယ်ကတော့ စိတ်ထဲမှာ သံသယဖြစ်နေသေးတယ် ... စမ်းသပ်ပါဦး အချိန်တွေ အများကြီးရှိနေတာပဲဟာ ... "

မိုကတော့ ကိုသီဟအား ယုံကြည်ဖို့ ခက်နေသေးသည်။

စောင့်ကြည့်ချင်သေး၏။

"ရှင်ရွေးချယ်ရမှာက ကိုသီဟပဲ ... "

"မိုကတော့ အချစ်ဆိုတာ မရှိဘဲ ... ကိုသီဟနဲ့ လက်ထပ်ဖို့ဆိုတာ မဖြစ်နိုင်ဘူးထင်တယ် ... "

"အကြောင်းတွေ လျှောက်ပြမနေစမ်းပါနဲ့ မို ... "

"အကြောင်းပြတာ မဟုတ်ပါဘူး ခင် ... မို့စိတ်တွေမှာ

Scanned by CamScanner

ကိုသီဟာအပေါ် ခံစားလို့မရဘူးဖြစ်နေတယ် ... "

"ဟိုလူ့ကိုရော ... "

"ကိုခန့်သော်လား ... "

"အင်း ... "

"မိုကတော့ ... အားလုံးကို အထင်သေးနေတာလေ ... ယုံကြည်ဖို့ဆိုတာ အတော်လေးခက်နေသေးတယ် ... "

"ကိုခန့်သော်နဲ့ ပတ်သက်ပြီး ရှင်ခံစားနေတာ မဟုတ်လား"

ဟုတ်တယ်။

ကိုခန့်သော်နဲ့ ပတ်သက်ပြီး မိုခံစားနေရသည်။

နှလုံးသားတွေ နာကျင်နေ၏။

စူးနင့်တဲ့ ဝေဒနာတွေကို အမြဲတမ်းခံစားနေရသည်။

ရှင့်ကြောင့်ပဲ။

"ကိုသီဟာက ရှင့်ကို လက်ထပ်ဖို့ တောင်းဆိုဖို့ သတ္တိရှိတယ်လေ ... "

မိုရင့်ထဲမှာက ကိုသီဟာကိုချစ်ဖို့ တွန့်ဆုတ်နေမိသည်။ ဝန်လေးနေမိ၏။

"ကိုသီဟာပဲ ရှင်ရွေးချယ်လိုက်ပါ ... ကိုခန့်သော်က ရှင်နဲ့ လက်ထပ်ဖို့ ငွေဝေနေမှာပါ ... "

ရှင်တွေဝေနေတာ မဟုတ်လား။

သူ့ဆီက အကြင်နာတွေ၊ အယုယတွေ၊ ဂရုစိုက်မှုတွေတော့ မိုနေနေခဲ့တာပဲ။



အရမ်းပေးခဲ့သည်။

ကိုခန့်သော်ရဲ့ မျက်လုံးတွေက မို့ကိုချစ်ခင်မြတ်နိုးနေကြောင်း သိသာနေ၏။

မိုသိပါတယ်။ ရှင် မို့ကို ချစ်နေတာ မဟုတ်လား။

"ကိုခန့်သော်နဲ့ ပတ်သက်ပြီး ရှင်မပြတ်မသားဖြစ်နေတာကိုကာ သဘာဝမကျဘူးထင်တယ် မို ... "

မို့ရင်ထဲမှာ မွန်းကျပ်လာသဖြင့် သက်ပြင်းမောကြီးကို မှုတ်ထုတ်ဖြစ်လိုက်မိသည်။

"မို ... "

"ဟင် ... "

"ကိုခန့်သော်က ရှင့်ကို ဘယ်တော့မှ လက်ထပ်ခွင့်တောင်းမှာ မဟုတ်ဘူးထင်တယ် ... "

မို မဖျော်လင့်နေပါဘူး။

အချစ်ဆိုတာ တစ်ခုပဲခံစားနေခဲ့ရတာပဲဖြစ်သည်။

ထို့အတွက်လည်း မို့ကိုယ် မိုမကျေမနပ်တွေ ဖြစ်နေရ၏။

"မို့ကို ခင်ယုံပါတယ် ... မင်း ဘယ်တော့မှ စည်းစိမ်ဥစ္စာတွေ ငွေကြေးတွေကို မမက်မောဘူးဆိုတာပဲ ... "

ဘဝအခြေအနေတွေက မိုနှင့် ကိုခန့်သော်ကြားမှာ အုတ်တံတိုင်းကြီးတစ်ခုလို ခိုင်မာစွာ ကာရံထားနေခဲ့သည်။

မဖြစ်နိုင်ဘူးဆိုတာတော့ မိုလည်း သိနေခဲ့၏။

Scanned by CamScanner

"ရှင်က ယောကျ်ားတွေကို မယုံတာ ... ကိုခန့်သော် တစ်ယောက်တော့ မပါဘူးမဟုတ်လား ..."

"အဟက် ..."

မို ရယ်ပစ်လိုက်မိသည်။

ခင်ပြောလည်း ပြောချင်စရာပဲလေ။

ကိုခန့်သော်အပေါ် မို အကြွင်းမဲ့ယုံကြည်နေမိတာပဲ ဖြစ်သည်။

"အချစ်တွေ ဘာတွေစဉ်းစားမနေနဲ့ မို ... ကိုသီဟကလည်း ပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ပါပဲဟယ် ..."

"ခင် ..."

"မို ..."

"ကိုသီဟနဲ့ တွဲနေတဲ့သူဇာဆိုတာက အရမ်းပဲရင်းနှီးကြတယ်ဆို ..."

"မိတ်ဆွေတွေပါ ..."

"ရှင် အာမခံမလား ..."

"သူဇာနဲ့ ရှုပ်နေမှတော့ ... ရှင့်ကို သူက ချစ်ပါတယ်လို့ ပြောမလား ..."

"ရှင်ကတော့ ... ကိုသီဟဘက်ကနေ အပြတ်ထောက်ခံမဲ ပေးနေတာပါပဲလား ..."

"ထောက်ခံတာတော့ မဟုတ်ပါဘူး မို ... ကိုခန့်သော် အတွက် ရှင်ခံစားနေရင် ရှင်ပဲ အရှုံးပေါ်မှာ စိုးရိမ်လို့ပါဟာ"



ခင်သည် မို့အပေါ် စေတနာထားတတ်သော သူငယ်ချင်းပါပဲ။ ကိုကျော်ကျော်မောင့်အတွက် စိတ်သောကတွေခံစားနေရပေမဲ့ အပြစ်မပြောခဲ့ဘဲ ခွင့်လွှတ်စိတ်မွေးနေခဲ့သည်။

မိုပင် အားမလို အားမရဖြစ်ရ၏။

"အချစ်ကြောင့် မင်းနှလုံးသားတွေကို မထိခိုက်စေချင်တာပါ မိုရယ် ..."

အစောကြီးကတည်းက ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပဲတဲ့။ နှလုံးသားအလိုကို မလိုက်ပါနဲ့ မိုရယ်တဲ့။

"ကိုခန့်သော်လို ယောကျ်ားတစ်ယောက်က မို့အတွက် အရမ်းကို အလှမ်းမမီနိုင်တဲ့ ပန်းတစ်ပွင့်ပါ ..."

ကံကြမ္မာဆိုတာရော ရှင်ထည့်စဉ်းစားပါဦး ခင်ရယ် ဟု ပြောချင်မိသည်။

ပုးစာရေစက်ဆိုတာလည်း ရှိသေးပါတယ်ဟာ။

ရှင်ပြောတာတွေလည်း အမှန်တွေပါပဲ ခင်။

မို မငြိုက်မဲ့ပါဘူး။

မှန်ကန်တဲ့ ဆုံးဖြတ်ချက်တွေပဲ ဆုံးဖြတ်မိမှာပါ။

မို့နှလုံးသားတွေထဲမှာ ကိုခန့်သော်နေရာယူထားတာကတော့ မိုဝန်ခံရမလိုဖြစ်နေမိသည်။

Scanned by CamScanner

## အခန်း [ ၁၇ ]

မို မိုက်မဲစွာ မျှော်လင့်နေတာက မို့ကိုလက်ထပ်ပါရစေဆိုတဲ့ ကိုခန့်သော်ရဲ့တောင်းဆိုလာမှုတွေကိုပဲလား။

ထူးခြားမှုရှိနေတာတော့ အမှန်ပဲ။

ကိုသီဟနှင့် ပတ်သက်ပြီး မို့မှာ ဘာခံစားမှုမှ မရှိပေ။

ခင်ကတော့ မင်းမမျှတဘူးတဲ့။

ယောကျာ်းတွေကို မယုံဘူးပြောပြီး ကိုခန့်သော်လိုလူမျိုးကိုတော့ ရှင်ကဘာလို့ယုံကြည်နေရတာလဲတဲ့။

ပြောမယ်ဆိုလည်း ပြောစရာပဲ။

မို ...

ကိုခန့်သော်ကိုကျတော့ စမ်းသပ်ဖို့ မိုမလုပ်မိ။

ယုံကြည်နေတာလား။



"မို ... "

"ရှင် ... မေမေ ... "

"မောင်သီဟနဲ့ သမီးကို လက်ထပ်ဖို့ကိစ္စ ... သမီးဘက်က ပြတ်ပြတ်သားသားဆုံးဖြတ်ပါကွယ် ... "

မေမေက မေးသည်။

မိုဘက်က လက်ခံဖို့ တွန့်ဆုတ်နေမိသည်။

"မောင်သီဟပဲ သမီးအတွက် အသင့်တော်ဆုံး အိမ်ထောင်ဘက်ပါကွယ် ... မောင်သီဟမှာ အပြစ်ပြောစရာမရှိပါဘူး မိုရယ် ... "

မေမေကတော့ ကိုသီဟနဲ့ပဲလက်ထပ်ဖို့ ဆန္ဒပြင်းပြစွာ တိုက်တွန်းနေတတ်သည်။

"မောင်သီဟကလည်း သမီးနဲ့လက်ထပ်ဖို့ ပြတ်ပြတ်နိုးနိုး တောင်းဆိုနေတယ် မဟုတ်လား ... "

"ဟုတ်ပါတယ် မေမေ ... "

"သမီးလက်ခံပါတော့ ... "

"မေမေ ... "

"မေမေ့ကို စောဒကတက်ဖို့ သမီးမကြိုးစားပါနဲ့ ... "

မေမေ့ကို မို ဘယ်လိုအဆုံးအဖြတ်ပေးရမည်ဆိုတာတောင် မသိတော့။

မိုဆုံးဖြတ်ဖို့ ခက်နေသည်။

ကိုသီဟကို မိုမှ မချစ်တာ ...

ကိုခန့်သော်ကိုရော ...

မို ...

နင်ရှုးနေလား။

ကိုခန့်သော်က နင့်ကို ချစ်ပါတယ်၊ လက်ထပ်ပါရစေလို့ ပြောလို့လား။

စိတ်ဝင်စားတဲ့အမူအရာလောက်ပဲ ပြသနေတာပဲ။

ဒါ ...

တရားမဝင်ပါဘူး။

"မို ... "

"ရှင် ... "

"မေမေစိတ်ဥ်ရတော့မလား ... မောင်သိဟ အမေကလည်း မေးနေပြီ ... "

ဒေါ်လေးမိုကတော့ သမီးကို အားမရတော့အောင် ဖြစ်နေမိသည်။

တွေဝေနေ၏။

မောင်ခန့်သော်ကြောင့်လား။

မဖြစ်နိုင်တာဘဲဟု စိတ်ထဲကထင်နေမိသည်။

တားဆီးရမယ်။

သမီးစိတ်ကူးယဉ်အိပ်မက်တွေကို ပယ်ဖျက်ပစ်ရမယ်။

"မို မေမေ့စကားကိုပဲ နားထောင်ပါ ... မေမေက အသင့်



တော်ဆုံး ရွေးချယ်ပေးတာပါ ... "

"မေမေ မိုလေ ... "

"မောင်ခန့်သော်ကို သမီး ... "

မေမေ့မျက်ဝန်းတွေက ဖျတ်ခနဲ အထိတ်တလန့် လှမ်းကြည့်မိလျက်သား ဖြစ်သွားရသည်။

ထိုအမေးကို မို အလန့်ဆုံးပါပဲ။

မဖြေနိုင်လို့လေ။

ဟုတ်တယ် မေမေ။

မို ဝန်ခံချင်ပါတယ်။

ကိုခန့်သော်အပေါ် မိုမျှော်လင့်ချက်တွေ အများကြီးထားနေမိပါတယ်။

ငွေကြေးကြောင့် မဟုတ်ပါဘူး မေမေ။

"သမီးလေးရဲ့ မာကျောတဲ့စိတ်တွေ ... မာန်မာနတွေ ယောကျ်ားတွေအပေါ် ယုံကြည်မှုကင်းမဲ့နေတာတွေ အားလုံး ... မောင်ခန့်သော်ရဲ့ခြေဖဝါးအောက်မှာ ပြားပြားဝပ်အမှုန်အမွှားလေးတွေဘဝရောက်သွားရပြီလား မို ... "

"မိုလေ ... "

"ဝန်ခံစမ်းပါ ... "

မေမေ့မျက်ဝန်းတွေထဲမှာ မို့အတွက် ဘယ်လောက်ထိ စိုးရိမ်ပူပန်မှုတွေ ဖြစ်နေရလည်းဆိုတာ သိသာနေသည်။

"အင်းပါလေ ... သမီးလေးကို မေမေအတင်းအကျပ်

Book Sharing

Scanned by CamScanner

မတိုက်တွန်းချင်ပါဘူး ... တစ်ပတ်လောက် ထပ်ပြီးစဉ်းစားလိုက်ပါဦး ... အဲဒီကျရင်တော့ လက်ခံမယ် ... လက်မခံဘူးဆိုတာတော့ ... သမီးဆုံးဖြတ်လိုက်တော့ ... "

"ဟုတ်ကဲ့ပါ ... မေမေ ... "

"မောင်ခန့်သော်က သမီးကို သူ့ရင်ထဲမှာ ချစ်ခင်မြတ်နိုးနေချင်နေပေမဲ့ ... သတ္တိရှိရှိ ရင်ဆိုင်ဖို့ကျတော့ ခက်ခဲနေလိမ့်မယ် ... "

သမီးလို မိန်းကလေးမျိုးကို သတ္တိရှိရှိ သူရင်ဆိုင်ရဲပါ့မလား။

"သမီးရုံးသွားတော့မယ်နော် ... "

"အင်း ... "

မေမေ့ကို သူမနှုတ်ဆက်သည်။

ရုံးသွားဖို့အတွက် မို့စိတ်တွေထဲမှာ လေးလေးလံလံကြီးဖြစ်နေရ၏။

ကိုခန့်သော်အပေါ် မို့လုံးဝစိတ်မဝင်စားသင့်ဘူးဟု ထင်မိသည်။

မို့ ဘာဖြစ်နေတာလဲ။

တွေဝေနေသည်။

ခံစားနေ၏။

ယောကျ်ားတွေအပေါ် မို့အထင်သေးစိတ်တွေက ကိုခန့်သော်နဲ့ကျတော့ ပျောက်ဆုံးသွားရသည်။



"မို့ ... "

"ရှင် ... "

"ကိုယ်လိုက်ပို့ပေးရမလား ... "

"ကျွန်မကို ကြိုမဲ့ ကားလာမယ်လေ ... "

ကိုသီဟမှာ ရုံးကားရှိနေ၍ နှစ်ယောက်အတူသွားဖို့ရှိနေသည်။

မို့ ငြင်းလိုက်မိ၏။

ကိုသီဟကိုတော့ မို့ စိတ်တွေက လက်မခံချင်ပေ။

စိတ်အခံပဲ။

တစ်ပတ်အတွင်း ကိုသီဟအား အဖြေပေးရမည်ဖြစ်သည်။

"မို့ သွားတော့မယ်နော် ... "

မို့ ထွက်လာခဲ့သည်။

ကားဂိတ်မှာ မို့တို့ဝန်ထမ်းတွေကို ကြိုမဲ့ကားရှိ၏။

ခင် ရှိနေသည်။

ကိုသီဟဘက်ကို အလေးသာတဲ့လူတွေက များ၏။

မေမေနဲ့ ခင် ...

"မို့ ... "

"ဟင် ... "

"ရှင် ဘာဖြစ်လာတာလဲ ... "

"ဟင့်အင်း ... "

Scanned by CamScanner

"ပြောစမ်းပါ ... "

"ဘာမှမဟုတ်ပါဘူး ... "

"ရှင့်ရင်ထဲမှာ ကိုခန့်သော်အတွက် ခံစားနေရတယ်မဟုတ်လား ... "

"အဟက် ... "

"ရှင်မရယ်နဲ့ ... "

"ရှင်နဲ့ ကိုသီဟာအခြေအနေရော ... "

"ကိုသီဟက ရိုးသားပါတယ် မို ... "

"သူမှာနဲ့ရော ... "

"ဒါကတော့ ... "

"ရှင်က မရှိတဲ့အမြစ်ကိုရှာပြီး ... ကိုသီဟကို ငြင်းဆန်ဖို့ကြိုးစားနေတာပဲမဟုတ်လား မို ... "

ခင့်စကားတွေကို မိုခေါင်းငုံ့ခံဖို့ပဲ ရှိသည်။

မို ဆုံးဖြတ်ရမယ်။

တွေဝေနေလို့ မဖြစ်ပါဘူး။

မို ဆုံးဖြတ်ရမှာပဲ။ ကားရောက်လာသည်။

"မို ... "

"ဟင် ... "

"ဟိုမှာ ကိုခန့်သော်ကား ... "

"ဟင် ... "

လာကြိုမဲ့ကားပေါ်တက်မည်အလုပ် ကိုခန့်သော်ကားက ရောက်လာသည်။



"ရှင်နေခဲ့တော့နော် ... "

မို ကျန်ခဲ့သည်။

"မို ... "

"ဟင် ... "

"တက်လေ ... "

မို ကားပေါ်တက်ရသည်။

ကိုခန့်သော်နဲ့ ပတ်သက်လျှင် မိုနာခံတတ်နေ၏။

"မို ... "

"ရှင် ... "

"မိုကို ကိုယ်ဖုန်းဆက်မလို့ တမင်အံ့သြသွားအောင်ပါ ... "

ကိုခန့်သော်မျက်ဝန်းတွေက ဝင်းလက်တောက်ပနေသည်။

မိုရယ်လို့ ကြိုးစားမိ၏။

မပြုံးနိုင်။

အင်အားတွေ မဲ့နေသလိုပင်။

မို့ဆုံးဖြတ်ချက်တွေ မပြတ်သားအောင် ကိုခန့်သော်ရဲ့ အပြုအမူတွေက ပြုလုပ်ပေးနေသလိုပင် ဖြစ်သည်။

"ရုံးချိန်စောသေးတာပဲ မို ... "

"ရှင် ... "

"တစ်နေရာရာမှာ တစ်ခုခုသွားစားရအောင် မို ... "

"မိုမစားတော့ပါဘူး ... "

"ကိုယ်နဲ့ သွားလာရတာကို ဘာဖြစ်လို့လန့်နေရတာလဲ"

"ရှင် ... "

"မို့ကိုကြည့်ရတာ တုန်လှုပ်နေသလားပဲ ... ကိုယ့်ကို မကြောက်ပါနဲ့ ... မို မယုံမကြည်လည်း မဖြစ်ပါနဲ့ ... "

သူ ...

မို့ကို ချစ်ပါသည်ဟု ပြောဖို့သတ္တိမရှိသလိုဖြစ်နေသည်။

ပတ်ဝန်းကျင်မှာ သူရင်ဆိုင်နိုင်တဲ့ အင်အားတွေမဲ့နေ၏။

ကိုယ် ...

သတ္တိရှိဖို့ ကြိုးစားနေမိပါတယ် မိုရယ်။

မို့ကို ကိုယ်ချစ်တယ်။

ဖွင့်လင်းဖို့ကျတော့ ကိုယ်တွေဝေနေမိသလိုပဲ။

"ကိုခန့်သော် ... "

"ပြောပါ မို ... "

"မိုက မိန်းကလေးပါ ... ကိုခန့်သော်လိုလူတစ်ယောက်နဲ့ မို ဒီလိုမသွားလာသင့်ဘူးလို့ ထင်ပါတယ် ... တာဝန်အရပဲ မို လုပ်ကိုင်ဆောင်ရွက်နိုင်မှာပါ ... "

မို့ကို သူကြည့်မိသည်။

လှပသော မိုသည် ရိုးသားဖြူစင်တဲ့ မိန်းကလေး



တစ်ယောက်ဖြစ်ကြောင်း မျက်ဝန်းလေးတွေက သက်သေပြနေ၏။

သူ ...

တွေဝေနေတာပါ။

မို့ကို ချစ်တယ်။

မိဘတွေကလည်း ကိုယ့်ဆန္ဒအရပါပဲ။

ဒါပေမဲ့ ...

ကိုယ့်ပတ်ဝန်းကျင်အသိုင်းအဝိုင်းထဲကို မို့ကို တရားဝင်ခေါ်ဖို့ကျတော့ သတ္တိမရှိဘူး။

"ကျွန်မတို့ရုံးကိုပဲ သွားကြရအောင်နော် ... "

ကျွန်မက ကိုခန့်သော်ရဲ့ပျော်တော်ဆက်မဟုတ်ပါဘူး။

ရှင် သတ္တိမရှိဘူး မဟုတ်လား။

တွေဝေနေတာ မဟုတ်လား။

ကျွန်မကို ချစ်တယ်ဆိုတဲ့ အမူအရာတွေပြပြီး ရှင့်စိတ်ပျော်ရွှင်မှုတွေကို ဖန်တီးနေတာ မိုလက်မခံနိုင်ပါဘူး။

"မို ကိုယ့်ကို မယုံတာလား ... "

အကြည့်ချင်းဆုံမိနေစဉ်မှာပင် မို့အကြည့်ကို ချက်ချင်းလွှဲပစ်လိုက်မိသည်။

ရှင့်အကြည့်တွေကို မိုရင်မဆိုင်ရဲတာတော့ အမှန်ပါပဲ။

မျက်ဝန်းတွေ ညိုးရော်သွားတာတွေ့ရ၍ မို စိတ်

Scanned by CamScanner

မကောင်းဖြစ်ရသည်။

"ကိုခန့်သော်ကို မိုယုံပါတယ် ... ပတ်ဝန်းကျင်မှာ မိုလေပဲ ... ကိုယ်ကျင့်တရားပျက်ပြားတဲ့ မိန်းကလေးအဖြစ် အပြောခံရမှာမျိုး မိုဆင်ခြင်သင့်တယ်ထင်လို့ပါ ... "

သူ ...

ကားကိုရပ်ပစ်လိုက်သည်။

သူ့အကြည့်တွေကြောင့် အထိတ်တလန့်နှင့် မို အကြည့်ကို လွှဲပစ်ရသည်။

မိုဆင်ခြင်ရမယ်။

ယောကျ်ားတစ်ယောက်ရဲ့အသုံးတော်ခံအဖြစ် မို အသုံးပြုမခံနိုင်ပါဘူး။

"မို့မှာနန့် ဂုဏ်သိက္ခာကို တစ်ရက်ကလေးမှ အပွန်းအပဲ့ မခံနိုင်ပါဘူး ... ကိုခန့်သော် ... "

ကိုခန့်သော်ရဲ့ အလိုဆန္ဒတွေကို မို လိုက်လျောဖြည့်ဆည်း ပေးနေတာကိုက မိုမှားယွင်းနေတာပဲ။

မို့ကို သစ္စာရှိစွာ ချစ်ပါသည်ဟု ပြောလာတဲ့ ကိုသီဟကိုကျတော့ မိုခံစားမှုကင်းမဲ့စွာ ငြင်းဆန်နေမိသည်။

"မို ... "

"ရှင် ... "

"ကိုယ့်ရင်ထဲမှာ မို့ကို ပြောချင်တဲ့စကားတွေ အများကြီးပါပဲ ... "



မိုကို ချစ်တယ် ... ။

လက်ထပ်ချင်တယ်။

ကိုယ်ကိုယ်တိုင်က သစ္စာမရှိတာဘဲ မို။

"မိုနဲ့နေရတဲ့အချိန်တွေက ကိုယ့်အတွက် အပျော်ရွှင်ဆုံး အချိန်တွေပဲ မို ... "

"ကျွန်မက ... "

"ကိုယ့်ကို မိုတစ်မျိုးထင်နေတယ် မဟုတ်လား ... ကိုယ့်ကို အလေးအနက်ထားပါတယ် ... သံယောဇဉ်လည်း တွယ်မိနေပါတယ် ... "

ချစ်တယ်ဆိုတဲ့ စကားတွေက ခန့်သော်ရဲ့လည်ချောင်းထဲမှာ တစ်နေသည်။

တစ်စုံတစ်ခုက ဟန့်တားနေသလိုပင်။

ကိုယ်က ဂုဏ်ဒြပ်တွေနဲ့ ပြည့်စုံနေတဲ့ အသိုင်းအဝိုင်း တစ်ခု။

မို့ကို ဘဝတစ်သက်လုံး လက်တွဲဖို့ ကိုယ်တကယ်ကို တွေဝေနေမိတယ်။

"မို့ကို ကိုယ် ချမ်းချမ်းသာသာထားချင်တယ် ... ပြည့်စုံကြွယ်ဝစွာ နေစေချင်တယ် ... "

"မို ယုံပါတယ် ... "

"မို ... "

"ရှင် ... "

Scanned by CamScanner

"ကိုယ့်ကို မိုရော သံယောဇဉ်ရှိရဲ့လားကွာ ... "

"ရှင် ... "

"ကိုယ့်ဘက်က သံယောဇဉ်တွယ်နေမိသလို မိုဘက်ကရော ကိုယ့်အပေါ် ဘယ်လိုခံစားမှုရှိလဲဟင် ... ပြောလေ မို"

မိုကိုမေးနေတာကိုက ရှင်ဝေ့လည်ကြောင်ပတ်ဖြစ်နေတာပဲ။

သတ္တိမရှိဘူး မဟုတ်လား။

မိုကိုချစ်ပါတယ်ဆိုတဲ့ စကားတွေ ရှင်မပြောရဲဘူး မဟုတ်လား။

"မိုတို့သွားကြမယ်နော် ... ရုံးဆိုနီးနီးနေပါပြီ ... "

"ကိုယ်မေးတာကို မိုပြေလေ ... "

"ဖြေဖို့ မလိုဘူးလို့ ထင်ပါတယ် ... မိုတို့က တာဝန်အရပဲ ဆက်ဆံသင့်ပါတယ် ... "

ရှင်ကို သံယောဇဉ်ရှိနေပါတယ်လို့ မို ဘယ်တော့မှ ပြောမှ မဟုတ်ပါဘူး။

"မို သွားချင်ပြီ ... "

သူကတော့ ကားကို စက်မနှိုးဘဲ ရပ်ထားဆဲပင်။

အကြည့်တွေက အဝေးကို ငေးငိုင်စွာရောက်နေတော့သည်။

"ကိုခန့်သော် ... "

"ဟင် ... "



"ဒီမှာရပ်နေတာ ... တစ်ယောက်ယောက်မြင်တွေ့ရင် မကောင်းဘူးလို့ ထင်ပါတယ် ... မိုတို့ သွားကြရအောင်ပါ အမိကက ကိုခန့်သော်ရဲ့ဂုဏ်သိက္ခာအတွက်ပါပဲ ... "

သူ ...

ကားစက်နှိုးမိသည်။

မိုကိုချစ်ပါတယ်ဆိုတဲ့စကားတွေပြောဖို့ သတ္တိမရှိသေးဘူးထင်တယ်။

ကိုယ့်ကိုယ်ကို အားမရမိ။

ကားကိုစက်နှိုးပြီး မောင်းထွက်လာခဲ့မိသည်။

Book Sharing

Scanned by CamScanner

# အခန်း [ ၁၈ ]

"သား ... "

"ဗျာ ... မေမေ ... "

"မင်းအိမ်ထောင်ပြုသင့်ပြီ ... "

"ဗျာ ... "

ကိုယ်အထိတ်တလန့်ဖြစ်ရသည်။

မေမေ့ကို ကြည့်မိ၏။

"သားအရွယ်က အိမ်ထောင်ပြုသင့်တဲ့အရွယ်ရောက်နေပြီပဲ မေမေတို့ကတော့ အိမ်ထောင်ရှင်အဖြစ် ခန့်ခန့်ထည်ထည် မြင်တွေ့ချင်တယ် ... "

သူ ...

ဘယ်လိုဖြေရမလဲ။

ခန့်သော်အား အိမ်ထောင်ပြုဖို့အတွက် မေမေတို့



ပြောနေတာ ကြာပြီ။

"ခန့်သော် ... "

"ဗျာ ... "

"မင်းမှာချစ်သူရှိလား ... "

"ဗျာ ... "

"မေမေတို့တွေ့ထားတာရှိတယ် သား ... အချိန်တန် အရွယ်ရောက်နေတဲ့ သားကို ... အိမ်ထောင်ပြုဖို့ မေမေစီစဉ် တော့မယ် ... သားမှာရော ချစ်သူရှိလား ... သားနှစ်သက် မြတ်နိုးတဲ့မိန်းကလေးရှိနေပြီလား ... သားဆန္ဒတွေကို အရင်ဆုံး ဦးစားပေးမှာပါ ... "

သူ့မှာ ချစ်သူရှိလားတဲ့။

မို ...

ကျွန်တော် ချစ်မြတ်နိုးတာကျွန်တော့်လက်ထောက် မလေး ခင်စံမိုကိုပါ။

မေမေ ဘာပြောမလဲ။

သဘောတူမှာလား။

လက်ခံပါ့မလား။

သားဆန္ဒရှိနေတဲ့ မိန်းကလေးက ဒီမိန်းကလေးဟု မေမေတို့ထင့်မှာ မဟုတ်ဘူး မဟုတ်လား။

"သားလက်ထပ်မဲ့ မိန်းကလေးက သားဂုဏ်ဒြပ်နဲ့ညီညွတ် မဲ့ မိန်းကလေးတော့ ဖြစ်စေချင်တယ် ... "

သူ့ဆန္ဒတွေကို ဦးစားပေးမယ်ဆိုတာက သူနှင့်ဂုဏ်ဖြပ်တူတဲ့ မိန်းကလေးမျိုး မေမေပြောတာပါ။

"သား ... "

"ဗျာ ... "

"သားမှာ ချစ်သူရှိလား ... "

"မရှိပါဘူး မေမေ ... "

ခင်စံမှိုန်းမှာမည်ကို ထုတ်ဖော်ပြောဖို့ ဝန်လေးနေမိသည်။

"သားက စုထိရှာလို့ မတွေ့သေးဘူးလား ... "

"သား အိမ်ထောင်ပြုဖို့ စိတ်မဝင်စားသေးလို့ပါ မေမေ ... အိမ်ထောင်ပြုဖို့အတွက် စိတ်မဝင်စားသေးလို့ပါ ... "

"မဟုတ်သေးဘူး သား ... မင်းအရွယ်က အိမ်ထောင်ပြုသင့်နေပြီလေ ... "

"ဖြည်းဖြည်းပေါ့ မေမေ ... "

"မရဘူး ... မေမေတို့ ရွေးချယ်ထားတဲ့ မိန်းကလေးကိုပဲ ရွေးတော့ ... "

"နေပါဦး မေမေ ... သားအိမ်ထောင်မပြုချင်သေးလို့ပါ"

"မေမေကတော့ ... စိတ်ညစ်ရတော့မှာပဲ သား ... မင်းစဉ်းစားထားပါ ... တစ်ပတ်အတွင်း မင်းအဖြေပေးပါ ... "

"မေမေကတော့ အမြန်ဆုံးစိတ်ညစ်ရမယ် ... "

"တစ်ပတ် ... "



"ဟုတ်တယ် ... "

"အိမ်ထောင်ပြုဖို့ကိစ္စက တစ်ပတ်ဆိုတဲ့အချိန်နဲ့ ရပါ့မလား မေမေ ... သားစဉ်းစားပါရစေဦး ... "

"အိမ်ထောင်ပြုတယ်ဆိုတာ ... အချိန်ခါလွန်သွားလို့ မကောင်းဘူးနော် သား ... မေမေကတော့ စိတ်ညစ်ရမှာပဲ မင်းတစ်ပတ်အတွင်း အဖြေပေးပါ ... မင်းမှာ ချစ်နေတဲ့သူ ရှိနေလို့လား သား ... "

"ဗျာ ... "

"မင်းသတ္တိမရှိဖြစ်နေတာ မဟုတ်လား သား ... မင်းချစ်နေတဲ့ ကောင်မလေးက သားမပြောရဲလောက်အောင် ဘယ်လောက်များ အခြေအနေမြင့်မားနေလို့လဲ သားရယ် ... "

မြင့်မားနေတာ မဟုတ်ပါဘူး မေမေ။ သားရဲ့လက်ထောက်ကောင်မလေးဖြစ်နေလို့ပါဟု ပြောဖို့မှာ ဝန်လေးနေမိသည်။

ခနွဲ့သော် ...

မင်း မှို့ကို ချစ်တယ် မဟုတ်လား။

ဘာလို့ဝန်လေးနေရတာလဲ။

ဒီဟာ မင်းထက်နိမ့်ကျတာကလွဲပြီး တန်ဖိုးရှိတဲ့မိန်းကလေးတစ်ယောက်ပဲ။

ကိုယ်သိပါတယ်။

မင်းကို ကိုယ်တန်ဖိုးထားပါတယ်။

"သား ... "

"ဗျာ ... "

"သားမှာ ချစ်မြတ်နိုးတဲ့ မိန်းကလေးရှိလား ... "

"ရှိတယ် မေမေ ... "

"ဘယ်သူလဲ ... ဘယ်က မိန်းကလေးလဲ ... မေမေ့ကို ပြောလေ ... "

"အချိန်တန်တော့ သားပြောပါ့မယ် မေမေ ... "

"မေမေစောင့်မယ် သား ... တစ်ပတ်ပဲ သား ... မင်းကောင်မလေးက အပြောရခက်နေလို့လား ... "

အမေတို့က အဆင့်အတန်းမခွဲခြားတတ်ပေမဲ့ ကိုယ့်လက်ထောက်မိန်းကလေးဆိုတော့ ... မေမေ့စိတ်ထဲမှာ တစ်မျိုးထင်သွားမှာစိုးတဲ့အပြင် ကိုယ်ကိုယ်တိုင်လည်း မဝံ့မရဲလေးဖြစ်နေမိသည်။

ကိုယ်သတ္တိမရှိတာလား။

"သားကိုကြည့်ရတာ ဒီမိန်းကလေးအပေါ် အတော်လေးစွဲလမ်းနှစ်သက်နေပုံပါပဲလား ... မေမေလည်း ယေရာက ကြီးလာတာပါကွယ် ... "

မေမေ့အပြုံးတွေကို ပြန်၍ တုံ့ပြန်ဖို့ ကိုယ်ဝန်လေးနေမိတာကတော့ အမှန်ပဲဖြစ်နေသည်။

မို ...

ကိုယ် တွေဝေနေတာလား။



မင်းကို လက်ထပ်ဖို့အတွက် ကိုယ့်ရင်ထဲမှာ ကြီးမားတဲ့ ဆန္ဒတစ်ခုဖြစ်နေတာပါ။

အဲဒီဆန္ဒကို အတိအလင်းဖော်ထုတ်ဖို့အတွက် ကိုယ်သတ္တိမရှိတာပါ။

"မေမေ့ကို ပြောပါဦး ... ဘယ်က မိန်းကလေးလဲ ... ဘယ်လို မိန်းကလေးမျိုးလဲ ... "

"နောက်မှ သားအေးအေးဆေးဆေးပြောပြပါ့မယ် မေမေလောလောဆယ်တော့ ... သားမှာ ချစ်သူအဖြစ် တစ်ယောက်မှ မရှိသေးလို့ပါ ... "

"သား ... "

"ဗျာ ... မေမေ ... "

"မင်းလက်ထပ်မဲ့ မိန်းကလေးက ပတ်ဝန်းကျင်မှာ မသင့်တော်တဲ့ မိန်းကလေးမျိုးတော့ မဖြစ်ပါစေနဲ့ ... "

မေမေ့အနားကနေ သူထွက်လာခဲ့မိသည်။

မို့ကို မေမေနှင့် တွေ့ပေးရမယ်။

အစွမ်းအစထက်မြက်ပြီး လိမ္မာရေးခြားရှိတဲ့ မိန်းကလေးအဖြစ် မေမေ့ကို လက်ခံစေချင်နေမိသည်။

မေမေတို့ စိတ်သဘောထားကို သူသိချင်နေမိ၏။

မို့ကို သတိရလာမိသည်။

သူ့ထက်နိမ့်ကျပေမဲ့လည်း မို့မှာ မာနတွေတော့ရှိနေ၏။

ကိုယ်ကျင့်တရားတွေကို အထိပါးခံမှာ မဟုတ်ပေ။

ကျွန်မဟာ ရှင့်ရဲ့ပျော်တော်ဆက်မဟုတ်ဘူးဟု မာ
ာန်စွာ ပြောလိမ့်မည်။

မို့ဆီ ဖုန်းဆက်ဖို့ အမြဲတမ်းကြံစည်နေခဲ့မိသည်။

ဒါပေမဲ့ …

သူ ဘာတွေပြောရမှန်းမသိတာက ခက်နေသည်။

အိပ်လို့ မရ …

မိုကတော့ သူနှင့် နှစ်ယောက်တည်းနေဖို့ အမြဲတမ်း
ြ းဆန်နေတတ်သည်။

မာနပြနေတာပါ။

ခန့်သော် …

မင်း ဘာလုပ်မလဲ။

မို့ကို လက်လွှတ်မလား။

ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားမလား။

မာနတွေနဲ့ တင်းနေတဲ့ မင်းကတော့ ကိုယ့်ကို
တကြိုးနဲ့ ရေလာမြောင်းပေးလုပ်မှာ မဟုတ်ဘူးဆိုတာ ကိုယ်
ာယ်။

"မို့ရယ် … ကိုယ် မင်းကို ချစ်တယ် … အဲဒါ အမှန်ပါပဲ …
ကိုယ် မင်းကိုအရမ်းချစ်ပါတယ် … "

ရင်ထဲမှာ တမ်းတမ်းတတနှင့် ပြောနေမိသည်။

နှုတ်ခမ်းသားလေးကို တင်းကျပ်စွာဖြင့် ဖေကာပ်



ားတတ်သော မို့မျက်နှာလေးက မာနတွေထင်ဟပ်နေတတ်၏။

သူ …

အိပ်ပျော်ဖို့ ကြိုးစားနေမိသည်။

မေမေ့ကို တစ်ပတ်အတွင်းမှာ အဖြေတစ်ခုပေးဖို့
သူဝန်လေးနေမိ၏။

သူအိပ်မရ၊

ညဥ့်နက်မှ နိုးနေပြီး မနက်ကျတော့ အစောကြီးနိုး
နေသည်။

မို့ကို တွေ့ချင်နေ၏။

မနက်တိုင်း …

အိမ်မှာမစားဘဲ မို့နှင့်အတူ မနက်စာစားဖို့ သူစိတ်
ဆန္ဒပြင်းပြနေမိသည်။

ဘာပဲဖြစ်ဖြစ် …

မို့ကို ချစ်တယ်လို့ ပြောမယ်။

လက်ထပ်ခွင့်တောင်းမယ်။

သူ့အနေနှင့် မို့ကို ဘယ်နည်းနဲ့မှ လက်လွှတ်အဆုံး
ရှုံးမခံနိုင်တော့ပေ။

မနက်မိုးလင်းတာနှင့် သူပြင်ဆင်ပြီး အပြင်ထွက်ဖို့
ကြိုးစားမိသည်။

"သား … "

"ဗျာ … "

Scanned by CamScanner

"မနက်စာကို မေမေနဲ့အတူ မစားတာကြာပြီနော် ..."

"ရုံးမှာပဲ သားမိတ်ဆွေတွေနဲ့အတူ မနက်စာစားလို့ပါ မေမေ ..."

"ကောင်မလေးလား ..."

မေမေ့ကို ဘာမှအဖြေမပေးတော့ဘဲ သူထွက်လာခဲ့သည်။

မှီ့ကို သွားကြို့ရမယ်။

ရုံးကားရှိပေမဲ့ မှီ့ကို ကြိုဖို့ သူစိတ်တွေက စောနေမိသည်။

မနက်မိုးလင်းတာနှင့် မှီ့ကိုတွေ့ဖို့ ရင်ခုန်လှုပ်ရှားစွာ ဆန္ဒပြင်းပြနေတတ်၏။

မှီတို့ရှိနေတတ်တဲ့ ကားဂိတ်ကို သွားဖို့ဖြစ်သည်။

မနေ့ကလည်း မှီ့ကိုတွေ့ရင် ပြောချင်တဲ့စကားတွေ ပြည့်နေ၏။

မပြောမိခဲ့။

ကိုယ့် သတ္တိမရှိတာပါ။

လူငယ်တစ်ယောက်လို စိတ်တွေအလှုပ်ရှားကြီး လှုပ်ရှားနေမိသည်။

ကားဂိတ်မှာ မှီရှိနေ၏။

တစ်ယောက်တည်း ...

သူကားလေးက မှီ့အနားမှာ ထိုးရပ်သွားတော့သည်။



"မှီ ..."

"ဟင် ..."

"တစ်ယောက်တည်းလား ..."

"မှီ နောက်ကျသွားလို့ ဖယ်ရီကလည်း မှီ့ကို နည်းနည်းလေး မှတောင် မစောင့်ဘူး ..."

"ကိုယ်လာမယ်ထင်လို့ ဖြစ်မှာပါလေ ..."

မှီ့မျက်ဝန်းတွေက အပြုံးအရယ်ကင်းမဲ့နေသည်။

ကိုယ်ကတော့ မှီ့ကို လက်ထပ်ခွင့်တောင်းဖို့ သတ္တိတွေ မွေးနေရ၏။

အချစ်ဆိုတာကို ကိုယ်ခံစားနေရတယ်။

နှလုံးသားတွေထဲအထိ စူးနစ်တိုးဝင်နေမိပါပြီ မှီ။

"ကိုခန့်သော် ..."

"ဟင် ..."

"ကားမောင်းလေ ..."

"သြော် ..."

ကိုယ်အသိဝင်သွားပြီး ကားစက်ကိုနှိုးလိုက်မိသည်။

"မှီ ..."

"ရှင် ..."

"ဒီနေ့တော့ မှီ့ကို ကိုယ်ပြောစရာရှိနေတယ် ... မင်း ကိုယ်နဲ့ တစ်ခုခုလိုက်စားနော် ..."

"ရှင် ..."

Book Sharing

Scanned by CamScanner

"မို မငြင်းပါနဲ့ ... "

"ကိုခန့်သော် ... ဟို ... ဟိုလေ ... ကျွန်မ ... "

"ကိုယ် မနက်တိုင်း မိုနဲ့အတူ မနက်စာစားဖို့ အမြဲတမ်းအိမ်ကနေ ကိုယ်ဘာမှမစားလာဘူး မို ... "

"ဟင် ... "

"မိုက ငြင်းတော့ ကိုယ်မနက်စာမစားရတာ တစ်ပတ်ရှိပြီ"

"ကိုခန့်သော်က မို့ကို ဘာလို့မပြောတာလဲ ... မို့ကြောင့် ဒီလောက်အထိတော့ ... မဖြစ်သင့်ပါဘူး ... "

မို စိတ်မကောင်းစွာဖြင့် ပြောလိုက်မိသည်။

ရှင် ...

ဒီလောက်အထိ ကျွန်မအပေါ် အလေးအနက်ထားလား။

မိုလည်း ရှင့်အပေါ် အလေးအနက်ထားမိနေပါပြီ ကိုခန့်သော် ... ။

ဒါပေမဲ့ ...

အခြေအနေချင်းက အရမ်းကိုကွာဟနေပါတယ်။

"ဒီနေ့တော့ မို ကိုယ့်ဆန္ဒတွေကို မငြင်းနဲ့တော့နော် ... "

မို မငြင်းတော့။

ကိုခန့်သော်လိုလူတစ်ယောက်ကို မိုအားနာလာမိသည်။

"မို ... "



"ရှင် ... "

"ကိုယ့်ဆန္ဒတွေကို လိုက်လျောပေးတဲ့အတွက် ... ကိုယ် အများကြီး ကျေးဇူးတင်ပါတယ် ... "

"ကိုခန့်သော်က ကျွန်မရဲ့အလုပ်ရှင်ပါ ... ကျွန်မအနေနဲ့ လေးစားသမှုပြုပေးတာပါနော် ... "

မိုက မာနကို အထိမခံဘူးဆိုတာ ကိုယ်သိနေပါတယ်။

မျက်နှာလေးက တင်းမာနေတယ်။

ကိုယ့်ကို လိုက်လျောတာ ဘာမှမျှော်လင့်ချက်မရှိပါဘူးဆိုတဲ့ သဲဘောပဲ။

"မို ကိုခန့်သော်ကို အားနာပါတယ် ... မိုက ဘာမဟုတ်တဲ့ မိန်းကလေးပါ ... "

"ကိုယ့်အတွက်တော့ ... မင်းက အရမ်းတန်ဖိုးရှိတဲ့ မိန်းကလေးပဲပါပဲ မိုရယ် ... "

"ရှင် ... "

"မိုနဲ့ပတ်သက်ပြီး ကိုယ်အလေးအနက်ထားမိနေရတာပါ"

ထိုစကားမျိုးကလွဲပြီး ပိုတဲ့စကားတွေကို ပြောဖို့ ကိုယ် ဝန်လေးနေမိသည်။

သတ္တိမရှိတာလား။

မို့ကို ချစ်တယ်။ လက်ထပ်ပါရစေလို့ပြောဖို့ ကိုယ် ဆုံးဖြတ်ခဲ့တာပါ။

Scanned by CamScanner

လှရှင်းတဲ့ စားသောက်ဆိုင်လေးမှာ ကိုယ်နဲ့ မို နှစ်ယောက်တည်းရှိနေသည်။

ထောင့်အကျဆုံး စားပွဲလေးကို ကိုယ်ရွေးမိနေ၏။

အဲဒါ ...

ကိုယ့်ရဲ့ မရိုးသားမှုတွေပဲ။

မို့ကို ကိုယ်အားနာစွာဖြင့် ကြည့်နေမိသည်။

ကိုယ် ကလေးဆန်နေပြီလား။

လူကြီးလူကောင်းတစ်ယောက်အနေနှင့် မို့အပေါ် မလေးမစားမပြုသင့်ဟု ထင်မိလာရသည်။

ရင်ထဲမှ စကားတွေကိုပြောဖို့အတွက်တော့ မို ဝန်လေးနေရ၏။

ဒီနေ့လည်း ...

မပြောဖြစ်ပြန်။

စားသောက်ပြီး ပြန်လာကြသည်။



## အခန်း [ ၁၉ ]

"မို ... "

"ရှင် ... "

"ကိုယ်နဲ့နေရတာ မိုစိတ်ဆင်းရဲနေလား ... "

"ဟင့်အင်း ... "

မို စိတ်မဆင်းရဲပါဘူး ကိုခန့်သော်။

ရှင်နဲ့ပတ်သက်ပြီး မို ရင်နင့်စွာနဲ့ ခံစားနေရပါတယ်။

ယောက်ျားလေးတွေအပေါ် အမြဲတမ်းဇိဇာကြောင်နေတတ်သော မို သည် ကိုခန့်သော်၏အပေါ်တွင် မိုဇိဇာကြောင်ဖို့ မေ့နေမိသည်။

ကိုခန့်သော်သည် ဆန္ဒတွေကို ဖြည့်စွမ်းပေးနေသော မို ဖြစ်နေရ၏။

"ကိုယ့်ရင်ထဲမှာ မိုးကိုပြောစရာတွေ အများကြီးပဲရှိနေတယ် မို ... "

ရှင် ...

ဘာဖြစ်လို့ မပြောရတာလဲ။

သတ္တိမရှိတာ မဟုတ်လား။

ကျွန်မနဲ့ မတူမတန်ဘူးလို့ ထင်နေတာပါ။

"မိုတို့ ရုံးချိန်နီးနေပြီ ထင်တယ်နော် ... သွားသင့်ပြီ ... "

"မို ... "

"ရှင် ... "

"ကိုယ့်ကို မိုနားလည်ပေးပါလား ... "

"ရှင် ... "

"ကိုယ်ဟာ ... အမြဲတမ်းအလုပ်တာဝန်တွေ ရှုပ်ထွေးပြီး ပင်ပန်းနွမ်းနယ်နေရပါတယ် ... မိုနဲ့အတူနေရရင် ကိုယ့်စိတ်တွေ ပျော်ရွှင်နေသလိုပဲ ... "

ကျွန်မကို ရှင့်ပျော်ရွှင်မှုအတွက် အသုံးတော်ခံလို့ ထင်နေသလား။

မပြောလိုပေ။

နှုတ်ခမ်းသားတွေက တင်းကပ်စွာ စေ့ကပ်ထားသည်။

"မိုစိတ်ညစ်နေပြီလား ... "

"မိုကတော့ ... "



"တာဝန်တွေကို ခဏလောက် ထားလိုက်ပါလား မို ... "

"မိုက တာဝန်တွေပဲ ထမ်းဆောင်ချင်တာပါ ကိုခန့်သော်"

"ကိုယ်အလုပ်တာဝန်တွေကိုတော့ မေ့ထားပစ်ချင်တယ်"

"ကျွန်မ ... "

"ခဏလောက်နေပါဦး ... မို ... "

သူ ...

မိုနှင့် စကားပြောချင်နေသည်။

အလုပ်တာဝန်တွေကို မေ့ပစ်ထားလိုက်ချင်၏။

မိုကိုချစ်တယ်ဆိုတဲ့စကားတွေပြောဖို့ ဝန်လေးနေမိသည်။

သတ္တိမရှိတာပါ။

မိုမျက်ဝန်းတွေထဲ မာနတွေနှင့် တင်းနေသည်။

"ကျွန်မအလုပ်တာဝန်တွေကိုပဲ စိတ်ဝင်စားချင်တယ် ... "

မို ထလိုက်သည်။

ကျွန်မကို ချစ်တယ်လို့ ရှင်ပြောဖို့ဝန်လေးနေတာ မဟုတ်လား။

ယောကျ်ားတစ်ယောက်ကို ကျွန်မ ဒီလောက်အထိ အောက်ကျမခံနိုင်။

"နေပါဦး မို ... "

"ကျွန်မကို ပတ်ဝန်းကျင်ကနေ တစ်မျိုးမြင်မှာ အကြောက်ဆုံးပဲ ... ကိုခန့်သော် ... "

Scanned by CamScanner

သူမ —

ထလိုက်သည်။

ရှင့်လိုယောကျ်ားတစ်ယောက်ကို ကျွန်မ အထင် မကြီးတော့ဘူး။

"ကျွန်မအပေါ် ကိုခန့်သော် စိတ်သာယာမှုတွေ မဖြစ်သင့်ပါဘူး — "

"မို — "

"ကျွန်မနဲ့ ကိုခန့်သော်က အဆင့်ချင်းမှ မတူတာဘဲ … "

ကိုခန့်သော်ကို မို ပြတ်သားစွာ ပြောမိနေသည်။

"မို အလုပ်တာဝန်တွေကို ထမ်းဆောင်ချင်ပါတယ် … တခြား အပိုအလုပ်တွေ ကျွန်မလုပ်နိုင်မှာ မဟုတ်ပါဘူး —"

မို ရှေ့ကနေ ထလာခဲ့သည်။

အကောင်းဆုံးက မို ကိုခန့်သော်နဲ့ အကင်းရှင်းနေဖို့ပဲ။

မိန်းကလေးတစ်ယောက်ရဲ့ မာနကို မိုအတတ်နိုင်ဆုံး တန်ဖိုးအမြင့်ဆုံးထားနိုင်အောင် ကြိုးစားရမယ်။

ကိုယ်ကျင့်တရားပဲ။

ရှင် —

သတ္တိမရှိတာ မဟုတ်လား။

ကျွန်မကရှင့်ရဲ့ပျော်တော်ဆက်တစ်ယောက်မဟုတ်ဘူးနော်။



"ကျွန်မ ကိုခန့်သော်နဲ့ အချိန်တွေ မဖြုန်းနိုင်ပါဘူး — "

မို ပြတ်သားစွာဖြင့် ပြောလိုက်မိသည်။

ရင်ထဲမှာ နာကျင်နေ၏။

ကိုခန့်သော်ရဲ့မျက်ဝန်းတွေထဲမှာ မို့အပေါ် အလွန်အမင်းစိတ်ဝင်စားနေကြောင်း အရိပ်အငွေ့တွေ ယှက်သန်းနေသည်။

ဒါပေမဲ့ …

နှုတ်ခမ်းတွေက မပြော။

မတူညီတဲ့ဘဝနှစ်ခုကို မပေါင်းစပ်တာ အကောင်းဆုံးပါပဲလေ။

ရုံးကိုရောက်လာကြသည်။

မို …

အလုပ်ကိစ္စတွေကို အာရုံစိုက်ပြီး လုပ်ဆောင်နေမိသည်။

"မို … "

"ဟင် … ခင် … "

"နင်တို့နှစ်ယောက် ဘယ်တွေသွားနေတာလဲ မို — ကိုခန့်သော်နဲ့ အရမ်းအိုကေနေပြီလား … "

ခင်က အလုပ်ကိစ္စတစ်ခုနှင့် သူမဆီရောက်လာပြီး မေးနေသည်။

ဒီနေ့ — မို ရုံးချိန်နောက်ကျသည်။

Scanned by CamScanner

ကိုခန့်သော်နှင့် စားသောက်ဆိုင်မှာ အချိန်ကုန်သွားရ၏။

ချစ်တယ်ဆိုတဲ့စကားပြောဖို့ ရှင်တွေဝေ တွန့်ဆုတ်နေတာ မဟုတ်လား။

"မို ... "

"ဘာလဲကွာ ... "

"ရှင် ဘာဖြစ်နေတာလဲ ... "

"စိတ်ညစ်လို့ ... "

"ဘာပြောတယ် ... "

"ခင် ... "

"ဟင် ... "

"ရှင့်ကို မေးချင်းမယ် ... "

"မေး ... "

"ကိုကျော်ကျော်မောင်နဲ့ ပတ်သက်ပြီး ... ရှင်စံစားနေရသေးလား ... "

"ဟင့်အင်း ... "

"ဘာဖြစ်လို့လဲ ... "

"ခင်က အမြဲတမ်းပျော်ပျော်နေဖို့ ကြိုးစားနေတာလေ ... ဘာကိုမှ အာရုံထဲမှာ မထားပါဘူး ... သူမှ ကိုယ့်အပေါ် သစ္စာမရှိတာဘဲ ... "

သစ္စာမရှိတဲ့ယောကျ်ားဗို့ ခင်က မုန်းလို့ရပေမဲ့ မို့



အပေါ် သစ္စာမရှိတဲ့ ယောကျ်ားဆိုတာ တစ်ယောက်မှမရှိပေ။

ကိုသိဟကလည်း မို့ကိုချစ်နေပေမဲ့ တရားဝင်ဖွင့်ပြောခြင်း မရှိပေ။

"မို ... "

"ဟင် ... "

"ခင့်အတွက် ရှင်ကယောကျ်ားတွေအပေါ် မုန်းတီးနေတုန်းပဲလား ... "

"အင်း ... "

"ရှင်မှားနေပြီ ... "

"မမှားပါဘူး ... မို ခုထိ ယောကျ်ားတွေကို မယုံတာ ... "

"ကိုခန့်သော်ကိုရော ... "

မို အဖြေမရှိတော့သလို ငြိမ်သက်သွားသည်။

ကိုခန့်သော်ကို စမ်းသပ်ဖို့ မို ဘယ်တော့မှ မတွေးမိခဲ့ပေ။

"ရှင် ကိုခန့်သော်ကို ချစ်နေတာပါ ... "

"ခင် ... "

"မလိမ်ပါနဲ့ ... ကိုခန့်သော်နဲ့ သွားလာနေရတာတွေအပေါ် ရှင်ဘာယာနေတာပဲ မဟုတ်လား ... "

"ဟုတ်တယ် ... "

အဲဒါတော့ မို့ဝန်ခံပါတယ်။

ကိုခန့်သော်နဲ့ ပတ်သက်ပြီး မို့အရမ်းခံစားနေရပါ

Book Sharing

Scanned by CamScanner

တယ်။

"ရှင့်မျက်ဝန်းတွေက အဖြေပေးနေပြီပဲ ... "

ကိုခန့်သော် အလုပ်ကိစ္စနှင့် အပြင်ထွက်သွား၍ ခင်စကားတွေ အကြာကြီးပြောနေခြင်းပင်။

"မို့ကို ကိုခန့်သော်က ချစ်ပါတယ်လို့ ပြောပြီးပြီလား ... "

"ဟင့်အင်း ... "

"ဘာလဲဟ ... "

ဒီလူ သတ္တိမရှိတာပါဟု ခင်ကပြောနေသည်။

"ရှင်က ကိုခန့်သော်ရဲ့ ပျော်တော်ဆက်သဘောမျိုး ဖြစ်နေပြီထင်တယ် ... "

"ခင် ... "

"မို ဒီတစ်ခါကျတော့ ... အတော်လေး တွေဝေနေပါလား"

ခင့်ကို ရှင်မဆိုင်ရဲ။

မို တကယ်ပဲ တွေဝေနေမိတာတော့ အမှန်ပဲဖြစ်သည်။ ကိုခန့်သော်နဲ့ပတ်သက်ပြီး မိုခံစားနေရဆဲပင်။

"ကိုခန့်သော်နဲ့ ရှင် ... "

"တော်ပါတော့ ခင်ရာ ... မို အဲဒီကိစ္စတွေ မိုလုံးဝမဆွေးနွေးချင်ဘူး ... "

မို မပြောချင်။

ကိုခန့်သော်အပေါ် မိုခံစားနေရတာ ငွေကြေးကြောင့် မဟုတ်ပါဘူး။



ဂုဏ်ဒြပ်တွေကြောင့်လည်း မဟုတ်ပါဘူး။

အချစ်တွေကြောင့်ပါ။

မို ဘယ်လောက်ပဲ မာနတွေပြပါစေ ကိုခန့်သော်နှင့် ပတ်သက်ပြီး ခံစားနေရဆဲပင်ဖြစ်သည်။

"ကိုသီဟအတွက်ရော ရှင်ဘယ်လိုစဉ်းစားပေးမှာလဲ မို ..."

"ကိုသီဟနဲ့ ပတ်သက်ပြီး ... ကိုယ် ဘယ်လိုမှခံစားလို့မရဘူး ခင် ... "

"ဒုက္ခပါပဲ ... "

ခင်ကိုယ်တိုင်လည်း မောင့်အပေါ် သစ္စာတရားကြီးမားစွာဖြင့် အနစ်နာခံချစ်မိသည်။

ငွေကြေးတွေ ထောက်ပံ့မိ၏။

အခုချိန်ထိ ...

မောင့်ကို မေ့ပျောက်နိုင်အောင် ကြိုးစားနေပေမဲ့ နာကြည်းမှုတော့ မရှိ။

လိုအပ်လျှင် အကူအညီပေးဖို့ အဆင်သင့်ပဲ ဖြစ်နေရသည်။

"ကိုခန့်သော်ကြောင့် ရှင့်စိတ်တွေ တွေဝေနေတာပါ မို ... မတွေဝေနဲ့ ဆရာ ... ကိုသီဟနဲ့ ရှင်အလိုက်ဖက်ဆုံးပဲ"

"အချစ်ဆိုတာရော ခင် ... "

"ဘာ ... "

ခင် ပြုံးသည်။

မို မော့ကြည့်မိ၏။

တစ်ယောက်နှင့် တစ်ယောက် အားနာစရာမလို တိုင်ပင်ဖော် တိုင်ပင်ဖက် သူငယ်ချင်းတွေဖြစ်နေကြသည်။

"ရှင်ရှုံးပြီ ... "

"ဘာကိုလဲ ... "

"ကိုခန့်သော်ကို ... "

"ဟင် ... "

"အချစ်ဆိုတာကိုတောင် ... ရှင်က ပြောတတ်နေပြီလား မို ... "

"မို ဝန်ခံပါတယ် ... ကိုခန့်သော်နဲ့ ပတ်သက်ပြီး မိုစိတ်တွေ လှုပ်ရှားနေမိပါတယ် ခင် ... "

"အဲဒါ အချစ်ပဲ ... ရှင်စံစားတတ်ပြီ မဟုတ်လား ... အချစ်ကြောင့် ခင်လည်း ကိုကျော်ကျော်မောင်ကို ရှုံးသွားရတာလေ ... "

ယောကျ်ားတစ်ယောက်အပေါ် မိုရှုံးရတဲ့ အရှုံးတွေအတွက် မိုကိုယ်ချင်းစာမိလာရသည်။

ကိုခန့်သော်အပေါ် မိုချစ်မိနေ၏။

သူ့အချစ်တွေကို မိုမျှော်လင့်နေမိဆဲပင်ဖြစ်သည်။

မို မသိစိတ်တွေထဲမှာ ရှိနေတာပါ။

သိစိတ်တွေက ကိုခန့်သော်အပေါ် မို မာနတွေပြချင်မိသည်။



မာကျောခက်ထန်စွာ ကိုယ့်တန်ဖိုးကို ကိုယ်မြှင့်တင်ထားလိုနေခဲ့၏။

မာနမချချင်။

မို့နှလုံးသားတွေထဲမှာတော့။

"မို ... "

"ဟင် ... "

"ကိုသီဟကို ရွေးချယ်ပါ ... "

ခင် မကြာခဏ တိုက်တွန်းတတ်သောစကားတွေဖြစ်သည်။

"ကိုခန့်သော်ဘဝက အများကြီးမြင့်မားလွန်းပါတယ်ဟာ"

မို သိပါတယ်။

ကိုခန့်သော်နဲ့ မိုတို့ပေါင်းစပ်ဖို့ဆိုတာ မဖြစ်နိုင်တာဘဲ။

"လောလောဆယ်ပဲ ... သူတွေဝေနေပြီမဟုတ်လား ... "

"အင်း ... "

"ရှင့်ကို သူ့ဇနီးမိန်းကလေးအဖြစ် တရားဝင်ထုတ်ဖော်ဖို့ ဝန်လေးနေတာပဲ မဟုတ်လား ... "

မို ...

လက်ခံသည်။

သူ့မိဘတွေက သဘောမတူတာဘဲဖြစ်စေ၊ သဘောတူတာပဲဖြစ်ပါစေ ကိုခန့်သော် ကိုယ်တိုင်က မဆုံးဖြတ်ရဲတာပါ။

"ရှင်ဟာ အမြဲတမ်း မာနရှိပြီး ကိုယ့်ကိုယ်ကို တန်ဖိုးထားတတ်တဲ့ မိန်းကလေးတစ်ယောက်ပါ မို ... "

"အင်း ... "

"တွေဝေမနေပါနဲ့ ... "

"မို့ရင်ထဲမှာ အခုတစ်လော လေးလေးလံလံကြီးဖြစ်နေရတယ် ခင်ရယ် ... "

"ရှင်ချစ်တတ်နေပြီပဲ ... "

ကိုခန့်သော်ရဲ့ တွေဝေမှုတွေက မို့စိတ်နှလုံးတွေကို ပင်ပန်းနွမ်းနယ်နေစေသည်။

ရင်ထဲမှာ နာကျင်နေစေ၏။

"ကိုသီဟကတော့ သတ္တိရှိတယ် ... ရင်ဆိုင်ရဲတယ် ... ရှင့်ကိုချစ်တယ် ... "

"ခင် ... "

"ဘာလဲ ... ရှင်က ကိုသီဟအပြစ်မတွေ့ တွေ့အောင်ရှာမလို့လား မို ... "

"မဟုတ်ပါဘူး ကိုသီဟအပေါ် ကိုယ်လုံးဝ စိတ်မလှုပ်ရှားမိတာပါ ... ကိုယ်အမှန်အတိုင်းပဲ ဝန်ခံတာပါ ခင် ... ကိုသီဟနဲ့ လက်ထပ်ဖို့ ကိုယ့်မှာ လုံးဝဆန္ဒမရှိလို့ပါ ... "

"မိုရယ် ... "

"ခင့်ကို မို အမှန်အတိုင်းဝန်ခံလိုက်တာပါ ... "

"တစ်ပတ်အတွင်း အန်တီ့ကို ရှင်အဖြေပေးရမယ်မဟုတ်



လား ... မို ... "

"အင်း ... "

"ဘယ်လိုအဖြေမျိုးကို ပေးမလဲ ... "

"မသိဘူး ... ခင်"

"သေလိုက်တော့ ... "

သေချာတာကတော့ ကိုသီဟအား မိုလက်မထပ်လိုခြင်းပင်။

မို ခံစား၍ မရ။

ကိုခန့်သော်အပေါ် မိုမျှော်လင့်နေတာလည်းမို့ကိုယ်မို မကျေမနပ်ဖြစ်မိသည်။

မဖြစ်သင့်ဘူးဆိုတာ သိနေ၏။

ခင်ကတော့ ကိုသီဟနဲ့ပဲ လက်ထပ်ဖို့ အကြိမ်ကြိမ်တိုက်တွန်းနေသည်။ မို ငြင်းဆန်လိုနေဆဲပင်ဖြစ်၏။

အချစ် ... ကျွန်မ သူ့ကိုချစ်နေမိပြီလား။

ခင်နဲ့ပတ်သက်ပြီး ကိုယ်ချင်းစာစိတ်တွေ ဖြစ်နေမိသည်။

## အခန်း [ ၂၀ ]

သူဇာသည် သီဟအပေါ် အလွန်နားလည်မှုပေးနိုင်ပြီး အလေးအနက်ထားနိုင်လွန်းသော မိန်းကလေးဖြစ်သည်။

သီဟ သိနေ၏။

ခက်တာက ...

သူနှလုံးသားတွေပါပဲ။

မှီ့ကို ချစ်နေမိသည်။

မာနတကြီးနှင့် သူ့ကိုမှ သီဟစွဲလမ်းစွာ ချစ်မြတ်နိုးနေမိ၏။

မှီနှင့် လက်ထပ်ခွင့်ရဖို့ ကြိုးစားနေမိသည်။

"ကိုသီဟ ... "

"ဟင် ... "



"ကော်ဖီသောက်လေ ... "

"ဟုတ်ကဲ့ ... "

"အခုတစ်လော ... ကိုသီဟကိုကြည့်ရတာ တစ်မျိုးဖြစ်နေတယ်ထင်တယ်နော် ... "

သူဇာကတော့ ကိုသီဟမျက်နှာတွေ ညှိုးနွမ်းနေသည်ဟု ထင်မိသည်။

နှုတ်ခမ်းသားတွေက ဖြူရော်ကာ သွေးရောင်ကင်းမဲ့နေ၏။

"ကိုသီဟ အားနည်းနေလားဟင် ... "

"အင်း ... ကိုယ် ညဘက်သိပ်ပြီး အိပ်မပျော်ဘူး မှီ ... "

"ဘာဖြစ်လို့လဲ ... ကိုသီဟ အလုပ်တာဝန်တွေ ပိနေလို့လား ... "

"ဟုတ်မယ် ထင်တာပဲ သူဇာ ... "

"ဒါဆို ... ကြက်ဥနှစ်လုံးလောက် သောက်လိုက်ပါလား ကိုသီဟ ... သူဇာ မှာလိုက်မယ်လေ ... "

"နေပါစေ သူဇာ ... "

မှီ ...

ကိုယ့်ကို ဂရုစိုက်မဲ့သူက မှီဖြစ်နေရင် ဘယ်လောက်ကောင်းမလဲ။

သူဇာကတော့ ကိုယ့်ကို ဂရုစိုက်လွန်းတယ်။

ကိုယ်အားနာလို့ပါ။

မိန်းကလေးတစ်ယောက်ကို အရှက်မရစေချင်လို့ပါ မိုရယ်။

မိုကလွဲပြီး ကိုယ် ဘယ်မိန်းကလေးနဲ့မှ မပတ်သက်ချင်တာပါ။

"ကိုသီဟမှာ အခက်အခဲရှိနေရင်လည်း သူဇာကိုပြောပါနော် သူဇာတတ်နိုင်သလောက် ... ကူညီပါ့မယ် ... "

"မရှိပါဘူး သူဇာ ... ကိုယ့်အပေါ် ဒီလောက်အထိ ဂရုစိုက်နေတာကိုပဲ ကျေးဇူးတင်ပါတယ် ... "

သူဇာဟာ ကိုယ့်ကိုအမြဲတမ်း ဂရုတစိုက် ကူညီနေတယ်။

အားပေးတတ်တယ် မို ... ။

ဒါပေမဲ့ ...

ကိုယ် ချစ်မြတ်နိုးနေမိတာက မိုပဲလေ။

မို့ကို ပိုင်ဆိုင်ချင်တယ်။

"ကိုယ်သွားတော့မယ် သူဇာ ... "

"ဟင် ... "

ကိုယ် မို့ကိုတွေ့ပြီး စကားတွေပြောချင်နေတယ်။

ပြတ်ပြတ်သားသားမေးရမယ်။

မို ကိုယ့်ကို ချစ် မချစ်မေးရမယ်။

လက်ထပ်မှာလား မိုရယ်။

သူဇာကို နှုတ်ဆက်ပြီး သူပြန်လာခဲ့သည်။



မို့ကို တွေ့လိုက်တော့ အလုပ်ရှင်ကိုခန့်သော်နှင့် အတူ တွေ့ရ၏။

ကိုခန့်သော်က မို့ကိုလိုက်ပို့တာပဲဖြစ်မည်။

သူ ...

အဝေးကပဲ ရပ်နေလိုက်သည်။

မိုကတော့ ကိုခန့်သော်အိမ်ရှေ့အထိလိုက်ပို့တာကို မနှစ်သက်ပေ။

ပတ်ဝန်းကျင်ကို ကြောက်သည်။

မာနတွေနှင့်နေသော မိုသည် ပတ်ဝန်းကျင်မှာ နာမည်လေးတစ်စွန်းတစ်စပင် အစွန်းအထင်းခံသူတစ်ယောက်မဟုတ်ခဲ့။

"ကိုခန့်သော် ပြန်ပါ ... "

"အိမ်ထဲအထိ ကိုယ့်ကိုအလည်မခေါ်တော့ဘူးလား မိုရယ်"

"ရပါတယ် ကိုခန့်သော် ... မို့အိမ်ကို ယောကျ်ားလေးဧည့်သည် လာလေ့လာထမရှိပါဘူး ... "

ကိုသီဟအကြောင်းကို မိုပြောဖို့ဝန်လေးနေမိသည်။

မပြောဖြစ်။

ဘာကြောင့်မှန်း မသိ။

မိုမပြောချင်ပေ။

ကိုသီဟနှင့် မိုလက်ထပ်ပေးဖို့အတွက် တစ်ယောက်ကို တစ်ယောက် အကဲခတ်ရန် အိမ်မှာလာနေကြောင်း ပတ်ဝန်း

Book Sharing

Scanned by CamScanner

ကျင်က အတော်လေးသိထားနေကြသည်။

အခု ...

နောက်ထပ် ယောကျ်ားလေးတစ်ယောက်.ထပ်ရောက်လာတာမျိုး ပတ်ဝန်းကျင်အမြင်မှာ မရှင်းမလင်းမှာ စိုးမိသည်။

"မို့ရယ် ... မျက်နှာလေးပျက်နေလိုက်တာ မိုမကျေနပ်ရင်လည်း ကိုယ်မတက်တော့ပါဘူး ... "

"ဟို ... ဟို မို ... "

"ကိုယ့်ဒီအထိလိုက်ပို့မိတာတောင် လွန်နေပြီထင်တယ် မို ကိုယ်ပြန်ပါ့မယ် ... "

မို ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသည်။

သူ့ကို နှုတ်ဆက်ဖို့ မေ့လျော့နေခဲ့၏။

မေမေကတော့ အိမ်ထဲကနေ မို့ကို အကဲခတ်နေတော့မှာပါ။

"မို ... "

"ဟင် ... မေမေ ... "

"အိမ်ပေါ်တက်လေ ... "

ဟုတ်သားပဲ။

မို အိမ်ပေါ်တက်ဖို့ပင် မေ့လျော့နေမိသည်။

မေမေ သတိပေးမှ အိမ်ပေါ်တက်လိုက်ရတော့၏။

"မို ... "



"ရှင် ... "

"သူနဲ့ သမီးက ... "

"မိတ်ဆွေတွေပါ မေမေ ... "

"မိတ်ဆွေတွေအဆင့်ထက် ကျော်လွန်နေပြီလို့ မေမေထင်တယ် ... "

ပတ်ဝန်းကျင်က ထင်မြင်စရာဖြစ်ပေမဲ့ ကိုခန့်သော်ဘက်က မို့အား ဖွင့်ဟတောင်းဆိုမှု မပြုခဲ့။

"မို့ကို မေမေတားမြစ်ပိတ်ပင်တာတွေ လုပ်ရတော့မယ်ထင်တယ် ... "

သမီးဘက်က မပြတ်သားမှုတွေကို ဒေါ်လေးမိုအားမလို အားမရဖြစ်နေမိသည်။

"ပတ်ဝန်းကျင်က မေမေတို့ကို ဘယ်လိုမြင်မလဲ ... "

မေမေ့လေသံတွေက နည်းနည်းတော့ တင်းမာနေသည်။

မျက်ဝန်းတွေထဲမှာ ဒေါသတွေလွှမ်းနေ၏။

"မို ဘာလို့မပြတ်မသားလုပ်နေရတာလဲ ... "

"မေမေ ... မိုလေ မို ... "

"မောင်ခန့်သော်က သမီးကို ချစ်ရေးဆိုလား ... လက်ထပ်ခွင့်ရော တောင်းရဲ့လား ... "

မေမေ့ကို ကြည့်မိသည်။

ဘယ်လိုဖြေရမလဲ။

Scanned by CamScanner

မို မပြုတ်သားနေတာတော့ အမှန်ပဲဆိုတာ မိုသိနေသည်။

"သမီးဘက်က မျှော်လင့်ချက်တွေထားနေလား ... "

"မေမေ ... "

"မေမေ့သမီး ဘာတွေဖြစ်နေတာလဲ ... ယောကျ်ားတွေအပေါ် ဘယ်တုန်းက အယုံအကြည်ရှိလို့လဲ ... အမြဲတမ်းမာနနဲ့ နေတာလေ ... "

မေမေက မို့ကိုကြည့်ပြီး ခေါင်းတွေကို ခါယမ်းပစ်သည်။

"မို့မှာ အသိဉာဏ်တွေ ကင်းမဲ့နေပြီထင်တယ် ... "

"မဟုတ်ပါဘူး မေမေ ... "

သမီး ဒီလောက်အထိတော့ အသိဉာဏ်တွေ ကင်းမဲ့နေတာ မဟုတ်ပါဘူး။

မို ဝန်ခံချင်တာက ကိုခန့်သော်အပေါ် မိုချစ်နေမိတာပါပဲ။

အချစ်တွေကို မိုခံစားနေရတယ်။

အဲဒါ ...

ဘာဖြစ်လို့လဲ ... ။

မို့ကိုချစ်ဖို့ သတ္တိမရှိတဲ့လူတစ်ယောက်ကိုမှ မိုချစ်နေမိသည်။

"မောင်သီဟကိုပဲ သမီးလက်ထပ်ပါ ... "



သမီးအခြေအနေကို ဒေါ်လေးမိုသိလိုက်ပြီဖြစ်သည်။

ငွေကြေးစည်းစိမ်ဥစ္စာတွေကို မိုဘယ်တော့မှ မက်းမာမှာ မဟုတ်ဘူးဆိုတာ ဒေါ်လေးမိုယုံ၏။

ဒါပေမဲ့ ...

မောင်ခန့်သော်ကို သမီးချစ်နေပြီ။

မဖြစ်သင့်ဘူး။

မို့ဘဝလေးကို မညှိုးနွမ်းစေရဘူး။

တင့်တယ်ရမယ်။

မောင်သီဟက ပညာရော၊ ရုပ်ရည်ရော၊ ငွေကြေးချမ်းသာမှုရော ပြည့်စုံတယ်။

မောင်ခန့်သော်လောက်တော့ ဂုဏ်ဒြပ်တွေ မကြီးမားနေဘူးပေါ့။

သမီးနဲ့ လိုက်ဖက်ပါတယ်။

မိခင်တစ်ယောက်အနေနှင့်တော့ သမီးအတွက် အကောင်းဆုံးဖြစ်အောင်တော့ လုပ်ပေးရမည်ပဲဖြစ်သည်။

## အခန်း [ ၂၁ ]

မို့စိတ်တွေက ရှုပ်ထွေးနောက်ကျိုနေရသည်။

မေမေက ပြတ်သားစွာ အဖြေကိုတောင်းနေ၏။

ရှောင်လွှဲလို့ မရတော့။

မေမေပဲ ဆုံးဖြတ်မယ်တဲ့။

သမီးဘဝရေးရေးအတွက် အကောင်းဆုံးရွေးချယ်မှုကို မေမေပဲ ရွေးချယ်ပေးရမယ်တဲ့။

မေမေက ကိုသီဟနဲ့ လက်ထပ်ဖို့ ရွေးချယ်မှာပဲလေ။

မို ဘယ်လိုငြင်းဆန်ရမလဲ။

ကိုသီဟကမို့အတွက်အကောင်းဆုံးလူတစ်ယောက်ပဲ။



မေမေ မမှားပါဘူး။

ကိုခန့်သော်ရဲ့အချစ်တွေကို မို့မျှော်လင့်နေတာသည်း မှားတာပဲ။

မို့ကို သူ့နှလုံးသားတွေက ချစ်ချင် ချစ်နေပေမဲ့အတိအလင်းဖွင့်ဟပြောဆိုဖို့ကျတော့ တွန့်ဆုတ်နေတာပဲ မဟုတ်သား။

"မို …"

"ဟင် … "

ကိုသီဟ မို့အနားရောက်လာသည်။

မို့စိတ်တွေက ကိုသီဟကို မလိုလားသလိုဖြစ်နေရသည်။

အချစ်နဲ့ပတ်သက်တာတွေကို မလိုလားသလိုဖြစ်နေရသည်။

မေမေက ရှင်နဲ့လက်ထပ်ဖို့ မို့ကို အပြတ်သားဆုံးပြောထားပြီးပြီ။

"ကိုယ်နဲ့လက်ထပ်ဖို့ မို စိတ်ညစ်နေတာလား … "

"ရှင် … "

"ကိုယ် မို့ကို တစ်ခုမေးမယ်နော် … "

ကိုသီဟက မို့ကို စူးစိုက်စွာဖြင့် ကြည့်နေသည်။

အကြည့်ကို မို့လွှဲပစ်လိုက်၏။

အင်အားမရှိလို့ပါ။

Scanned by CamScanner

ကျွန်မမှာ ရှင်နဲ့ရင်ဆိုင်နိုင်တဲ့ အင်အားတွေမရှိတော့လို့ပါ။

"မို ... "

"ရှင် ... "

"ကိုခန့်သော်နဲ့ မိုက ... "

မို့အကြည့်တွေက သူ့ထံ ဆက်ခနဲ ရောက်သွားရတော့သည်။

ကိုခန့်သော်နဲ့ မိုက ... တဲ့။

"ကိုခန့်သော်အိမ်အထိ မို့ကိုလိုက်ပို့တာ ကိုယ်တွေ့တယ်"

ကိုခန့်သော်နဲ့ ပတ်သက်တဲ့ မေးခွန်းတိုင်း မိုအဖြေတမ်း အဖြေရခက်နေတတ်သည်။

ချစ်သူတွေဖြစ်နေကြပြီလားမေးတော့ မို့မှာ အဖြေမရှိခဲ့။

"ကျွန်မနဲ့ ကိုခန့်သော်က မိတ်ဆွေတွေပါ ... "

သူ ...

ပြုံးသွားသည်။

ကိုသီဟ ...

ရှင် တခြားတစ်ယောက်ကိုပဲ ရွေးချယ်ပါလား။

ကျွန်မ ဆုံးဖြတ်ရခက်နေတယ်။

အဖြေက မရှိဘူး။

"ကိုယ့်ကို အားမနာပါနဲ့ မို ... ပြတ်ပြတ်သားသား ငြင်းဆန်နိုင်ခွင့် ရှိပါတယ် ... "



"မို လောလောဆယ်တော့ ဘာမှမဆုံးဖြတ်နိုင်သေးပါဘူး ကိုသီဟ ... အချိန်တွေတော့ ပေးရလိမ့်မယ် ထင်ပါတယ်"

မိုစကားကို မယုတ်မလွန်ပြောလိုက်မိသည်။

မေမေက ရှင်နဲ့လက်ထပ်ပေးဖို့ ရွေးချယ်ပေးမှာပါ။

ကျွန်မ ငြင်းလို့မရတော့ဘူး။

"အချိန်ပေးပါ့မယ် ... မို စဉ်းစားပါ ... ကိုယ် မို့စိတ်တွေကို အနှောင့်အယှက်မဖြစ်စေချင်တာပါ ... "

သီဟကတော့ မို့ကို စိတ်ချမ်းသာပျော်ရွှင်နေစေလိုသည်။

"ကိုယ့်ကြောင့် မိုဘယ်တော့မှ စိတ်သောကတွေ မခံစားစေချင်တာပါ ... ကိုယ့်ကို အားမနာပါနဲ့ မို ... ပြတ်ပြတ်သားသားပဲ အဖြေပေးပါ ... "

ကျွန်မ ...

ကိုသီဟကို မချစ်ဘူး။

ခင်ပါတယ်။

မိတ်ဆွေတစ်ယောက်အဆင့်လောက်ပဲ သတ်မှတ်လို့ ရနိုင်ပါတယ်။

"မို့ကိုတော့ ကိုယ်အမြဲတမ်း စောင့်နေမှာပါ မို ... ကိုယ့်စိတ်တွေထဲမှာ မိုပဲရှိနေပါတယ် ... ကိုယ် ဘယ်လိုမိန်းကလေးမျိုးကို ဖြစ်ဖြစ် စိတ်မဝင်စားပါဘူး ... အဲဒါ ကိုယ့်ရဲ့

Scanned by CamScanner

ယောက်ျားကတိပါ ... "

ကိုသီဟကလည်း ယောက်ျားကောင်း ယောက်ျားမြတ်တစ်ယောက်ဆိုတာ မိုလက်ခံပါတယ်။

မိုရင်ထဲမှာ ရှင်တိုးဝင်မလာဘူး။

ဘယ်လိုမှ ခံစားလို့မရတာပါ။

မို့မျက်ဝန်းတွေထဲမှာ မျက်ရည်တွေ ပြည့်လာရသည်။

"တိ ... တိ ... "

"တိ ... တိ ... "

"ဟင် ... "

ဖုန်းသံမြည်လာသည်။

ကိုသီဟကို အားနာစွာဖြင့် ဖုန်းကိုဖွင့်ပြီး နားထောင်လိုက်၏။

"ဟဲလို ... "

"မို ... "

"ရှင် ... "

"ကိုယ်ပါ ... "

ကိုခန့်သော် ...

"မိုပြောပါ ... အေးအေးဆေးဆေးပြောပါ ... ကိုယ်သွားမယ် ... "

ကိုသီဟ အလိုက်သိစွာဖြင့် မို့အနားမှ ထွက်သွားသည်။



"ပြောပါ ကိုခန့်သော် ... "

"မို ... "

"ရှင် ... "

"ကိုယ် ... မို့ကို သတိရနေလို့ ... "

"ရှင် ... "

"မို့အနားမှာ ဘယ်သူရှိလဲ ... "

"ဟင့်အင်း ... "

"ကိုယ်အိမ်အထိလိုက်ပို့ပေးတာ ... မို့စိတ်ထဲမှာ အနှောင့်အယှက်ဖြစ်နေလား ... "

"ဖြစ်တော့ ဖြစ်ပါတယ် ကိုခန့်သော် ... ကျွန်မက ပတ်ဝန်းကျင်မှာ နာမည်အစွန်းအထင်းမရှိအောင် အမြဲတမ်းနေထိုင်ပြုမူလာခဲ့တာပါ ... "

"မို့ကို ကိုယ်လေးစားတဲ့အထဲမှာ အဲဒီအချက်လည်းပါတယ်"

"ကျွန်မက ကိုခန့်သော်အတွက် အထင်ကြီးစရာ ဘာမှမရှိတဲ့ အညတရမိန်းကလေးတစ်ယောက်ပါ ... ကိုခန့်သော်ရယ် ... "

ကျွန်မ ...

ကိုသီဟကို ရွေးချယ်လိုက်ပါပြီ။

ကျွန်မ လက်ထပ်တော့မယ်။

ထိုစကားကိုပြောဖို့ မို အင်အားမရှိသလိုဖြစ်နေရ

သည်။

ကျွန်မကို ရှင်သတိရနေတာထက် မပိုတော့ဘူးလား

ဟင်။

"မို့ကို ကိုယ် စက္ကန့်မလပ် သတိရနေမိတယ် ... မို့အပြုံးလေး တွေ လှုပ်ရှားမှုဟန်လေးတွေကို အမြဲတမ်းသတိရနေမိတယ် မို့ကို အမြဲတမ်းတွေ့ချင်နေတယ် ... "

ကိုခန့်သော်က မို့ကိုရည်းစားစကားပြောနေတာ

လားဟု မိုမေးချင်မိသည်။

ဘာဖြစ်လို့ ဒီလိုပြောနေရတာလဲ။

မိုက မိန်းကလေးတစ်ယောက်ပါ။

ရှင့်ရဲ့အပြေဖျော်ခံ သုံးတော်ခံတစ်ယောက် မဟုတ်

ပါဘူး။

တကယ်ဆို ...

သူ့ကို မို မုန်းသင့်တာပါ။

ယောကျ်ားတွေကို သစ္စာမရှိတဲ့ လူသားတွေအဖြစ်

မိုဘယ်တော့မှ မယုံကြည်ခဲ့မိဘူး။

အထင်လည်း မကြီးတတ်။

"ကိုခန့်သော်က ရှင့်အပေါ်အချိန်မရွေး သစ္စာမဲ့သွားနိုင်တဲ့ လူပဲ ... ရှင်ယောကျ်ားတွေအပေါ် ဓိဇာကြောင်ခဲ့တာတွေ အဓိပ္ပါယ်မရှိတော့ဘူး ... တကယ်တမ်း ရှင်စေ့စပ်သေချာ အောင် စစ်ဆေးစုံစမ်းမှုတွေ လုပ်သင့်တာက ကိုခန့်သော်



ပဲ ... "

ခင်က ပြောခဲ့သည်။

ကိုသီဟကိုကျတော့ မိုက မိန်းကလေးတွေနှင့် စမ်း

သပ်နေခဲ့၏။

မို မတရားဘူး။

အသိတရားတွေနှင့် မို ကိုယ့်ကိုယ်ကို ထိန်းချုပ်

လိုက်မိသည်။

"မို ရေချိုးတော့မယ် ကိုခန့်သော် ... မေမေက ညစာစား ဖို့ စောင့်နေတယ် ... "

"အိုကေ ... မနက်ကျမှတွေ့မယ်နော် မို ... "

ဟုတ်ကဲ့ပါဟု မိုတိုးတိတ်စွာ ပြောလိုက်မိသည်။

မေမေ ဘာပြောမလဲ။

ကိုသီဟကရော မိုနဲ့ပတ်သက်ပြီး ဘယ်လောက်သိ

ထားပြီလဲ။

ကိုခန့်သော်နဲ့ မို့ကို တစ်မျိုးထင်နေပြီလား။

"မိုရေချိုးတော့လေ ... မေမေတို့ကို မောင်သီဟက ညစာ စားပြီးရင် ဘုရားလိုက်ပို့ပေးမယ်တဲ့ ... "

ဒုက္ခပါပဲ။

ကိုသီဟနှင့် တွဲပြီးသွားရမှာကို မိုရှောင်ရှားနေတတ်

သည်။

ဒီတစ်ခါတော့ ...

မေမေကလက်ခံမှာ မဟုတ်။

လိုက်ခဲ့ပါဟူသော အရိပ်တွေက မေမေ့မျက်ဝန်းတွေထဲမှာ ထင်ဟပ်နေသည်။

တင်းမာတဲ့ အမိန့်တစ်ခုပါပဲ။

"ရေချိုးတော့ ... "

မေမေ ပြန်ထွက်သွားသည်။

မို ...

ရေချိုးသည်။

ညစာစားပြီးမှ အဝတ်အစားလဲ ပြင်ဆင်၏။

ကိုသိဟပုံစံက မေမေသဘောကျနှစ်သက်တဲ့ ရှပ်အင်္ကျီလက်ရှည်နှင့် ပုဆိုးအကွက်စိပ်ကလေး ဝတ်ထားသည်။

သန့်ခန့်နေတဲ့ လူတစ်ယောက်ပါပဲ။

"မို ... "

"ရှင် ... မေမေ ... "

"မောင်သိဟကိုကြည့်စမ်း ... ဘယ်လောက်သန့်ခန့်နေလဲ ညည်းဘာဖြစ်လို့ ငြင်းဆန်နေချင်ရတာလဲအေ ... "

ကိုသိဟက အရှေ့မှ ထွက်သွားနှင့်ပြီဖြစ်သည်။

"မေမေ စိတ်အေးချင်တယ် ... တစ်ဦးတည်းသော သမီးလေးကို တည်ကြည်ခန့်ညားပြီး တာဝန်ယူရဲတဲ့ ယောကျ်ားတစ်ယောက်ရဲ့လက်ထဲမှာ အပ်ထားခဲ့ချင်တယ် မို ... "

ကိုခန့်သော်က တာဝန်မယူရဲတဲ့ ယောကျ်ားတစ်



ယောက်ဟု မေမေပြောလိုက်ခြင်းသာ ဖြစ်နေသည်။

မို မှုန်းကျုပ်လာ၏။

နှလုံးသားရဲ့ခံစားချက်တွေကို မို ကိုယ်တိုင်ပင် နားမလည်နိုင်တော့။

မို အိမ်ထောင်တစ်ခုကို နှလုံးသားနဲ့ ဆုံးဖြတ်ရမှာလား၊ ဦးနှောက်အသိတရားတွေနဲ့ ဆုံးဖြတ်ရမှာလား။

နှလုံးသားတွေနဲ့ ဆုံးဖြတ်တော့ရော ကိုခန့်သော်က မို့ကို ချစ်ပါသည်ဟု လုံးဝမပြောသေးပေ။

မို့လို ရှင့်ရဲ့လက်ထောက်မလေးတစ်ယောက်ကို လက်ထပ်ဖို့ သတ္တိမရှိတာပါ။

ဘုရားရောက်လာသည်။

မေမေက လူကြီးဆိုတော့ ဘုရားအကြာကြီး ရှိခိုးနေ၏။

ကိုသိဟကို ညှော်ခံထားတဲ့။

မို မလွှဲသာ မရှောင်သာဘဲ ကိုသိဟအား ညှော်ခံနေရသည်။

"ဟင် ... ကိုခန့်သော်ပါလား ... "

ခန့်ညားချောမောသော မိန်းမကြီးတစ်ယောက်နှင့် ယှဉ်၍ ကိုခန့်သော်အား တွေ့လိုက်ရသည်။

မို့ကို သူကလည်း တွေ့၏။

"ခင်စံမို ... "

"ကိုခန့်သော် ... "

မိခင်ရှေ့မှာ မှိုဟုပင် မခေါ်တော့ဘဲ ခင်စံမှိုတဲ့။

"မေမေ ... ဒါ သားရဲ့လက်ထောက်မလေး ခင်စံမှိုတဲ့ ... ဒါ ကိုယ့်မေမေပါ ... "

"ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ် ... ကျွန်မ ခင်စံမှိုပါ"

ကိုခန့်သော်မေမေရဲ့ ကြီးကျယ်ခန့်ညားမှုတွေက မှို့ မေမေနှင့် နှိုင်းယှဉ်လို့မရအောင် ကွာဟနေသည်။

စိန်တွေ ညွှတ်နေအောင် ဝတ်ထား၏။

မှို့မေမေက သိမ်နုတ်သွားသလို ခံစားလိုက်ရသည်။

"အေးကွယ် ... တွေ့ဆုံရတာ ဝမ်းသာပါတယ် ... ခင်စံမှို အလုပ်ကို ကြိုးစားတယ်ဆိုတာ အန်တီသတင်းတွေ ကြားပါတယ် ... သမီးလေးက ချစ်စရာလေးပါလားကွယ် ... "

သိမ်သိမ်မွေ့မွေ့ ဖော်ဖော်ရွေရွေပြောဆိုမှုတွေ ဆိုပေမဲ့ ကိုခန့်သော်မေမေရဲ့ မျက်ဝန်းအကြည့်တွေက မှို့အပေါ် အထင်မကြီးကြောင်း ထင်ရှားနေသည်။

ကိုခန့်သော်ကတော့ ကိုသီဟအား အကဲခတ်တဲ့ မျက်ဝန်းတွေနှင့် ကြည့်နေ၏။

"ကိုယ်တို့သွားမယ်နော် ခင်စံမှို ... မနက်ဖြန် အရေးကြီးတဲ့ အလုပ်ကိစ္စတွေရှိနေတယ် ... ခင်စံမှို မနက်ခုနစ်နာရီ အရောက် လာခဲ့စေချင်တယ် ... "

သူ ...



ထွက်သွားသည်။

မှို့အား မနက်ခုနစ်နာရီအရောက်လာရန် ချိန်းဆိုလိုက်ခြင်းဖြစ်၏။

သူ့မေမေရှေ့မှာ မှို့ကို ခပ်စိမ်းစိမ်းနှုတ်ဆက်လိုက်၍ မှို နည်းနည်းတော့ မကျေမနပ်ဖြစ်သွားရသည်။

ဟွန်း ...

မှိုနဲ့ သူ ဘာဆိုင်လို့လဲ။

သူစိမ်းတွေပဲဟာ။

"မှို ... "

"ရှင် ... "

"ကိုခန့်သော်တို့က အရမ်းချမ်းသာကြတာပဲနော် ... အတု ယူလောက်တဲ့ ယောကျ်ားတစ်ယောက်ပါ မှို ... "

မှို ...

ငြိမ်သက်နေမိသည်။

ကိုသီဟနှင့် မှို့ကို တွဲ၍တွေ့သွားပြီ ဖြစ်၏။

မေးလျှင် မှို ဘယ်လိုဖြေရမလဲ။

ကျွန်မနဲ့ လက်ထပ်ဖို့ လူကြီးချင်းသဘောတူထားတဲ့ လူလို့ ဖြေရမလား။

ရှင် ဘာပြောမလဲ။

မေမေထလာသည်။

"စောစောက မောင်ခန့်သော်တို့ထင်တယ် မှို ... "

"ဟုတ်တယ် မေမေ ... "

မေမေ့အကြောင်းတွေကို မှိုအဓိပ္ပါယ်ဖော်နိုင်ပြီဖြစ်သည်။

ကိုခန့်သော်တို့က အဆင့်အတန်းမြင့်မားလွန်းပါတယ်တဲ့။

"သွားစို့ မှို ... "

မေမေက ရှေ့ကနေထွက်သွားတော့သည်။

ကိုခန့်သော်နဲ့ မှို ဘဝချင်းတွေက ဝေးကွာလွန်းပါတယ်။

မှို မေ့ပစ်လိုက်သင့်ပါပြီ။

အကောင်းဆုံးက ကိုသီဟကို မှိုရွေးချယ်လိုက်ဖို့ပါပဲ။

မေမေ့ဆန္ဒကိုပဲ မှို ဖြည့်ဆည်းပေးသင့်ပါတယ်လေ။

မှိုစိတ်တွေ လုံးဝပြတ်သားမှုမရှိတာကတော့ အမှန်ပဲဖြစ်သည်။



## အခန်း [ ၂၂ ]

မနက်အစောကြီး မှို နိုးနေသည်။

ကိုခန့်သော်က မနက်အစောကြီးလာမည်ဟု မှို့ကို ပြောသွားခဲ့သည်။ မှို ပြင်ဆင်နေမိ၏။

"မှို ... "

"ရှင် ... မေမေ ... "

"သမီး ရုံးကို စောစောသွားရမလား ... "

"ဟုတ်ကဲ့ ... "

"သမီး ... "

"ပြောပါ ... မေမေ ... "

"မောင်သီဟနဲ့ သမီး လက်ထပ်တော့မဲ့အကြောင်း ... မောင်ခန့်သော်က မေးလာရင် ... သမီးပြတ်ပြတ်သားသား ပြောလိုက်ပါ ... "

မေမေက စိတ်ပူစွာဖြင့် ပြောသည်။

မို သိပါတယ် ... မေမေ။

မနေ့က ...

ကိုခန့်သော်ရဲ့မေမေ့ကို တွေ့ပြီးကတည်းက မို့ အနေအထားကို မိုကိုယ်တိုင် သဘောပေါက်နားလည်သွားရပါပြီ။

မနိုးစပ်နိုင်တဲ့ဘဝတွေဟု မိုထင်ထားမိသည်။

"ယောကျ်ားလေးဘက်က သမီးကို မတူမတန်တာတွေ ... သဘောမတူတာတွေနဲ့ အတင်းအကျပ်လက်ထပ်တာမျိုးတွေ ... မေမေလုံးဝလက်မခံဘူး ... သမီးမှာ မာနရှိသင့်တယ် ... "

"ဟုတ်ကဲ့ပါ ... မေမေ ... "

"မို ... "

"ရှင် ... "

"သမီးကို မေမေယုံပါတယ် ... သမီးကိုယ်ကျင့်တရားတွေအပေါ် မှတ်ကျောက်အတင်ခံစမ်းပါ ... "

မို ...

မေမေ့စကားတွေကိုတော့ လက်ခံရမည်သာဖြစ်သည်။

"မို သွားတော့မယ်နော် ... "

"အေးအေး ... "

မေမေရဲ့ဆုံးမပဲ့ပြင်ထိန်းသိမ်းမှုအောက်မှာ ဖိုင်း



:ကာင်းကျောက်ဖိကြီးပြင်းလာရသော မိုဖြစ်သည်။

မို အပြင်ထွက်လာခဲ့၏။

ကိုခန့်သော် ရောက်နေသည်။

"မို ... "

"ရှင် ... "

"ကားပေါ်တက်လေ ... "

မေမေကတော့ မို့ကို ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါပဲဟု မှတ်ချက်ချခဲ့သည်။

မို့ကို အပြစ်တင်ရှုံ့ချတာ မရှိ။

"မိုက သွက်လက်ထက်မြက်တဲ့ မိန်းကလေးပါပဲ ... မဆိုးပါဘူး သား ... "

မိုနှင့် တွေ့ရတဲ့လူက ဘယ်သူလဲဆိုတာ ခန့်သော်သိချင်နေသည်။

"မို ကားပေါ်တက်လေ ... "

ကိုယ့်မှာ ဘယ်သူလဲဆိုတာသိချင်လို့ အိပ်လို့တောင်မပျော်ဘူး မို။

မို ကားပေါ်တက်သည်။

ယောကျ်ားလေးတွေနှင့် ပတ်သက်ဆက်ဆံတတ်လေ့မရှိတဲ့ မိုနှင့် ယောကျ်ားတစ်ယောက်ကိုအတူယှဉ်တွဲတွေ့လိုက်ရ၍ ခန့်သော်စိတ်ထဲမှာ ထင့်နေမိသည်။

"မို့ကို ကိုယ်မေးစရာရှိတယ် ... "

Book Sharing

Scanned by CamScanner

"မေးပါ ကိုခန့်သော် … "

"မနေ့ကတွေ့ရတဲ့လူက … "

"အဲဒါ ကိုသီဟပါ … မေမေ့မိတ်ဆွေရဲ့သားပါ … "

ကျွန်မနဲ့ လက်ထပ်မဲ့သူပါလို့ မိုပြောဖို့ ဝန်လေးနေမိသည်။

မေမေက ပြောခဲ့တဲ့။

မိုကို ဂုဏ်သိက္ခာမဲ့မှာ မေမေအစိုးရိမ်ဆုံးဖြစ်နေသည်။

"မိုတို့အိမ်မှာ နေတာလား … "

"အင်း … "

"မို ကိုယ့်ကို မပြောဖူးဘူးနော် … "

"ပြောဖို့ မလိုအပ်လို့ပါနော် … ကိုခန့်သော် … "

"ဟုတ်ပါတယ်လေ … ဒါက မိုတို့ကိစ္စပဲ … "

သူ …

မိုကို စားသောက်ဆိုင်တစ်ခုသို့ ခေါ်လာခဲ့သည်။

အရင်ကလောက် မိုထိတ်ထိတ်ပျာပျာမဖြစ်တော့ဘဲ တည်ငြိမ်လာ၏။

"လူချောလူခန့်တစ်ယောက်ပဲနော် မို … "

ကိုခန့်သော်ရဲ့အကြည့်တွေက မိုကို စိတ်မချသည့် အမူအရာတွေ။

"မို … "



"ရှင် … "

"မိုမှာ ချစ်သူရှိလား … "

"မရှိပါဘူး … ကိုခန့်သော် … "

ကိုသီဟက မိုနဲ့လက်ထပ်ရမဲ့သူပါဟု မိုမပြောမိ။

တွန့်ဆုတ်နေမိသည်။

မို တွေဝေနေဆဲပင် …

ကိုခန့်သော်ထံမှ တောင်းဆိုမှုတွေကို နောက်ဆုံးအချိန်အထိ မိုမျှော်လင့်နေမိဆဲပင်ဖြစ်သည်။

အကြည့်ချင်း ဆုံမိနေ၏။

ရှင် …

ဘာလို့ ကျွန်မကို အကြင်နာတွေ ဂရုစိုက်တာတွေ သုပ်နေရတာလဲ။

ရှင့်မျက်ဝန်းတွေက ကျွန်မကိုချစ်ပါတယ်လို့ ပြောနေပေမဲ့ ရှင့်နှုတ်ခမ်းတွေက တရားဝင်ဖွင့်ဟမလာဘူး။

"အလုပ်ကိစ္စတွေရှိသေးတယ် … ကိုတို့သွားကြရအောင်နော် မို … "

"ဟုတ်ကဲ့ … "

မို စိတ်ထဲမှာ သူ့အပြုအမူတွေနှင့်ပတ်သက်ပြီး အားလိုအားမရဖြစ်မိသည်။

ရှင် သတ္တိမရှိတာဘဲ။

မို သိပါတယ်။

Scanned by CamScanner

ကျွန်မအပေါ် ရှင်ချစ်ချင်ချစ်နေပေမဲ့ တကယ်တမ်း ရှင်ရင်မဆိုင်ရဲတာပါ။

"ကိုစန့်သော် ... "

"ပြောလေ မို ... "

"မို နောက်ထပ်နှစ်လလောက်ဆိုရင် ... ဒီအလုပ်ကနေ ထွက်ရတော့မယ်ထင်တယ် ... "

"ဟင် ... ဘာဖြစ်လို့လဲ မို ... "

"မေမေက မို့ကို လက်ထပ်ပေးတော့မယ်လေ ... "

"ဟင် ... "

သူ ...

မို့ကို ကြည့်မိသည်။

လူကြီးမိဘတွေက စီစဉ်တာကို မိုနာခံတော့မှာ လား။

"ကိုသီဟာနဲ့လေ ... "

"မို ... ဒီလူကို မချစ်ဘဲနဲ့ လက်ထပ်မှာလား ... "

"လူကြီးမိဘတွေ စီမံရာကို မိုနာခံရမယ်လေ ... "

"မို့မှာ ချစ်သူလုံးဝမရှိဘူး မဟုတ်လား ... "

"မရှိသေးပါဘူး ... ဒါကြောင့်လည်း မေမေက စဉ်းစားချိန် တွေ ပေးနေတာပဲလေ ... "

မို့မှာ လက်ထက်မဲ့လူရှိနေတာ ကိုယ်မနာလိုဝန်တို ဖြစ်နေမိသည်။



သူ့ရင်ထဲက အချစ်တွေကို ထုတ်ဖော်ပြောသင့်နေပါ ပြီ။

မို့ကို သူချစ်တယ်။

ပိုင်ဆိုင်ချင်တယ်။

လက်ထပ်ချင်တယ်။

"မို ... "

"ဗျင် ... "

"မို ငြင်းထားတယ် မဟုတ်လား ... "

"အင်း ... "

"ကိုယ် မို့ကို ချစ်တယ် ... "

"ရှင် ... "

မို ကြားချင်တဲ့စကားတွေကို သူစတင်ပွင့်အန်ထွက် လာသည်။

လက်ထပ်ပါရစေဆိုတဲ့ စကားတွေကိုပြောဖို့ တွန့် ဆုတ်နေဆဲပင်။

ဆက်မပြော။

"မို ... "

"ဟင် ... "

"ကိုယ့်ကို ချစ်တယ်မဟုတ်လား ... "

သူ ...

မို့လက်တွေကို ဆုပ်ကိုင်ပြီး မေးနေသည်။

Scanned by CamScanner

"ကျွန်မ ... ကျွန်မ ... "

"ကိုယ် မို့ကို စတွေ့ကတည်းက ချစ်နေမိတာပါ မို ... ဖွင့်ပြောဖို့ သတ္တိမရှိတာပါ ... "

မိုတို့အရွယ်တွေက အချစ်တစ်ခုတည်းနဲ့ ပြီးကြတာမဟုတ်တော့ဘူးနော်။

အိမ်ထောင်တစ်ခုတည်ဆောက်ရဲတဲ့သတ္တိလိုအပ်တယ်။

"မို ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင် ... "

"ကျွန်မ ... ကိုသီဟကိုပဲလက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ ကိုခန့်သော် ... "

"မို ... "

"ရှင်က မို့ကို ဘဝလက်တွဲဖော်အဖြစ် သတ္တိရှိရှိရင်ဆိုင်ရဲမှာမဟုတ်ပါဘူး ... "

"မို ... "

"ကိုခန့်သော်က မို့ကို လက်ထပ်ရဲလို့လား ... "

"မို ... ဘာတွေပြောနေတာလဲကွာ ... မို ကိုယ့်ကိုချစ်တယ်မဟုတ်လား ... ပြောလေ မို ... "

မို ခေါင်းကိုခါယမ်းပစ်လိုက်မိသည်။

မဖြစ်နိုင်ပါဘူး။

ကိုခန့်သော်ရယ် ...

မိုက အပေါ်စားမိန်းကလေးတစ်ယောက် မဟုတ်ပါ



ဘူး။

ရှင်ရဲ့ ပျော်တော်ဆက်လည်း မဟုတ်ပါဘူး။

"မို ရှင့်ကိုမချစ်ဘူး ... "

"မို ... "

"ကျွန်မတို့ အလုပ်ကိစ္စပဲ ဆွေးနွေးကြစေလိုပါတယ် ... "

မို ဒီလောက်အထိ မာနတွေရှိနေမည်ဟု ခန့်သော်မထင်မိပေ။

သူ့ကို ငြင်းဆန်လိုက်သည်။

"ကျွန်မ အိမ်ထောင်ရေးကို ဂုဏ်ပကာသနတွေ ... စည်းစိမ်ဥစ္စာတွေနဲ့ မပတ်သက်ဘဲ ချစ်ခြင်းမေတ္တာတွေနဲ့ပဲ တည်ဆောက်ချင်တယ် ... "

"မို ကိုသီဟအပေါ် အချစ်မရှိဘူးဆိုတာ ... ကိုယ်သိပါတယ် ကိုယ့်ကို မိုချစ်တာ မဟုတ်လား ... "

"မို စိတ်ကူးမယဉ်တော့ပါဘူး ... အိမ်က သဘောတူတဲ့လူနဲ့ပဲ လက်ထပ်ဖို့ သဘောတူလိုက်ပါပြီ ... "

"မို ... ကိုယ် ... "

"မိုတို့ သွားကြမယ် ... "

ကိုခန့်သော်နှင့် အလုပ်သဘောအရပဲ မိုဆက်ဆံတော့မည်။

လက်ထပ်ဖို့အထိ မဖြစ်နိုင်ပါဘူး။

မို့မှာ မာနတွေရှိမိတယ်။

Scanned by CamScanner

"မို ... "

"သွားမို့နော် ... "

ကိုခန့်သော်နှင့် အလုပ်သဘောအရပဲ ဆက်ဆံဖို့ မို ဆုံးဖြတ်လိုက်မိသည်။

မေမေ့ဆန္ဒပဲ မိုလိုက်လျောတော့မယ်။

ကိုသီဟက မို့ကိုလည်း ချစ်တယ်။

သူ့ဇာနဲ့လည်း ကိုသီဟစိတ်တွေကို စမ်းသပ်ပြီးဖြစ်နေသည်။

ကိုသီဟအပေါ် မိုမတရားတော့ဘူး။

မို ...

ပြတ်သားစွာ ဆုံးဖြတ်လိုက်ပါပြီ။

ကိုခန့်သော် ဘာမှမပြောနိုင်ခင် မိုရုံးခန်းထဲဝင်လာခဲ့သည်။

အလုပ်ပဲ လုပ်နေ၏။

မို့ မာနကို ပြရမယ်။

ချစ်တယ်ဆိုတဲ့စကားလေးကိုပင် ရှင်တွန့်ဆုတ်နေသည်။

လက်ထပ်ဖို့အထိ ရှင်မစဉ်းစားရဲတာ မဟုတ်လား။

ရုံးဆင်းတော့ ခင်နဲ့ တွေ့သည်။

"ကိုသီဟနဲ့လက်ထပ်ဖို့ မိုဆုံးဖြတ်လိုက်ပြီ ခင် ... "

"ဟယ် ... "



ခင့်မျက်ဝန်းတွေက ဝမ်းသာကျေနပ်သွားပုံပင်။

"ကောင်းတယ် ... ဟိုလူသတ္တိမရှိဘူး မဟုတ်လား ... "

"ချစ်တယ်လို့တော့ ပြောပါတယ် ... "

"တကယ် ... "

"မိုက လိမ်ညာပြောရမှာလား ... "

"ကိုခန့်သော်ကို ရှင်မျှော်လင့်နေတာပဲ မဟုတ်လား ... မို"

"ကိုယ်မှန်ကန်တဲ့ဆုံးဖြတ်ချက်တွေကိုပဲ ချမှတ်လိုက်တာပါ"

"မိုရယ် ... "

အေးစက်တဲ့ မို့မျက်ဝန်းလေးတွေကို သူမငေးစိုက်ကြည့်နေမိသည်။

ခင်ပင် ရင်မောလာရ၏။

မို ...

သတ္တိရှိတယ်။

ဆုံးဖြတ်ချက် မှန်ကန်တယ်။

"မင်းကို လေးစားပါတယ် မိုရယ် ... "

မို့လက်လေးကို ဆုပ်ကိုင်ဖျစ်ညှစ်ပြီး ခင် ဂုဏ်ပြုချီးမြှောက်လိုက်မိသည်။

Book Sharing

# အခန်း [ ၂၃ ]

"မေမေ … "

"မို … "

"မို ဆုံးဖြတ်လိုက်ပြီ … "

"ဘာကိုလဲ မို … "

"မေမေ့ဆန္ဒတွေကို ပြည့်စွမ်းပေးဖို့လေ … "

"မောင်သီဟကို မိုရွေးချယ်လိုက်ပြီလား … "

"ဟုတ်တယ် မေမေ … "

"ဝမ်းသာလိုက်တာကွယ် … မေမေ့သမီးလေး လိမ္မာတယ် မောင်သီဟက မို့အတွက် အသင့်တော်ဆုံးအိမ်ထောင်ဘက် ပါပဲ … "

မေမေဝမ်းသာကြေနပ်စွာ အပြုံးတွေ ဝင်းလက်နေသည်။



မိုလည်း ပျော်သွားရ၏။

အချစ်နှင့် အိမ်ထောင်တစ်ခုကို မိုမဆုံးဖြတ်တော့ပေ။

အသိတရားနဲ့ပဲ မိုဆုံးဖြတ်ရမယ်။

"သမီးဘက်က သဘောတူလက်ခံတယ်ဆိုရင် … မောင်သီဟနဲ့ ဆွေးနွေးကြလေ မို … "

"ဟုတ်ကဲ့ မေမေ … "

"အလုပ်ကနေ သမီးထွက်လိုက်တာ ကောင်းမယ်ထင်တယ်ကွယ် … "

မောင်ခန့်သော်နဲ့ လုံးဝမပတ်သက်စေချင်တော့ပေ။

သမီးလေးစိတ်တွေ တည်ငြိမ်မှုနဲ့ကန်မှုရှိစေချင်မိသည်။

"မကြာခင် မို အလုပ်ကနေ ထွက်မှာပါ မေမေ … "

ကိုခန့်သော်အနားက မို ထွက်သွားချင်မိသည်။

အချစ်ဆိုတာကို မိုမစဉ်းစားချင်တော့ပေ။

ကိုခန့်သော်ရဲ့ စိတ်ပျော်ရွှင်ကျေနပ်မှုပေးစွမ်းနေရတဲ့ အဖြေမျှော်ခံမိန်းကလေးဘဝ အရောက်မခံနိုင်ပေ။

ကိုသီဟရောက်လာသည်။

"မို … "

"ရှင် … "

"ကိုယ်နဲ့လက်ထပ်ဖို့ … မို ဆုံးဖြတ်လိုက်ပြီဆို … "

Scanned by CamScanner

"ဟုတ်ပါတယ် ကိုသီဟ ... "

သီဟကတော့ မှီဆုံးဖြတ်တာနှလုံးသားမပါကြောင်း သိနေသည်။

အချစ်နဲ့ဆုံးဖြတ်တာ မဟုတ်။

ကိုယ့်ကိုလက်ထပ်သင့်လို့ လက်ထပ်တာပဲမဟုတ်လား။

"မှီ ကိုယ့်ကိုမချစ်ဘူး မဟုတ်လား ... "

"ရှင် ... "

"ကိုယ့်ကိုချစ်ပါတယ်လို့ ပြောပါလား မှီ ... "

အချစ်ဆိုတာကို မှီ ဘယ်တော့မှ မစဉ်းစားခဲ့ပေ။

ကိုသီဟကိုတော့ မှီမချစ်ဘူး။

"အချစ်တွေကို မှီမစဉ်းစားချင်ဘူး ... ဘာပဲဖြစ်ဖြစ် ကိုသီဟနဲ့ လက်ထပ်သင့်တယ်ထင်လို့ မှီလက်ခံတာပါ ... "

"မှီ ... "

"ကိုသီဟဟာ လူကြီးလူကောင်းတစ်ယောက်ပါပဲ ... မှီယုံကြည်လို့ လက်ခံတာပါ ... "

သီဟကတော့ မှီကို ချစ်သည်။

ဒါပေမဲ့ ...

မှီချစ်တာက ကိုခန့်သော်ပဲဆိုတာ သိလိုက်သည်။

ဟိုလူသတ္တိမရှိလို့ မဟုတ်လား။

သူစာကတော့ သူ့ကိုချစ်မြတ်နိုးပြီး သံယောဇဉ်ကြီး



နေသူပင်။

"ကိုယ်ကတော့ အချစ်နဲ့ပဲ ဆုံးဖြတ်သင့်တယ်လို့ထင်တာပဲ မှီ ... "

"ရှင် ... "

"မှီ စဉ်းစားပါဦး ... "

"ရှင် ... "

"ကိုယ့်ကိုလည်း မှီချစ်နိုင်ဖို့ ကြိုးစားစေချင်တယ် ... "

ကိုသီဟ ထွက်သွားသည်။

ရှင် ဘာလို့ပြောင်းလဲသွားရတာလဲ။

ကျွန်မကိုချစ်တယ်လို့ ရှင်ပဲပြောခဲ့တာမဟုတ်လား။

လက်ထပ်ဖို့လည်း ရှင်ပဲတောင်းဆိုခဲ့တာပါ။

မှီမကျေမနပ်ဖြစ်သွားမိသည်။

ဘယ်လိုယောကျ်ားတွေလဲ။

ကိုသီဟကို မှီချစ်ဖို့ဆိုတာကတော့ သံယောဇဉ်ဆိုတဲ့အတိုင်းအတာပဲ ရှင်ရမှာပါပဲ။

အချစ်ဆိုတာ မရနိုင်ပါဘူး။

ကျွန်မကိုယ်တိုင်က ယောကျ်ားတွေအပေါ် အချစ်မရှိတာပါ။

ကိုခန့်သော်အပေါ် မှီစံစားရတယ်ဆိုပေမဲ့ ဘဝတွေအနစ်မွန်းစံဖို့အထိ မှီမဖိုက်မဲတတ်ပေ။

"သမီး ... "

"ရှင် မေမေ ... "

"မောင်သီဟက ဘာပြောသွားလဲ ... သမီးတို့သဘောတူညီမှုရမှ မေမေနဲ့ မောင်သီဟမေမေတို့ လူကြီးချင်းဆွေးနွေးကြမယ်လေ ... "

"မေမေ ... "

"ပြောလေ ... မို"

"ကိုသီဟက သမီးဆီက အချစ်တွေကို တောင်းဆိုနေတာ မတရားဘူးထင်ပါတယ် ... "

"မို ... "

"သူ ... မို့ခင်ပွန်းဖြစ်သွားရင်တော့ မိုရဲ့သံယောဇဉ်တွေကို သူရမှာပါ ... "

"မိုကရော ... မောင်ခန့်သော်ကို ချစ်နေဆဲပဲလား ... "

"မဟုတ်ပါဘူး မေမေ ... သမီး ဒီလောက်အထိ မမိုက်မဲပါဘူး ... ကိုခန့်သော်နဲ့ သမီး ဒီလောက်အထိ မရင်းနှီးပါဘူး"

ကိုသီဟအားခန့်ညားတည်ကြည်တဲ့လူတစ်ယောက်အဖြစ် မိုထင်မှတ်မိသည်။

အခုတော့ ...

သူက ကိုခန့်သော်နဲ့ မို့ကို ချစ်နေကြတယ်ဟု ထင်မြင်ယူဆနေတာလား။

အိမ်ထောင်တစ်ခုမှာ အဲဒီလိုမျိုး သံသယတွေမရှိသင့်ပါဘူး။



"မေမေ ... "

"ပြောလေ မို ... "

"ဘယ်အရာမဆို ... ဆန္ဒမပြင်းပြပါနဲ့လို့ မိုပြောချင်ပါတယ်"

"မို ဘာကိုဆိုလိုချင်လည်းဆိုတာ မေမေသိပါတယ် မိုရယ်"

ခင်နဲ့ မို ချိန်းထားသည်။

အလုပ်နားရက်ဖြစ်၍ သူငယ်ချင်းနှစ်ယောက် လျှောက်လည်ကြဖို့ပဲဖြစ်၏။

မေမေ မီးဖိုခန်းထဲဝင်သွားတော့သည်။

"မို့အတွက် ဟင်းတွေ မစီစဉ်နဲ့နော် မေမေ ... ခင်နဲ့ ချိန်းထားတယ် ... အပြင်မှာ ခင် ကျွေးမှာ ... "

"အေးအေး ... "

မိုအပြင်ထွက်ဖို့အတွက် ပြင်ဆင်နေသည်။

"တီ ... တီ ... "

"တီ ... "

"ဟင် ... "

ကိုခန့်သော်ပဲ။

အလုပ်တာဝန်မရှိတဲ့အချိန်တွေမှာ သူနှင့်စကားမပြောတာ ကောင်းပါတယ်။

မို ...

ကိုသီဟအပေါ် သစ္စာရှိရတော့မယ်။

"တီ ... တီ ... "

Scanned by CamScanner

"တိ ... "

မို ဖုန်းကို ပိတ်ထားလိုက်သည်။

ပြင်ဆင်ပြီး ကားဂိတ်သို့ မိုထွက်လာခဲ့မိ၏။

"ဟင် ... "

ကိုခန့်သော် ... ။

"မို ... "

"ဟို ... ဟို ... ကျွန်မ ... "

"အလုပ်တာဝန်မရှိဘဲ မို ကိုယ့်ကိုမတွေ့ချင်လို့ ... ဖုန်းပိတ်ထားတာ မဟုတ်လား မို ... "

"ကျွန်မ လက်ထပ်ရတော့မယ် ... အလုပ်တာဝန်မရှိဘဲ တခြားယောကျ်ားတစ်ယောက်နဲ့ မတွေ့ဆုံသင့်တော့ဘူးလို့ ထင်ပါတယ် ... "

"မို အချစ်မရှိဘဲ လူတစ်ယောက်ကို လက်ထပ်လိုက်မှာလား ... "

မို့ကို လက်လွှတ်ဆုံးရှုံးမှာလည်း ခန့်သော်မလိုလား မိပေ။

သူ ...

ဆုံးဖြတ်လိုက်သည်။

မို့ကို လက်ထပ်မယ်။

"မို ... "

"ရှင် ... "



"ကားပေါ်တက်ပါ ... "

"ကျွန်မ ခင်နဲ့ ချိန်းထားပါတယ် ... "

"ခင့်ကို ကိုယ်သွားခိုင်းလိုက်ပြီ ... "

"ရှင် ... "

"ကိုယ် မို့ကို ပြောစရာစကားတွေ ရှိလို့လာတာပါ ... "

"ဘယ်လိုဖြစ်ဖြစ် ... ကိုခန့်သော်နဲ့ မို နှစ်ယောက်တည်း အလုပ်ချိန်ပြင်ပမှာ တွေ့ဖို့ မဖြစ်တော့ပါဘူး ... "

"မို ... "

"မနက်ကပဲ ကိုသီဟနဲ့လက်ထပ်ဖို့ မိုသဘောတူလိုက်ပါပြီ"

"ဟင် ... "

"ပြောင်းလဲလို့မဖြစ်တော့ပါဘူး ကိုခန့်သော် ... ကိုသီဟအပေါ် မိုနားလည်မှုရှိဖို့ ... သစ္စာရှိဖို့ပဲ လိုလားပါတယ် ... မို ကိုသီဟရဲ့ဇနီးကောင်းတစ်ယောက်ဖြစ်ဖို့ အစွမ်းကုန်ကြိုးစားရပါတော့မယ် ... "

မိုပြတ်သားစွာဖြင့် ပြောပစ်လိုက်မိသည်။

ကိုခန့်သော်က မပြတ်သားခဲ့တာဘဲ မဟုတ်လား။

မိုနဲ့ လက်ထပ်ဖို့ ရှင်သတ္တိမရှိတာပါပဲ။

"ကိုယ်သတ္တိမရှိခဲ့တာပါ ... မို ကိုယ်အရမ်းနောင်တရနေမိတယ် ... တကယ်တမ်း မို့ကို လက်လွှတ်ဆုံးရှုံးရမယ်ဆိုတော့ ... ကိုယ်အရမ်းတုန်လှုပ်မိတယ် ... "

"မိုသွားတော့မယ် ... "

"နေဦး မို ... "

"ပြောနေလို့ရော ဘာအကြောင်းထူးမှာလဲ ကိုခန့်သော်"

"ကိုယ့်ရင်ထဲမှာရှိတာတွေ ... ကိုယ်ပြောပါရစေ ... မို နားထောင်ပေးပါ ... "

မို နားမထောင်လိုတော့ပေ။

ကိုသီဟနဲ့ ပတ်သက်တဲ့ကိစ္စတွေပဲ မိုစိတ်ဝင်စားသင့်ပါတယ်။

မိုထွက်သွားဖို့ ပြင်လိုက်သည်။

"ကိုယ် ဒီဌာနကိုပြောင်းပြီး ကိုယ်လိုက်တာ မို့ကြောင့်ပဲ"

"ရှင် ... "

"မို့ကို စတွေ့တွေ့ချင်း ... ကိုယ်နှစ်သက်မြတ်နိုးသွားရတာပါ ... "

"ကျွန်မကို မေ့ပစ်လိုက်ပါ ကိုခန့်သော် ... မဖြစ်နိုင်ပါဘူး မို လက်ထပ်ဖို့ ကိုသီဟကို ပြောလိုက်ပြီ ... ဒါ ကလေးကစားစရာမဟုတ်ဘူးလို့ ထင်ပါတယ် ... "

မိုဆက်ပြီး မပြောချင်တော့သဖြင့် ထွက်လာခဲ့မိသည်။

မဖြစ်နိုင်တော့ပါဘူး။

နောက်ကျသွားပြီပဲ။

ခင့်ကိုရှာဖို့အတွက် မို ဘယ်သွားရမှန်းမသိဖြစ်နေသည်။



"တီ ... တီ ... "

"တီ ... "

ဖုန်းသံမြည်လာ၍ မိုဖွင့်နားထောင်လိုက်တော့ ခင်ဖြစ်နေသည်။

"အမယ်လေး ခင်ရယ် ... ရှင့်ကို ဘယ်လိုရှာရမှန်းမသိလို့ စိတ်ညစ်နေတယ် ... "

"ရှင့်အဆက်ကြီးသွားပြီ မဟုတ်လား ... ကျုပ်အဝေးကြီးမှာ မဟုတ်ပါဘူး ... ရှင်နဲ့ မလှမ်းမကမ်းမှာလေ ... "

"ဟင် ... "

မိုလှောက်ကြည့်လိုက်တော့ ခပ်လှမ်းလှမ်းက ဖုန်းဆိုင်လေးမှာ ...

ခင်လျှောက်လာသည်။

"ရှင့်ကို ဘယ်မှာရှာရမှန်းမသိအောင် ဖြစ်နေတာ ခင် ... "

"မိုတို့ အခြေအနေကို စောင့်ကြည့်နေတာပဲ ... "

ခင့်ကိုတွေ့လိုက်၍ မိုအားတက်သွားသလို ဖြစ်သွားရသည်။

"မို ... "

"ခင် ... "

"ရှင့်အခြေအနေက ... "

"ကိုခန့်သော်က နောက်ကျသွားပြီပဲ ခင်ရယ် ... "

"ကောင်းပါတယ် ... မမိတဲ့ပန်းကို တုံးခုပြီးမလှမ်းတာ

Scanned by CamScanner

အကောင်းဆုံးပါပဲ ... မို"

ပမိတဲ့ ပန်းတဲ့။

ဟုတ်ပါတယ်လေ။

ရှင့်အခြေအနေက ဖြင့်မားလွန်းနေပါတယ် ကိုခန့်သော်။

မို့လို မိန်းကလေးမျိုးနဲ့ ရှင့်မိဘတွေကရော သဘောတူပါ့မလား။

"ကိုသီဟအပေါ်ပဲ သစ္စာရှိဖို့ ချစ်ခင်နိုင်ဖို့ ကြိုးစားရမယ် ခင်"

"လေးစားပါတယ် မို ... အဖြစ်သင့်ဆုံးပါပဲ ... "

ကိုခန့်သော် မိဘတွေက သဘောမတူလျှင် မိုမျက်နှာငယ်ရမှာကို ခင်မလိုလားမိပေ။

"ကိုသီဟကရော ... "

"သူ့ကို ချစ်နိုင်အောင် မိုကြိုးစားပါတဲ့ ... အချစ်နဲ့ပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ချင်တယ်တဲ့ ... "

"သူလေသံက ပြောင်းသွားတာပါလား မို ... "

"အင်း ... "

"ရှင် ဘာပြောလိုက်လဲ ... "

"ကိုယ် မိန်းမပဲ ... မတတ်နိုင်ဘူးလေ ... လက်ထပ်ဖို့ သဘောတူလိုက်ပြီပဲ ... မေမေ့ကို စိတ်သောကမရောက်စေချင်တော့ဘူး ... "

"မို စိတ်လျှော့ထားလိုက်ပြီပေါ့ ... "



"အင်း ... "

"မို ... "

"ဟင် ... "

"အချစ်ကို ဦးစားပေးပြီး အချစ်နဲ့ အိမ်ထောင်တစ်ခုကို တည်ဆောက်ချင်ပါတယ်လို့ ပြောလာတဲ့လူဆိုရင် ... ကြောက်စရာကောင်းတယ်ဟဲ့ ... "

"ဟင် ... ဘာဖြစ်လို့လဲ ခင် ... "

ခင့်ကို မိုနားမလည်နိုင်စွာဖြင့် ကြည့်မိနေသည်။

"ကိုကျော်ကျော်မောင်လေ ... အဲဒီလိုလူစားမျိုးပေါ့ ခင့်ထက် ချစ်ရမဲ့သူလည်းတွေ့ရော ... ငါနောက်တစ်ယောက် ပြောင်းသွားရော ... သူက အချစ်နဲ့ပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ချင်တာပဲကိုး ... "

လက်ထပ်ပြီးမှ မို့အပေါ် ဖောက်ပြန်မှာကို ... မို အကြောက်ဆုံးပင်။

ခင့်စကားတွေအတွက် မို အထိတ်တလန့်ဖြစ်ရသည်။

"မိုသဘောတူလိုက်ပြီ ခင် ... မကြာခင် မေမေစီစဉ်လိမ့်မယ် ... မတတ်နိုင်တော့ဘူးလေ မို့ကံပဲပေါ့ ... "

"မိုကတော့ ကံကောင်းမှာပါလေ ... မိုက အစွမ်းထက်မြက်တယ် ... ချောမောလှပတယ် ... ပညာတတ်တယ် ... "

Book Sharing

Scanned by CamScanner

ခင့်မျက်နှာလေးက အားငယ်စွာဖြင့် ညှိုးလျော်နေသည်။

ကိုကျော်ကျော်မောင် နောက်ထပ်တွဲလိုက်တဲ့ ကောင်မလေးလောက် ခင်က မချောပေ။

မိုကရော ...

သူ့ကို ချစ်လို့ရပ့ါမလား။

နှလုံးသားနဲ့ ရွေးချယ်ရင်တော့ ကိုခန့်သော်ကိုပဲ မို ရွေးချယ်မှာပါ။

ရှင်က မို့အတွက် လက်လှမ်းမမီနိုင်တဲ့ ပန်းတစ်ပွင့်ပါ ကိုခန့်သော် ... ။

အချစ်ဆိုတာကို မိုနားလည်နိုင်ဖို့ ကြိုးစားနေမိသည်။

သံယောဇဉ်ဆိုတာတော့ မိုခံစားလို့ရနိုင်မှာပါ ကိုသီဟ ...

အရေးကြီးတာက ...

ယောက်ျားတစ်ယောက်ဆီကနေ ကျွန်မအတောင့်တဆုံးက သစ္စာတရားပဲလေ။

"မို့ကို ကိုယ်ချစ်တယ် ... စာရေးမလေးအဖြစ် စတွေ့တည်းက မို့အပေါ် ကိုယ်စိတ်ဝင်စားမိတာပါ ... "

အရာအားလုံးကို မေ့ပစ်လိုက်ဖို့ မိုဆုံးဖြတ်ထားမိသည်။



မိုလက်ထပ်ရမဲ့ ခင်ပွန်းလောင်းအပေါ်မှာပဲ မိုသစ္စာထားသင့်သည်ဟု ထင်မိ၏။

သူပေးထားတဲ့ ဟမ်းဖုန်းလေးကို မိုပြန်ပေးရမည်ဖြစ်သည်။

Scanned by CamScanner

## အခန်း [ ၂၄ ]

သီဟာ့စိတ်တွေ လုံးဝပြောင်းလဲသွားတာကို ကိုယ်တိုင်ပင် မယုံကြည်နိုင်အောင်ဖြစ်ရသည်။

အချစ်ဆိုတာကို သီဟသေချာအောင် စဉ်းစားနေမိ၏။ သူ့ကို မှီမချစ်ပါဘူး။

မှီချစ်မြတ်နိုးနေတာက ကိုခန့်သော်ဆိုတဲ့ ယောကျ်ားတစ်ယောက်ပဲ။

အချစ်မပါတဲ့ အိမ်ထောင်တစ်ခုကို သူတည်ဆောက်ဖို့ ဝန်လေးနေမိသည်။

သူဇာ ...

သူ့အပေါ် နားလည်မှုပေးနိုင်ပြီး ချစ်ခြင်းမေတ္တာကြီးမားစွာ တွယ်ငြိနေတဲ့ မိန်းကလေးတစ်ယောက်ပဲဖြစ်သည်။



သီဟ တွေဝေနေမိ၏။

"ကိုသီဟ ... "

"ဟင် ... သူဇာ ... "

"ရှင်လက်ထပ်တော့မယ်နော် ... "

"သူဇာ ... "

"ရှင် ... "

"ကိုယ်က ကိုယ့်ကိုသိပ်ပြီးချစ်မြတ်နိုးတဲ့ မိန်းကလေးတစ်ယောက်ကိုပဲ ... လက်ထပ်ချင်တာပါ ... "

"ခင်စံမှီက ... "

"ကိုယ့်ကို မချစ်ပါဘူး ... "

"ဟင် ... "

"ကိုယ့်ဘဝတစ်သက်တာကိစ္စဖြစ်နေလို့ စဉ်းစားနေတာပါ သူဇာ ... "

သူနှင့် သူဇာက အနေအထိုင်ခင်မင်ရင်းနှီးမှုရှိကြသည်။

မှီနှင့်က မရင်းနှီးပေ။

သီဟ နှလုံးသားတွေထဲမှာ မှီရှိနေပေမဲ့ မှီ့နှလုံးသားထဲမှာ သူက မရှိနိုင်ပေ။

ကိုယ်တွေဝေနေပြီ။

ဘဝတစ်သက်တာလုံးကိစ္စဖြစ်နေလို့ ကိုယ်အသေအချာစဉ်းစားနေတာပါ မှီ။

ပြီးတော့ ...

သုဇာရဲ့အယုအယအကြင်နာတွေကြားမှာ ကိုယ်သာယာနေမိပြီ။

ကိုယ့်စိတ်တွေကို ပျော်ရွှင်ကြည်နူးအောင် လုပ်ဆောင်ပေးနိုင်တာက သုဇာပဲ။

"သုဇာ ... "

"ရှင် ... "

"ကိုယ် မှီ့ကိုလက်မထပ်တော့ဘူး ... "

"ရှင် ... "

"သုဇာ့ကိုလက်ထပ်ပါရစေလို့ တောင်းဆိုမယ်ဆိုရင်ရော"

"ဟင် ... "

သုဇာ အံ့ဩတုန်လှုပ်စွာဖြင့် ကိုသီဟအား ကြည့်မိသည်။

"ရှင်တကယ်ပြောနေတာလား ကိုသီဟ ... "

"တကယ်ပါ သုဇာ ... မှီက ကိုယ့်ကိုမချစ်ပါဘူး ... ကိုယ့်ဆန္ဒတွေအပေါ် မှီလိုက်ပြီးဖြည့်ဆွမ်းခံစားပေးနိုင်မှာလည်း မဟုတ်ပါဘူး သုဇာ ... "

"ကိုသီဟရယ် ... "

သုဇာက ဟန့်မဆောင်နိုင်စွာဖြင့် ကိုသီဟရင်ခွင်ထဲ နိုဝင်မှီတွယ်ထားမိလိုက်သည်။

"သုဇာအမွှေ်းလင့်ဆုံး စကားတွေ ရှင့်ဆီက ကြားရတာပါ



ပဲ ... ကျွန်မ ရှင့်ကိုချစ်တယ် ... မြတ်နိုးတယ် ... အရမ်းချစ်ပါတယ် ... "

သုဇာသည် သူ့အပေါ် အမြဲတမ်းချစ်ခင်မြတ်နိုးစွာပြုစုပေးတတ်သော မိန်းကလေးဖြစ်သည်။

ကိုယ်သစ္စာမဲ့တာ မဟုတ်ဘူး မှီ။

ဖောက်ပြန်တာမျိုးလည်း လုံးဝမဟုတ်ပါဘူး ရွေးချယ်တာပါ။

မှီ့မေမေ အန်တီဒေါ်လေးမှီကို မပြောတော့ဘဲ မှီ့ကိုပဲ တိုက်ရိုက်ပြောလိုက်သည်။

တည်ငြိမ်ရင့်ကျက်သော မှီသည် နည်းနည်းတော့တုန်လှုပ်သွားခဲ့ရ၏။

သုဇာဆိုတဲ့ မိန်းကလေးကိုပဲ သူရွေးချယ်လိုက်ပြီဟု ကိုသီဟက ပြောခဲ့သည်။

"အန်တီ့ကိုတော့ ကိုယ်အရမ်းအားနာတယ် မှီမပြောချင်တော့ဘူး ... မှီ ကိုယ့်ကိုပြောချင်သလို ပြောပါ ... စွပ်စွဲချင်သလို စွပ်စွဲပါ ... ကိုယ် သုဇာနဲ့ပဲ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ပါပြီ ... "

မှီ ဘာပြောရတော့မလဲ။

သုဇာကိုလည်း ကိုသီဟက တောင်းဆိုပြီးပြီတဲ့။

ယောကျ်ားတွေ အပြောင်းအလဲမြန်တဲ့ သဘောမျိုးလား။

ဒါမှ မဟုတ်။

မို့ဘက်က. လိုအပ်ချက်လား။

ကိုသိဟ ချစ်ခွင့်ပန်စဉ်က မို့ဉပေက္ခာပြုပြီး လုံးဝငြင်းဆန်မိသည်။

"အန်တီကိုတော့ မိုပဲပြောလိုက်ပါနော် ... ကိုယ် ဒီနေ့ပဲ အဆောင်မှာ ပြောင်းနေတော့မယ် ... "

မို မတားမိ။

ကိုသိဟ ရွေးချယ်တာ မို့မှာ တားဆီးပိုင်ခွင့်မရှိပေ။

အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေယူပြီး ထွက်သွားသည်။

မေမေ မရှိပေ။

သမီးနှင့် ပတ်သက်ပြီး မေမေက ကိုသိဟအပေါ် အများကြီး မျှော်လင့်ထားခဲ့တာပဲဖြစ်သည်။

မေမေ့ကို ဘယ်လိုပြောရမလဲ။

တော်သေးတာပေါ့။

သူမနှင့်လက်ထပ်ပြီးမှကိုသိဟ တခြားတစ်ယောက်နှင့် ဖောက်ပြန်လျှင် မို့ဘဝပိုပြီး ထိခိုက်နစ်နာရပေတော့သည်။

ယောကျ်ားတွေ သစ္စာမရှိဘူး။

မယုံရဘူး။

မေမေရောက်လာတော့ မိုအကျိုးအကြောင်းရှင်းပြလိုက်မိသည်။



"ဟင် ... ဘယ်လိုဖြစ်ရတာလဲ သမီးရယ် ... တော်သေးတာ ပေါ့ တရားဝင် ဘာတစ်ခုမှ မစီစဉ်ရသေးလို့ဘဲ ... "

မေမေကတော့ မို့ကို ဘာမှအပြစ်မပြောဘဲ ကံတရားပဲလေဟုသာ ပြောသည်။

"မို့ကို မေမေယုံပါတယ် ... မောင်သိဟက ရွေးချယ်လိုက်တော့လည်း မေမေတို့ ဘယ်တတ်နိုင်ပါ့မလဲ ... "

ရုံးရောက်တော့ခင့်ကိုပြောပြတော့လည်းကံတရားပဲလေတဲ့။

"ယောကျ်ားတွေက နီးစပ်ရာကို သံယောဇဉ်တွယ်တတ်ကြတယ် ... သစ္စာမဲ့ချင်ကြတာပဲ ခင် ... "

"ဒါကတော့ မိုရယ် ... ကိုသိဟနဲ့ မင်းက တရားဝင်ချစ်သူတွေမှ မဖြစ်ကြသေးတာဘဲ ... "

"ဘာပဲဖြစ်ဖြစ်ကွာ ... သူသစ္စာမဲ့တာပဲ ... မိုကတော့လေ ယောကျ်ားတွေအပေါ် လုံးဝအထင်မကြီးဘူး ... ယုံလည်း မယုံတော့ဘူး ခင် ... "

ပြောပြီး မိုတာဝန်ရှိတဲ့ အခန်းထဲသို့ လာခဲ့မိသည်။

ကိုစန့်သော် မရောက်သေးပေ။

မို အလုပ်ကထွက်မယ်လို့ ပြောထားပြီးသားဖြစ်နေသည်။ ဟမ်းဖုန်းကိုလည်း ပြန်ပေးရမယ်။

"ကိုယ် မို့ကိုချစ်တယ် ... မို့နဲ့ စတွေ့ကတည်းက စွဲလမ်း

Scanned by CamScanner

မြတ်နိုးစွာ ချစ်ခဲ့ရတာပါ ... "

ကိုခန့်သော်စကားတွေကို မိုပြန်ကြားယောင်လာမိသဖြင့် ခေါင်းကို ခါယမ်းပစ်မိသည်။

"မို ... "

"ဟင် ... "

"တစ်ယောက်တည်း ဘာတွေမကျေနပ်လို့ ခေါင်းခါယမ်းနေရတာလဲ ... "

"ဟင် ... ကိုခန့်သော် ... "

မို ရုက်ရမ်းရမ်းပြီး မျက်နှာထားတင်းတင်းလေးနှင့် ကြည့်မိသည်။

ကိုခန့်သော်ရဲ့မျက်ဝန်းတွေက ကျေနပ်စွာ ပြုံးနေ၏။ ဘာတွေ ပီတိဖြစ်လာရတာလဲ။

ရှင့်ကို ကျွန်မ အထင်ကြီးမယ်မထင်နဲ့။

ယောကျ်ားတွေကို ကျွန်မလုံးဝမယုံကြည်တော့ဘူး နော်။

"မို ... "

"ရှင် ... "

"ကိုသီဟက သူခဲဆိုတဲ့ မိန်းကလေးကိုပဲ လက်ထပ်ဖို့ ရွေးချယ်လိုက်ပြီဆို ... "

"ဟင် ... ရှင့်ကို ဘယ်သူပြောလဲ ... "

"ကိုသီဟပဲ ပြောတာပါ ... တကယ်တော့ မိုချစ်တာက



ကိုခန့်သော်ကိုပါတဲ့ ... "

"ဟင်... မဟုတ်တာဘဲ ... သူ ဘာတွေလျှောက်ပြောလိုက်တာလဲ ... ကျွန်မ ရှင့်ကို မချစ်ပါဘူး ... ကျွန်မ ယောကျ်ားတွေအပေါ် ချစ်လည်း မချစ်ဘူး ... ယုံလည်း မယုံကြည်ပါဘူး ... "

"မို ... "

"ဟင့် ... "

"ကိုယ့်မေမေက မို့ကို ချွေးမအဖြစ် သဘောတူလက်ခံလိုက်တယ်လေ ... သားအိမ်ထောင်ဘက်ကို သားရွေးချယ်တာမှန်တယ်တဲ့ ... မေမေတို့ လက်ခံပါတယ်တဲ့ ... "

"ဟင် ... "

"ကိုသီဟပြောသလိုပဲ ... အိမ်ထောင်တစ်ခုကို အချစ်နဲ့ပဲ တည်ဆောက်ချင်တယ် ... အခုဆို မို့ကို ကိုယ်ကလည်း ချစ်တယ် ... ကိုယ့်ကိုလည်း မိုက ချစ်နေတယ်လေ ... ဘယ်လောက် ပျော်ရွှင်ချမ်းမြေ့စရာကောင်းလဲလို့နော် မို"

"ဟို ... မို ရှင့်ကို ... "

မို ဘာဆက်ပြောရမှန်း မသိခင်မှာပင် မို့ကိုယ်လုံးလေးက သူ့ရင်ခွင်ထဲသို့ ရောက်သွားရသည်။

"ကိုယ်မတွေဝေတော့ဘူး ... ဘာမှ စဉ်းစားစရာလည်း မလိုတော့ဘူး ... ကိုယ်အပြတ်သားဆုံး ဆုံးဖြတ်လိုက်တာက မို့ကိုလက်ထပ်မယ်ဆိုတာပဲလေ ... "

Scanned by CamScanner

မို ...

ငြိမ်သက်သွားသည်။

ယောကျ်ားတွေကို မယုံကြည်တဲ့ မိုသည် ကိုခန့်သော်ကိုကျတော့ ယုံကြည်လေးစားနေမိပြန်၏။

မို လွန်နေပြီလား။

နှုတ်ခမ်းလေးတွေက ကျေနပ်စွာ ပြုံးမိနေသည်။

အားလုံးကိုချစ်ခင်လေးစားစွာနဲ့
ကောင်းရာသယ်ကမ္ဘာကျေးဇူးတင်လျက်ပါပဲလို့

မိကိုရုံးဇင်

Book Sharing
Scanned by CamScanner